
http://www.cherrythitsar.org



## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

တပ်မတော်ဖြိုခွဲသူ ဒို့ရန်သူ
တပ်မတော်ဖြိုခွဲမည့်အကြံ ဒို့လက်မခံ။

ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်။
စည်းကမ်းလိုက်နာ ဘေးကင်းကွာ။

ရပ်ရွာအေးချမ်းသာယာရေး
ဝိုင်းဝန်းကူညီ စောင့်ထိန်းပေး။

စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်။

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုတိုင်းရင်းသား အားလုံး၏ ပဓာနကျသော တာဝန် ဖြစ်သည်။

## ပြည်သူ့သဘောထား


ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

http://www.cherrythitsar.org


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | ♦ | ၂၄/ ၉၆(၉) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ♦ | ၁၁/၉၇(၆) |
| ပထမအကြိမ် | ♦ | ၁၉၉၇၊ ဇူလိုင်လ |
| အုပ်ရေ | ♦ | ၅၀၀ |
| တန်ဖိုး | ♦ | ၉၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | ♦ | စိုးဝင်းငြိမ်း |
| ထုတ်ဝေသူ | ♦ | ဦးရဲမြင့် (တက်လမ်းစာပေ)<br>၉၆၇၊ ပဒေသာရပ်၊ အင်းစိန်။ |
| ပုံနှိပ်သူ | ♦ | တောက်တောက်ဝင်း ပုံနှိပ်တိုက်<br>၁၆၉/က၊ ၃၃လမ်း၊<br>ကျောက်တံတားမြို့နယ်<br>ရန်ကုန်။ |
| မျက်နှာဖုံးပုံနှိပ် | ♦ | ဦးမြသိန်း<br>သိန်းမြင့်ဝင်းအော့ဖ်ဆက်<br>အမှတ် ၉၆၊ ၁၁ လမ်း<br>လမ်းမတော်မြို့နယ်၊ ရန်ကုန်။ |

http://www.cherrythitsar.org

မြန်မာ့ဓနစာအုပ်အမှတ်(၂)



ကိုယ့်ထီးကိုယ့်နန်းနှင့် နေခဲ့ကြသော ရတနာပုံခေတ်မှ ဒင်္ဂါးနှင့်
ကလောင်သည် မြန်မာ့ဓနစာအုပ်များကို ကိုယ်စားပြုသည်။
ရိုးရိုးသားသား ဥစ္စာဓန ရှာဖွေနေကြသည့် မြန်မာပြည်က
လူတွေအတွက်ဆိုသည့် မြန်မာ့ဓနမှုကိုလည်း ကိုယ်စားပြုသည်။

# မောင်ခိုင်မာ

# ရှင်မဖြေရ...

ကဗျာရှည်[၁၆]ပုဒ် စုစည်းမှု

http://www.cherrythitsar.org

http://www.cherrythitsar.org



## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အယ်ဒီတာချုပ် အမှာစကား | |
| | အခုတော့ ရှင်မရေ (မောင်ခိုင်မာ) | |
| | မှတ်ချက် အပိုင်းအစများ | |
| ၁။ | ရွှေစည်းခုံခြေတော်ရင်းဆီက | ၁ |
| ၂။ | လက်ဖက်ရည်ဌက်များရဲ့ ညနေ | ၁၁ |
| ၃။ | အိမ် | ၂၃ |
| ၄။ | အိုးပုတ်ရင်းမိုးချုပ်သွားသူများ | ၃၉ |
| ၅။ | ဈေးကွက်ထဲကလူ လူထဲကဈေးကွက် | ၅၅ |
| ၆။ | မှန်အကြောင်း လူအကြောင်း | ၇၁ |
| ၇။ | ဝသန္တအက်ဆေး | ၈၉ |
| ၈။ | ရွှေဘုံသာနိဒါန်း | ၁၀၇ |
| ၉။ | လျှပ်တစ်ပြက် မန္တလာ | ၁၂၅ |
| ၁၀။ | ဘန်ကောက်အိပ်မက် | ၁၄၃ |
| ၁၁။ | ရှင်မွေ့နွန်းကို ပြောလိုက်ပါ | ၁၆၁ |
| ၁၂။ | ဇင်္ဂလန့် ရှင်မအကြောင်း | ၁၈၁ |
| ၁၃။ | က ကာ ကား | ၁၉၇ |
| ၁၄။ | သတင်းကမ္ဘာ ထမင်းဆာသူ | ၂၁၃ |
| ၁၅။ | ဆန်တစ်ပြည်နဲ့ ပန်းချီတစ်ကား | ၂၃၁ |
| ၁၆။ | ဩဂုတ်လမိုးကောင်းကင်အောက်မှာ ၁၉၄၄ | ၂၄၉ |

http://www.cherrythitsar.org

http://www.cherrythitsar.org



## ရှင်မအကြောင်း တစေ့တစောင်း–

ကျွန်တော် ကဗျာဆရာ မဟုတ်သဖြင့် ကဗျာအတွက် အမှာစာ ရေးရန်မှာလည်း ကျွန်တော့်အလုပ် မဟုတ်ဟု ယူဆထားပါသည်။ "ရှင်မ" ကဗျာများကို စုစည်း၍ စာအုပ်အဖြစ် ထုတ်ဝေကြမည်ဟု ဆုံးဖြတ်ကြသောအခါတွင်မူ အမှာစာ ရေးသားပေးရန်တာဝန်မှာ ကျွန်တော့်ခေါင်းပေါ်သို့ ကျလာပါတော့သည်။ ကျွန်တော်တာဝန်ယူရသောမဂ္ဂဇင်းတွင် လစဉ်လဆက် ရေးသားပါဝင်ခဲ့သော ကဗျာများ ဖြစ်သည်က တစ်ကြောင်း၊ ဤကဗျာများ ဖြစ်ပေါ်လာခြင်းတွင် ကျွန်တော်တစ်စိတ်တစ်ကဏ္ဍ ပါဝင်ခဲ့သည်က တစ်ကြောင်းတို့ကြောင့် ဖြစ်မည်ဟုမှတ်ယူကာ အမှာစကား ရေးသားပေးရန် ကတိပြုလိုက်ပါသည်။

စီးပွားရေး မဂ္ဂဇင်းတို့ ပေါ်ဦးစ ၁၉၈၉ခုနှစ်ခန့်က ဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော် တာဝန်ယူရသည်မှာ မြန်မာ့ခနစီးပွားရေးမဂ္ဂဇင်း မဟုတ်သေးဘဲ ခနစီးပွားရေး မဂ္ဂဇင်း ဖြစ်ပါသည်။ ထိုမဂ္ဂဇင်းတွင် ဖိုတိုအက်ဆေးခေါ် အကြောင်းအရာ တစ်ခုကို ဓာတ်ပုံတို့ဖြင့် အဓိကအားပြု သရုပ်ဖော်သည့် ကဏ္ဍတစ်ခု ပါဝင်ပါသည်။ ဓာတ်ပုံများများ စာနည်းနည်း ဖြစ်သော ယင်းကဏ္ဍအတွက် ကဗျာမဟုတ် စာမဟုတ် ပုံစာတိုနံ့နံ့ကလေးများကို ကျွန်တော်ရေးပေးရလေ့ ရှိပါသည်။ မဖြစ်စလောက် စာလေးများဖြင့် အကြောင်းအရာအားကောင်းလှသော ဓာတ်ပုံများကို အဆက်အစပ်ရှိရုံ ပံ့ပိုးပေးခြင်းသာ ဖြစ်ပါသည်။ အကြောင်းအရာ မရေရာလှဘဲ ခနစီးပွားရေးမဂ္ဂဇင်း ရပ်နားလိုက်ချိန်တွင် မြန်မာ့ခနစီးပွားရေး မဂ္ဂဇင်းကို ထုတ်ဝေရန် ဆုံးဖြတ်လိုက်ပါသည်။

လူမှုဘဝ ရုပ်ပုံလွှာတို့ကို ဓာတ်ပုံအားပြု ဖော်ပြလိုသည့် ဆန္ဒမှာ ကျွန်တော့ ခေါင်းထဲတွင် ဆက်လက် စွဲမြဲနေပါသည်။ တော်တော်နှင့်မူ အကောင်အထည် မဖော်ဖြစ်သေးပါ။ မြန်မာ့ခန

http://www.cherrythitsar.org



စီးပွားရေး မဂ္ဂဇင်းကို ၁၉၉၀ ဇွန်လမှစ၍ ထုတ်ဝေနိုင်ခဲ့သော်လည်း ကျွန်တော် လုပ်ချင်နေသော ဓာတ်ပုံအားပြု သရုပ်ဖော်မှုကိုမူ ၁၉၉၂ခုနှစ်ကျမှ စတင်နိုင်ပါတော့သည်။ ဆရာခိုင်နှင့်လည်း ရင်းနှီးကျွမ်းဝင်လာစ ဓာတ်ပုံ အရိုက်သန်လှသော ကိုမြင့်စိုးကလည်း မြန်မာ့ဓနတွင် အရှိန်ကောင်းနေခိုက် ၁၉၉၂ခုနှစ် နှစ်လယ်ခန့်တွင် **“ဓာတ်ပုံထဲက ကဗျာ”** ကို မွေးဖွားလိုက်ကြပါသည်။ မူရင်းစိတ်ကူးကမူ အကြောင်းတစ်ခုကို ရွေးကြမည်၊ ဓာတ်ပုံများ ရိုက်ကြမည်၊ ဆရာခိုင်က စိတ်ကူးကွန့်မြူး၍ ကဗျာအဖြစ် ဖန်တီးမည်ဟု ဖြစ်ပါသည်။ ထိုအတိုင်းလည်း စလုပ်ဖြစ်ခဲ့ကြပါသည်။ လိုအပ်သည့် အခါများတွင်လည်းကောင်း၊ ကြုံကြိုက်သည့် အခါများတွင်လည်းကောင်း ဆရာခိုင်နှင့် ကိုမြင့်စိုးတို့ ခရီးထွက်ကြသည်။ ထိုကာလမှစ၍ ယနေ့အထိ မြန်မာ့ဓနတွင် ဓာတ်ပုံထဲက ကဗျာမှာ တစ်လမပြတ် ပါဝင်လာခဲ့ပါတော့သည်။ အစပိုင်းတွင် အကြောင်းအရာနှင့် ဓာတ်ပုံတို့ကို ရပြီးမှ ဆရာခိုင်က ဖန်တီးမှု ပြုသော်လည်း နောက်ပိုင်းတွင် ကဗျာက ဓာတ်ပုံအပေါ် ပို၍ ပို၍ လွှမ်းမိုးလာပါတော့သည်။ ထိုကဏ္ဍမှာလည်း ဓာတ်ပုံနှင့် ကဗျာ တွဲထားသော ကဏ္ဍ တစ်ခုအဖြစ်ထက် ကဗျာက ပိုအားကောင်းလာသော ကဏ္ဍတစ်ခု ဖြစ်လာပါသည်။ မြန်မာ့ဓန ပရိသတ် နှစ်သက်စွဲလမ်းကြသော ကဏ္ဍတစ်ခုလည်း ဖြစ်လာပါသည်။ “ရှင်မရေ” ဟူသော ဆရာခိုင့်လက်စွဲ အသုံးအနှုန်းမှာ ပရိသတ်တို့နှင့် ရင်းနှီးသထက် ရင်းနှီးလာပါသည်။ တောင်းဆိုသူတွေ များသထက် များလာသဖြင့် စာအုပ်အဖြစ် စုစည်းတင်ဆက်ရန် ဆုံးဖြတ်လိုက်ကြပါသည်။ နှစ်သက်မြဲ နှစ်သက်ကြမည်ဟု ယူဆိုပါသည်။

သီဟစော
မြန်မာ့ဓန စီးပွားရေး မဂ္ဂဇင်း

http://www.cherrythitsar.org



## အခုတော့ … ရှင်မရေ …

၁၉၉၂ ခုနှစ် ဩဂုတ်လက စပြီး မြန်မာ့ခေ စီးပွားရေး မဂ္ဂဇင်းမှာ 'ဓာတ်ပုံထဲက ကဗျာ' ကဏ္ဍကို လစဉ် လဆက် ရေးဖွဲ့ဖြစ်ခဲ့ပါတယ်။ ပုဂံဘုရားများအကြောင်း၊ အိမ်အကြောင်း၊ ဈေးအကြောင်း၊ မုန့်အကြောင်း၊ ကားအကြောင်း၊ တံတားအကြောင်း၊ အိုးလုပ်ငန်းအကြောင်း၊ ရောက်ခဲ့ဖူးတဲ့ ပြည်တွင်း ခရီးစဉ် မြင်ကွင်း၊ မရောက်နိုင်သေးတဲ့ ပြည်ပဘန်ကောက်မြင်ကွင်း၊ ဆေးလောက၊ ငွေလောက၊ သတင်းစာလောက၊ ပန်းချီ လောက၊ ဂီတလောက၊ အချစ်လောကနဲ့ စစ်ပယောဂ … စတဲ့ ခေတ်ပြိုင် ကိစ္စ အထွေထွေ အပြားပြားကို ခံစား ရေးဖွဲ့လာခဲ့တာ ခုအထိ အရှိန်မတန့်သေး။ ခုဆိုရင် (ကဗျာရှည် လုံးချင်း ပြန်ထုတ်ဖို့ စုစည်း စီစဉ်ခဲ့တဲ့ ၁၉၉၆ ခုနှစ်၊ စက်တင်ဘာလအထိ) ပုဒ် ၅၀ တိတိ ရှိခဲ့ပြီ။

မြန်မာ့ခေ အယ်ဒီတာချုပ်က ကဗျာရှည်များ စုစည်းမှုလုပ်ငန်းအတွက် မီးစိမ်းပြလိုက်တော့ ပုံနှိပ်ဖော်ပြပြီးခဲ့သမျှ ပုဒ် ၅၀ ထဲက မိမိ စိတ်ကြိုက် ၁၆ ပုဒ်ကို ရွေးထုတ်စုစည်းပေးခဲ့ပါတယ်။

ကဗျာစာအုပ်ရဲ့ ခေါင်းစည်း(နာမည်) ကိစ္စကို စဉ်းစားလိုက်တော့ မိမိရဲ့ ကဗျာရှည် အများစုထဲက ပင်တိုင်ဇာတ်ဆောင် တစ်ယောက်ကို ကိုယ်စားပြုပြီး **'ရှင်မရေ ⁝⁝⁝'** လို့ ဆိုတဲ့ အမှတ်တံဆိပ် ခတ်နှိပ်လိုက်ပါတယ်။

တကယ်တော့ 'ရှင်မရေ …' ဆိုတဲ့ အသံဟာ အာလုပ်သံ (သို့မဟုတ်) အာလုပ်ဝါကျတစ်ခုလို့ ဆိုပါရစေ။ (အာလုပ် …) ဆိုတာ ပါဠိသက်ဝေါဟာရ အဘိဓာန်မှာ 'ရှေးရှုခေါ်ဆိုခြင်း'လို့ အနက်အဓိပ္ပါယ် ဖွင့်ဆိုထားပါတယ်။ ပုဂ္ဂိုလ် အနိမ့်အမြင့် အဆင့်အတန်းကို လိုက်ပြီး အာလုပ်သံ အမျိုးအမျိုး ရှိတယ်လို့လည်း ဆိုပြထားပါတယ်။

http://www.cherrythitsar.org



**ဘန္တေ – အရှင်ဘုရား...** ရိုသေလေးမြတ်စွာ ခေါ်ဆိုတဲ့ အာလုပ် ...။
**အာယသ္မာ – အရှင်** ... ချစ်ခင်သမှု အလေးပြုကာ (ရဟန်း အချင်းချင်း) ခေါ်တဲ့ အာလုပ် ...။
**အာဝုသော – ငါ့ရှင်** ... ရဟန်းအချင်းချင်း (ကြီးသူက ငယ်သူကို) ခေါ်ဆိုတဲ့ အာလုပ် ...။
**ဘော – အိုအချင်း** ... ပုဏ္ဏားတို့ရဲ့ ဇာတ်ခလေ့ အသုံး အာလုပ် ... ။
**ဘဏေ – အိုအချင်း** ... မင်းစိုးရာဇာတို့က လက်အောက် ငယ်သားကို ခေါ်ဆိုတဲ့ အာလုပ် ...။
**သမ္မ – အိုအဆွေ** ... အရွယ်တူ အဆင့်တူ သူငယ်ချင်းတို့ ခေါ်ကြတဲ့ အာလုပ် ...။
**မာရိသ – အချင်း** ... နတ်တို့ချင်း အသုံးပြုတဲ့ အာလုပ် ...။
**အမ္မ – အမိ** ... မိခင်ကို ခေါ်ဆိုတဲ့ အာလုပ်...။
**တာတ – အဖ** ... ဖခင်ကို ခေါ်ဆိုတဲ့ အာလုပ် ... ။
**သာမိ – အရှင်** ... ကျေးကျွန်က အရှင်ကို၊ မယားက လင်ကို ခေါ်ဆိုတဲ့ အာလုပ် ...။
**ဘဒ္ဒေ – ရှင်မ** ... လင်က မယားကို ခေါ်ဆိုတဲ့ အာလုပ် ... ။

အခု မိမိကဗျာစာအုပ်ရဲ့ အာလုပ်သံက ‘ရှင်မရေ ...’ တဲ့။ ‘ရှင်မ’ ဆိုတာ လင်ယောကျ်ားရဲ့ ကိုယ်ပွား အဖော်မွန်၊ သစ္စာ အရှိဆုံး ပါရမီဖြည့်ဘက်၊ မီးဖိုချောင်ဗေဒမှာ အကျွမ်းကျင်ဆုံး ပါရဂူ ...။ မီးဖိုချောင်ဗေဒရဲ့ ဂရဖ်မျဉ်းတွေဟာ နတ်မြင်းပျံမို့ မြူးကြွားကြွား ဖြစ်နေကြတဲ့ အခုလို ချိန်ခါသမယမှာ –

‘ရှင်မရေ ...’ လို့ ခေါ်သင့်ခေါ်အပ်တဲ့ အာလုပ်သံမှ တစ်ပါး အခြား စဉ်းစားစရာ မရှိတော့ပါ။

http://www.cherrythitsar.org



မြန်မာ့ခနစီးပွားရေး မဂ္ဂဇင်းထဲက 'ရှင်မ ...' ကဗျာရှည်များနဲ့ ပတ်သက်တဲ့ မှတ်ချက်များစွာကို နေရာတိုင်း၊ ထောင့်တိုင်းမှာ (အကောင်းအဆိုး အမျိုးမျိုး) ကြားနာမိခဲ့ပါရဲ့။ ဒါပေမယ့် ဒီစာအုပ်မှာတော့ ပုံနှိပ်စာလုံးနဲ့ တွေ့မိခဲ့သမျှ မှတ်ချက်မှတ်ရာတွေကိုသာ ရှာဖွေကူးယူ ဖော်ပြလိုက်ပါတယ်။ အဲဒီ့အတွက် သက်ဆိုင်ရာ မှတ်ချက်ရှင် ပုဂ္ဂိုလ်များကို အထူးပဲ ကျေးဇူးတင်ရပါတယ်။ မိမိအနေနဲ့ ထိမ်ချန်ထားလို့ မရတဲ့ အထူးဖော်ပြလိုမှု တစ်ခု ရှိပါသေးတယ်။ ကာလ၊ ဒေသ၊ အခြေအနေအရ လုပ်ငန်း တန်ဖိုးကြီးမားလှတဲ့ ...၊ ရွှေကြောရှာရတဲ့ အလုပ်ထက် ခက်ခဲပင်ပန်း ခလုတ်တံသင်း ထူပြွမ်းတဲ့ ... ၊ မြန်မာ့ခနေ မဂ္ဂဇင်းရဲ့ စေတနာစာမျက်နှာများပေါ်မှာ မိမိရဲ့ရှင်မကို လစဉ်လဆက် ရပ်တည်ရှင်သန်ခွင့်ပြုခဲ့ကြတဲ့ မုဒိတာကိစ္စပေါ့။ အဲဒီ့ မုဒိတာကိစ္စဟာ ... စီစဉ်သူ (ဒေါ်) စုငယ်နဲ့ အယ်ဒီတာချုပ် ဆရာ သီဟစော်တို့ရဲ့ အရေးတယူ ဖေးကူမှုများ –

မိမိကဗျာရှည်များအတွက် ကင်မရာမျက်စိဖြင့် ကွက်တိပုံ ဖော်ပေးကြတဲ့ မြန်မာ့ခနေ ဓာတ်ပုံအဖွဲ့ရဲ့ ထောက်ကူအားဖြည့်မှုများ၊

မိသားစုစိတ်ဓာတ်အပြည့်အဝဖြင့် ကူညီခဲ့ကြတဲ့ မြန်မာ့ခနေ ဝိုင်းတော်သားများရဲ့ အားပေးနွေးထွေးမှုများ –

သို့ကလို ဂရုဓမ္မပြုမှု၊ အားဖြည့်မှု၊ နွေးထွေးမှုများကြောင့်သာ ခုချိန်အထိ 'ရှင်မရေ ... 'အသံကလေးကို မှန်မှန်ပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ထိုအရေးပါမှုများနဲ့သာ ဝေးကွာမှုရှိခဲ့ပါက မိမိရဲ့ 'ရှင်မရေ' အာလုပ်သံဟာ ခရာတုတ်သံလောက်ပင် အရာထင်မည် မဟုတ်နိုင်ပါ။ အခုတော့ ... ရှင်မရေ ... ရှင်မရေ ... ရှင်မရေ ...။

မောင်ခိုင်မာ

http://www.cherrythitsar.org



ရှင်မအတွက် မှတ်ချက်အပိုင်းအစများ

## ကဗျာဆရာ မောင်ခိုင်မာရဲ့ စီးပွားရေးကဗျာရှည်များဂယက်

ကဗျာဆရာ မောင်ခိုင်မာတစ်ယောက်လဲပဲ စီးပွားရေးမဂ္ဂဇင်း တစ်စောင်ထဲမှာ ပင်တိုင်ကဗျာရှည်ရေးဖွဲ့လို့ နေဖြစ်ခဲ့ပါပြီ။ ဒီလို စီးပွားရေး မဂ္ဂဇင်းတစ်စောင်မှာ ပင်တိုင်ကဗျာရှည် (ပုံပြကဗျာ) ခေါ်မလားပါ ...) ရေးဖြစ်တာနဲ့ ပတ်သက်လို့ ဆရာမောင်ခိုင်မာနဲ့ တွေ့မေးရာမှာ ...

**မြတ်ခိုင်**
**စာရင်ပြင်၊ ရန်နံ့သစ်မဂ္ဂဇင်း၊**
**ဖေဖော်ဝါရီ၊ ၉၃ မှ ...**

❖

## သူ့အမြင် ...

လူတွေ စိတ်ဝင်စားကြလို့ မြန်မာ့နေမှာဆိုရင် သတင်းကဗျာရှည်တောင် ထည့်လာခဲ့တယ်။ မီးရထားလမ်းသစ်ဖွင့်ပွဲလိုဟာမျိုးကို ကဗျာဆရာက ကဗျာပုံစံနဲ့ သတင်းပေးတာမျိုးအထိ လုပ်လာတယ်။ (မြန်မာက ဒီကိစ္စမှာ ကမ္ဘာထက်ဦးတယ်ပြောလို့ ကြွေးကြော်လို့ရကောင်းရနိုင်စရာ ရှိပါတယ်)

**မောင်စွမ်းရည်**
**ရွှေဝတ်မှုန်မဂ္ဂဇင်း**
**ဇွန်လ၊ ၉၄ မှ...**

❖

http://www.cherrythitsar.org



**မဂ္ဂဇင်းရှုခင်း ...**

... ကဗျာရှည်သြဇာက အဲသလောက်ကြီးပါတယ်။ ကဗျာရှည်ရေးတဲ့နေရာမှာ မောင်ခိုင်မာက ရှေ့ကပြေးနေလေရဲ့။ ကဗျာရှည်ဆိုတာ ဇာတိ၊ ဇရာ၊ မရဏ ဆိုတဲ့ ဘဝဖြစ်စဉ်ပြ မဟုတ်တော့ဘူးဆိုတာ သဘောပေါက်လာကြပြီ ဖြစ်ကြောင်း ဝမ်းမြောက်ဖွယ်တွေ့ရပါတယ်။ ... ... ... နိုင်ငံရေးနဲ့ စီးပွားရေးမဂ္ဂဇင်းတစ်ချို့မှာတော့ ကဗျာလုံးဝမထည့်တော့ဘူး။ မြန်မာ့ဓနမှာတော့ ကဗျာရှည်ကို အထူးနေရာပေးထားလေရဲ့ ... ။

**မောင်စွမ်းရည်**

**အတွေးအမြင်စာစဉ်**

**ဩဂုတ်လ၊ ၉၄ မှ ...**

❖

**ကျွန်တော်လွမ်းသော ကဗျာဆရာများ**

မောင်ခိုင်မာကို ကဗျာဆရာစစ်စစ်ဟု ကျွန်တော်ယုံသည်။ လေးလေးစားစားခင်သည်။ ... မြန်မာ့ဓနမဂ္ဂဇင်းထဲက ကဗျာ မဟုတ်တဲ့ သူ၏ ခေတ်ပြအလင်္ကာတွေကို ကျွန်တော်အလွန် ကြိုက်သည်။

**သိန်းသန်းထွန်း**

**ကလျာမဂ္ဂဇင်း**

**ဇူလိုင်လ၊ ၉၄ မှ...**

❖

**စာဖတ်သူမှ မြန်မာ့ဓနသို့ ...**

မောင်ခိုင်မာရဲ့ 'ဈေးထဲမှာ အေးခဲသွားသူများ' လို့ အတွေးသစ်အမြင်သစ်နဲ့ တင်ပြထားတဲ့ ခေတ်ပုံထဲက ကဗျာကဏ္ဍကို အထူးပဲ ကျေနပ်နှစ်သက်ပါတယ်။

**စိုးလွင်**

**မြင်သာရပ်၊ မကွေး**

**မြန်မာ့ဓန၊ မတ်လ ၉၃၊ မှ ...**

http://www.cherrythitsar.org



ဓာတ်ပုံထဲက ကဗျာမှ 'အိုးဖုတ်ရင်း မိုးချုပ်သွားသူများ' ကို ရေးသားသည့် ကဗျာဆရာ မောင်ခိုင်မာ ... ၊ စာဖတ်ပရိသတ်အပေါ် စေတနာပြည့်ဝစွာဖြင့် အထက်ပါ ကဗျာကို ဖော်ပြပေးသော မြန်မာ့ဓန အယ်ဒီတာအဖွဲ့အစည်းကိုလည်း ကျေးဇူးတင်ပါသည်ခင်ဗျာ။

**'အလင်းသစ်စာပေလေ့လာရေး'**
**ပုသိမ်မြို့**
**မြန်မာ့ဓန၊ ဇူလမှ ၉၃ မှ...**

❖

မြန်မာ့ဓန မဂ္ဂဇင်းသည် လစဉ်ဦးစားပေး မှတ်မိသည့် မဂ္ဂဇင်းတစ်စောင် ဖြစ်ပါသည်။ မျက်နှာဖုံးဆောင်းပါး၊ ကမ္ဘာ့ဓာတ်ခုံနှင့် ဓာတ်ပုံထဲက ကဗျာကဏ္ဍများကို အထူးနှစ်သက်ပါသည်။

**မြလေးပွင့်**
**မြို့နယ်စာရင်းရုံး၊ ပေါက်ခေါင်း၊ ပဲခူးတိုင်း၊**
**မြန်မာ့ဓန၊ ဇူလိုင်လ ၉၃ မှ...**

❖

အမှတ်စဉ် (၄၆) ဓာတ်ပုံထဲက ကဗျာ (ဇင်္ဂလနဲ့ ရှင်မအကြောင်း) ဆရာမောင်ခိုင်မာ၏ ကလောင်ချက်၊ ဒီဇိုင်းဖွဲ့စည်းမှု၊ ဆရာတို့၏ အပေးအပယူညီမျှမှုကို ကျွန်တော်တို့အတွက် ရင်တွင်းမှာ နွေးသွားစေပါတယ်။

**ကိုခင်မောင်အေး (နဝရတ်လှိုင်)**
**လားရှိုးမြို့**
**မြန်မာ့ဓန၊ ဇူလိုင်လ၊ ၉၄ မှ...**

❖

http://www.cherrythitsar.org



## ရွှေစည်းခုံ ခြေတော်ရင်းဆီက ...

[ပုဂံမြို့ဟောင်းတွင် ကြည်ညိုစရာ၊ ကြည်နူးစရာ များပါပေသည်။ ကြည်ညိုစရာဆိုသည်မှာ သပ္ပာယ် လှသော ရှေးဟောင်းဘုရားစေတီများဖြစ်၍ ကြည်နူး စရာဆိုသည်မှာ နိုင်ငံသစ်တည်ခဲ့သော ရှေးခေတ်ပုဂံ သားတို့ဖြစ်သည်။ ကြည်ညိုစရာကို ဖူး၍ ကြည်နူး စရာကို တွေးရသည်မှာ ဖူး၍ တွေး၍ ကုန်နိုင်ပါ တော့မည်လားဟု ကျွန်တော်အောက်မေ့မိသည်။]

ဆရာဇော်ဂျီ

'ပုဂံမြို့ဟောင်းနှင့် ကျွန်တော်'

ကံ့ကော်မြိုင်စာတန်း (၁၉၆၅) မှ

http://www.cherrythitsar.org



ပုဂံပြည်ရဲ့
ဧရာဝတီမြစ်ကမ်းပါးမှာ
ခမ်းနားစွာ တည်နေပုံဟာ
ရွှေစည်းခုံ စေတီတဲ့လေ
ပြည်သူတို့ရဲ့ နှလုံးသား
နိုင်ငံတော်ရဲ့ ခွန်အား
ရှင်အရဟံရဲ့ သဒ္ဓါတရား
အနော်ရထာနဲ့ ကျန်စစ်သား
မင်းနှစ်ပါးရဲ့ စိတ်ဓာတ်
သည်ဘုရားမှာ အရိပ်ဟပ်နေတယ်
ဘုရားပရဝုဏ် ခြေတော်ရင်း
ပြကွင်းပြရုပ် မုခ်လေးမုခ်မှာ
ခြသေ့ရုပ် နှစ်ကောင်စီ အစောင့်ထား
မကြောက်တရားရဲ့ သင်္ကေတ
'ရဲလျှင် ထွက်ခဲ့ကြဟေ့' ...လို့
ကြွေ့ကြွေ့ဟုန်းဟုန်း
ကြုံးဝါးနေဟန်
ပုဂံရဲ့ အနုပညာ
ပုဂံရဲ့ ဗိသုကာ
ပုဂံရဲ့ ပန်းရန်ပုံအတတ်
ပုဂံရဲ့ကြံ့ခိုင်မြင့်မြတ်မှု
ဘယ်သူပြိုင်လို့ တုနိုင်မလဲ။

http://www.cherrythitsar.org



ပထမ မြန်မာနိုင်ငံတော်ကို
ဉာဏ်သစ်နဲ့ စည်းရုံး
လက်ရုံးနဲ့ တည်ဆောက်ခဲ့သူ
ပြည်သူကို အရေးထားပြီး
သွေးသားလို လေးစားခဲ့သူ
သည့်ဇမ္ဗူ တစ်လူ့ရှားပါဘိ
ယောကျ်ားကောင်း ပီသခဲ့သူ
ဝမ်းလည်းဝ, ဉာဏ်လည်းထက်တဲ့
ပုဂံရဲ့ အသက်သွေးခဲ
ပုဂံရဲ့ အသည်းနှလုံး ဖြစ်ခဲ့သူ
ပညာရှင်ကို ချစ်ခင်
အသစ်ထွင်သူကို ချီးမြှောက်
ဒုက္ခရောက်သူ ခပ်သိမ်းကို
ငြိမ်းချမ်း ရွှင်ပြုံးစေခဲ့သူ
နန်းစံသက် အနှစ်သုံးဆယ်မှာ
အလှူယ်နဲ့ အခက်
အဖျက်နဲ့ အပြု၊ အနုနဲ့ အကြမ်း
အလွမ်းနဲ့ အပျော်ကို
တွေးခေါ်ဆင်ခြင်
အမြော်အမြင် ကြီးခဲ့သူ
ပြည်သူပြုံးလျှင် သူ့အပြုံး
ပြည်သူရှုံးလျှင် သူ့အရှုံး
ပြည်သူ့အဆိုး သူ့အဆိုး
ပြည်သူ့အကျိုး သူ့အကျိုးလို့
ရိုးသားစွာ ယုံကြည်ခဲ့သူ
ရွှေစည်းခုံ စေတီ ဒါယကာ

http://www.cherrythitsar.org



ထေရဝါဒ သာသနာ့ ဒါယကာ
အိုဘယ့် ... အနော်ရထာ။

♦

'လှည်းဝင်ရိုးသံ တည်ည်'
ပုဂံဘုရားပေါင်း ... တဲ့
'ညိုးညိုးည်ည်'
ပုဂံဆော်သည့်မောင်း ...တဲ့
'ကိုးကိုးတန်'
ပုဂံအိမ်ခြေပေါင်း ...တဲ့
ရှေးဟောင်းပုဂံနယ်က
အလျှံပယ် ကြွယ်ဝစေတဲ့ ခေတ်ကို
ဈေးဆစ်စရာ မလို
သံသယ ဖြစ်စရာ မလို
ထီးလို မင်းလို ...
မင်းအို ချမ်းသာ ...
အာနန္ဒာနဲ့ ရွှေဂူကြီး
သိမ္မစည်းနဲ့ မနူဟာ
အပယ်ရတနာနဲ့ နဂါးရုံ
တောင်ပုံ လောကနာထနဲ့
ဆပဒ ပုထိုး ...
စိုးမင်းကြီး အုတ်ကျောင်းနဲ့ မင်္ဂလာစေတီ
တောင်ဂူနီ, မြောက်ဂူနီနဲ့
ဂူပြောက်ကြီး ...
ရွှေစည်းခုံနဲ့ သဗ္ဗညု
ဥပါလိသိမ်နဲ့ ငကျွဲနားတောင်း

http://www.cherrythitsar.org



နတ်လှောင်ကျောင်းနဲ့ ကန်တော့ ပလ္လင်
ကျောက်ဂူဥမင်နဲ့ ဖူးဘုရား
သုံးနယ်ခြား ဂူဘုရားနဲ့
ပထိုးသားများ ဂူ ...
သမ္ဗုလနဲ့ လောကနန္ဒာ
စူဠာမဏိနဲ့ ဓမ္မရံကြီး
ဝက်ကြီးအင်းနဲ့ မဟာဗောဓိ
တန့်ကြည့်တောင်နဲ့ ...
မြင်းကပါတစ်လျှောက်မှာ
သာသနာ့အရောင်တွေ တောက်ပခဲ့
မုဆိုးမတောင် ဘုရား တည်သတဲ့
ကြည်ညိုမှန်းဆ ဖူးမဝသေး။

♦

ပုပ္ပါးက အပြန်ခရီး
ဟောဒီ့ သရပါတံခါး အနီးမှာပေါ့
မုဆိုးအိုကြီး တစ်ယောက်ရဲ့
တင်လျှောက်ချက်အရ
ဧရာမ ကျွဲရိုင်းကြီးကို
ဖမ်းဆီး သုတ်သင်ဖို့ အရေး
လူစွမ်းကောင်း မရွေးတော့ပါဘူး
ကိုယ်တော်တိုင် အမြန်ပြေးလို့
ရန်ဘေးကာကွယ်ရမယ်
သို့နှယ် နောက်ကြောင်းပြန်
ရွှေနန်းတော်ကို မေ့ချန်

http://www.cherrythitsar.org



ဧရာဝတီကို ဆန်တက်
အောင်သာရွာဘက်ကို ခရီးနှင်
စီးတော်ဆင် 'သန်မြင်စွာ' ကို
ရန်သူရှာဖို့ ချွန်းဖွင့်
ဆည်းဆာရောင်နီ ကြင့်ကြင့်မှာ
ပင့်သက်တောင် မရှူရဲကြ
ကျွဲရိုင်းနဲ့ ရှင်ဘုရင်ရဲ့ တိုက်ပွဲ
အခုလို ယာခင်းပြင်ထဲမှာလေ
ကြေကွဲစရာ, ရင်နာစရာ
မမြင်ဝံ့စရာ, မရှုရက်စရာ
အနော်ရထာရဲ့ နိဂုံး
ပုဂံရဲ့ အကြီးမားဆုံး
ဆုံးရှုံးမှုကြီး တစ်ရပ်လေ
ပြည်သူတို့ ရင်ဘတ်စည်တီး ငိုကြ
အရှိအသေ အလေးအမြတ်ပြုကြ
သူ့လို ခေါင်းဆောင် ရှားပေစွ။

♦

ထီးတော်လဲပြီ စေတီအိုရယ် ...
တစ်ကိုယ်ငြိမ်သက် လှည်းအိမ်ပျက်လေးရယ် ...
ဝေးပြယ်ကျန်ရစ်
ဟို ဆယ့်တစ်ရာစုခေတ်က
အနိရုဒ္ဓ ဒေဝရဲ့ ဝိညာဉ်ကို
သိလျှင် ပြောကြပါလေ။

http://www.cherrythitsar.org



ထီးလှိုင်ရှင် ကျန်စစ်သားရဲ့
အာနန္ဒာ ဂူဘုရား
အလောင်းစည်သူ တည်ထားတဲ့
သဗ္ဗညု ဂူဘုရား
နရပတိစည်သူရဲ့ ကောင်းမှု
ကန်တော့ပလ္လင်ရဲ့ ရှုခင်း
အနှစ်တစ်ထောင် ချဉ်းပေမယ့်
ရင်တွင်းသန့်အေး၊ ဆွတ်ပျံ့မွှေးဆဲ
အဝေးကမှန်း၊ ဆွေးလျလွမ်းဆဲ
စိတ်ဝမ်းပီတိ၊ ဂွမ်းဆီထိဆဲ
သတိသံဝေ၊ ဉာဏ်နှင့်ဖြေဆဲ
ပဒေသရာဇ်၊ မာန်မယှစ်တဲ့
ပုဂံခေတ်က ...
ကျန်စစ်ရဲ့ သမိုင်း
ဘယ်သူနဲ့ တုနှိုင်းမလဲ
တိုင်းပြည်ရဲ့ ကျီထဲမှာ
ပြည့်ဝမ်းစာ ဆန်စပါး
အလျှံပယ် ထားရှိသူ
အမိရင်ခွင်က သားအသွင်
ပြည်သူကို သနားကြင်နာသူ
ညင်သာတဲ့ လက်ဝဲလက်ဖြင့်
ပြည်သူအတွက် အဝတ်ပုဆိုး
အဖိုးတန် အဆင်တန်ဆာ ပေးအပ်သူ
မြင့်မြတ်တဲ့ လက်ယာလက်ဖြင့်
ပြည်သူ့အတွက် ဆန်စပါး
စားသောက်ဖွယ်ရာများ စွန့်ကြဲသူ

http://www.cherrythitsar.org



မြဲမြဲတဲ့ ယုံကြည်မှုဖြင့်
မွန်–မြန်မာ စည်းရုံးရေး ပြုလုပ်သူ
စည်းစိမ်ဥစ္စာ မင်းအာဏာကို
အာသာရမ္မက် မဖြစ်
ပုဂံခေတ်ကို ဉာဏ်သစ်လောင်းခဲ့သူ
သမ္ဘူလရဲ့ ဘဝသခင်
ရာဇကုမာရ်ရဲ့ ဖခင်
ကျန်စစ်ဘုရင် အကြောင်းကို
ပြန်ပြောင်း အောက်မေ့
ဟိုရှေ့က, သစ်ပင်ကြီးအောက်မှာ
စက်ဘီးကိုယ်စီနဲ့
ကျောင်းချိန်အမီ လာကြတဲ့
ပုဂံသူ ဆရာမလေးတွေ
တွေးနေ ...ငေးနေ ...ဆွေးနေသယောင်။

♦

ညောင်ဦးမှာ ...
ဘုရားဖူးပြီး၊ ခရီးကြုံတုန်း
ပုံးရည်ကြီး ဝယ်ကြမယ်
ပြီးတော့တစ်ဖန်
မြင်းလှည်းခြူသံလေးနဲ့
ပုဂံမြို့ဘက်၊ ခရီးဆက်မယ်
မြို့ကျက်သရေဆောင် အချက်အချာ
ဒေါ်လာလက်တဲ့ နေရာ
သီရိပစ္စယာ တည်းခိုခန်း
ဝေးဝေးကပဲ လှမ်းကြည့်မယ်

http://www.cherrythitsar.org



လွမ်းစရာ မနက်ခင်းနော်
အဲဗားကွင်း စားတော်ဆက်နဲ့
ဧရာဟိုတယ်ဘက်ကို
ပင့်သက်နဲ့ တစ်ချက်ငေးရင်း
ဈေးချိုတဲ့ ထမင်းဆိုင်ရှာမယ်
မြန်မာပြည်ရဲ့ အမွေအနှစ်
ရွှေခေတ်ရဲ့ ယဉ်ကျေးမှု
ပန်ချီ ၊ ပန်းယွန်း ၊ ပန်းပု
ရှေးဟောင်း အနုပညာပြတိုက်
ပုဂံတစ်ဝိုက် လိုက်ရှာမယ်
ဆရာဇော်ဂျီရဲ့ ကဗျာတစ်ပိုဒ်
လှိုက်ခနဲ သတိရလာခဲ့
... ... ...
**'ဤကမ္ဘာမှာ**
**ပြည်မြန်မာရယ်လို့ ဝင်းခဲ့သတဲ့**
**သည်မင်း၊ သည်ပြည်ထောင်ဖြင့်**
**မလေးမောင် ချစ်မငြီးနိုင်ဘု**
**ရွှေစည်းရုံ ခြေတော်ရင်းဆီက**
**ခေတ်ဟောင်းစုံ ပုဂံသီချင်းကို'** ... တဲ့
တိုးတိုးညင်းညင်းလေးဆိုမယ်။

http://www.cherrythitsar.org



အလို ...
ဟိုမှာ ယမင်းပျိုကလေး
မင်း့ဘာကိုတွေးပါလိမ့်
ယွန်းပန်းချီရေးတဲ့ သူမ
ပုဂံမြို့သူရဲ့ သင်္ကေတလေ
လှပပြည့်ရွှန်း
လပြည့်ဝန်းလေးကို
ယွန်းရုပ်နတ်သွင်
ဖျတ်ခနဲထင်ငေးခဲ့
ဂန္ဓဝင် အတွေးနဲ့
နံရံဆေးရေးပန်းချီ
ရွှေချည် ငွေချည်ထိုး ဇာတ်ရုပ်
ဘယ်နိပါတ်တော်က ထုတ်ပါလိမ့်
ဟော့ဒီမှာ ...
ရုပ်သေး ဇာတ်ရုံတဲ့လေ
ဖေဖော်ဂျီ တောင်ဝှေးနဲ့
ဆေးကြိတ်ဖို့ ကခုန်
ရန်ကုန်မှာ မမြင်ဘူး
တိုးရစ်(စ)တွေ အူမြူးသတဲ့
ထူးဆန်းတဲ့ ငွေရှာနည်းလား
ဧရာဝတီမြစ်ကြီးကို
ခွစီးထားတဲ့ ပုဂံ
ကျန်စစ်သားမင်းကြီးကြောင့်
အက်စ်အီးနဲ့ အက်ဖ်အီး
နက်စ်ကဖီးနဲ့ ဘီယာ
ကြည်သာရွှင်ပျနေတဲ့ ပုဂံ

http://www.cherrythitsar.org



ပုဂံဘုရင် နော်ရထာကြောင့်
ဒေါ်လာနဲ့ ဘော်ဒါ
အဖျော်ယမကာနဲ့ ဗွီဒီယို
စိုပြေ,အိုကေနေတဲ့ပုဂံ
အနိရုဒ္ဓ ဒေဝဘွဲ့ခံ
ပုဂံပြည့်ရှင် နော်ရထာသာ
မတော်တဆ ပြန်ရှင်လို့
သူ့ပုဂံကို
အခုတစ်ဖန် ပြန်မြင်မိလျှင်
သူ့ရင်ဘယ်သို့ ရှိစေမှန်း
ကျွန်ုပ်ရင်မှာ ပွဲတင်လွှမ်း
ဆည်းဆာညနေ ထိုအလွမ်း ….။ ။

**မြန်မာ့ဓနု၊ အောက်တိုဘာ၊ ၉၂**

http://www.cherrythitsar.org



## လက်ဖက်ရည်ဆိုင်များရဲ့ ညနေ …

အမျက်တွေနဲ့
အခက်မပြေတဲ့ ခရီးမှာ
အသက်ရှည်စရာ နည်းဟာ
ဟောဒီ …
လက်ဖက်ရည် ကမ္ဘာကြီးပါ
ကိုယ့်အလုပ် ပြီးမြောက်ဖို့
ကိုယ့်အထုပ် ခရီးပေါက်ဖို့
တီးဟောက်စ်ကို တစ်ခါဝင်
တီးစင်တာမှ တစ်ခါမော့
တီးရှော့ပ်မှာ တစ်ခါနား
တီးဂါးဒင်းမှာ တစ်ခါထိုင်
လက်ဖက်ရည်ဆိုင် ဘာသာစကားဆိုတာ
(မသိရင်တော့ …)
အာပလာတရားပေါ့ ရှင်မရယ်
ကြားချင်ရင် ချဉ်းကပ်
နပ်ချင်ရင် လေ့လာ
ရှာချင်ရင် အနီးလေး
ရှင်မ … ဘာကားကို ရွေးမလဲ

http://www.cherrythitsar.org



ဟောဒါ လမ်းဘေးကားပွဲစားတန်း လေ
ဆန်းဘဒ်ကို စီးမလား
ဟိုင်းလပ်၊ လင်(န်)ဆာ
တိုယိုတာ၊ ဆူပါဆလွန်း
အဲယားကွန်းပါတဲ့ ဒိုင်နာ
ပါဝါစတီယာရင် ပါတဲ့
ကော်ရိုနာ – ဗင်
ပတ်ဗလစ်ကာ၊ ဆန်နီ
မစ်ဆူဗီရှီ၊ ကာနီယာ
လိုချင်တာ အမြန်ဆုံးဖြတ်
အရှေ့မြောက် နယ်စပ်ဂယက်ကြောင့်
ဒီမှာ ကားဈေးတွေ တက်နေတယ်
အိပ်မက်က လန့်နိုးရင်တော့
ရှင်မရယ် ...
တစ်ကျပ်ကားတိုးပြီး ပြန်ကြမယ်။

http://www.cherrythitsar.org



ဘဝဆိုတာ
ဟိုကောင်လေး ဖျော်တဲ့
မာတိုဇာ လို
ထာဝရ ချိုအီနိုင်ပါ့မလား
မမြင်ရတဲ့ ကြမ္မာကြောင့်
ရင်ဝမှာ ဗလောင်ဆူ
ရေနွေးလို ပူလောင်ကျက်
လက်ဖက်ခြောက်လို ဖန်ခါးပေမယ့်
ကံတရားကို ရင်ဆိုင်
(အစီခံမပါတဲ့ ဒူးယားလို ...)
ထူးခြားစွာ နေနိုင်ရမယ်
အားလုံး
ပြန်လည်ဆုံစည်းကြတဲ့ အခါ
ဟေမာ ရှိမယ်၊ မေခလာ ရှိမယ်
ပိုးဒါလီ ရှိမယ်၊ ကော်နီ ရှိမယ်
ထူးအိမ်သင် ရှိမယ်၊ အောင်ရင် ရှိမယ်
ရဲသွင်ရှိမယ်၊ နေမျိုးဆေး ရှိမယ်
သိတယ် မဟုတ်လား
ဘာသာစကား အသစ်နဲ့
ချစ်စရာကောင်းတဲ့ ကဗျာ
အလင်းမြွားထဲက အချစ်ရှာ ...။

http://www.cherrythitsar.org



ဒီနေရာမှာ
ဗွီဒီယို ဘာသာစကား
ရှင်မ ့ကြားရင် ဖျားသွားမယ်
နားထဲမှာ ကျိန်းသွားအောင်
တစ်သိန်း ့နှစ်သိန်း
သုံးသိန်း ့လေးသိန်း ...တဲ့
ကိန်းဂဏန်းများ ခြိမ်းခြောက်
ဗွီဒီယို မင်းသားတစ်ယောက်ရဲ့
ပေါက်ဈေး
ရှင်မ ့ကြားရင် သွေးလန့်မယ်
ပန်းဆိုးတန်းက
ပလက်ဖောင်းဘေးမှာ
ကိုတင်လှိုင်ရဲ့ လက်ဖက်ရည်ဆိုင်လေး
ထိုင်ခုံ သေးသေးပေါ်မှာ
ပရိဂျူဆာကို မျှော်တာလား
ရှေ့တစ်ခေါ်ကို ကြည့်တာလား
ကိုယ် သိကျွမ်းခဲ့တဲ့ ...ပိုင်သ
တစ်ခါက
ကဗျာဆရာ ... ပိုင်သ
နန္ဒာအိုင်မင်းရဲ့ ... ပိုင်သ
ဒါရိုက်တာ ... ပိုင်သ
သူ့ဘဝမှာ
လှပတဲ့ ရိုက်ချက်နဲ့
သွက်လက်တဲ့ ဇာတ်လမ်း
မှတ်တမ်း ကျန်ရစ်ပါစေသော်
ပန်းဆိုးတန်း ဟောလိဝုဒ်လည်း
ဘေးဥပါဒ် ကင်းဝေးစေသော် ...။

http://www.cherrythitsar.org



စိတ်ညစ်နေတဲ့ ရုပ်ပြောင်
ဆာလောင်နေတဲ့ ကာတွန်းတွေဟာ
'နေရောင်ခြည်ကဖီး' ထဲမှာ
အောက်စီဂျင် ရှာနေကြတယ်
သူတို့ ဘ၀ခရီးမှာ
မီးပြတ်၊ ရေပြတ်
ကားကျပ်၊ ဖွက်ပေါက်တဲ့ ကိစ္စ
စာမဖွဲ့လောက်တော့ပါ
ကမောက်ကမ ကျူရှင်
ကမောက်ကမ ယဉ်ကျေးမှု
ကမောက်ကမ ကုန်ဈေးနှုန်း
ကမောက်ကမ အတွေးအခေါ်
ဘယ်ဟာကို ဘေးချော်လို့
ဘယ်အရာကို ဖေးခေါ်မလဲ
ဟော့ဒီ ဖော်မိုက်ကာ စားပွဲလေးမှာ
(ကာတွန်းဆရာတွေရဲ့ ...
လာ–ဟူး–ကြာ စကားဝိုင်းလေ
နာထိုင်း၊ လက်တုန်
မျက်စိမှုန်သူ မလာရ)

http://www.cherrythitsar.org



တစ်စုံတစ်ရာကို 'ကာ'ပြီး
တစ်စုံတစ်ယောက်ကို 'တွန်း'သူဟာ
ကာတွန်းဆရာတဲ့လား
ဟာသပညာရှင်တဲ့လား
ကိုယ့်တရား ကိုယ်ဆောင်ကြ
ကိုမှောင် သိတယ်
ကိုကို စိန်ရိုး သိတယ်
သမိန်ပေါသွပ် သိတယ်
တွတ်ပီ သိတယ်
ကမ္ဘာရှား သိတယ်
နေရောင်ခြည်ထဲမှာ
ကာတွန်း ဖြစ်သွားတဲ့ သူတွေ
အားလုံး သိတယ် ...။

♦

ပြင်သစ်နိုင်ငံမှာ
ပါရီမြို့တော်ရဲ့ ညချမ်း
ကိုယ်တို့ မလွမ်းဘူး
စိန်းမြစ်ကမ်းဘေးက
ကဖေးဆိုင် ယဉ်ကျေးမှုနဲ့
အနုပညာ မပါတဲ့
ဘီယာဂါးဒင်းထဲက အနမ်း
ကျောချမ်းသလား ရှင်မရေ

http://www.cherrythitsar.org



**'ထင်သလိုနေ သေခဲ'** ဆိုတဲ့ ဝါဒနဲ့
**'ငါမှ တစ်ပါး**
**အခြား ဘာမှ မရှိ'** ...ဆိုတဲ့
အဘိဓမ္မာ အပုပ်အသိုး
ကိုယ်တို့ဆီမှာတော့ ... နိုး ...နိုး ...
ရိုးသားတဲ့ ဘာသာဗေဒမှာ
(ရှိုးသမားရဲ့ ...)
ဝါစာပေယျမျိုး မရှိ
ပကတိငြိမ်သက်နေတဲ့
လက်ဖက်ရည်ခွက်ထဲမှာတော့
ပွက်ခါနီး မုန်တိုင်းနဲ့
ရင်လှိုင်းခတ်သံ ရှိတယ်
ငြိတွယ်စရာ ဘဝအတွက်
ရောဂါဘယတွေကို ငုံကွက်ပြီး
(ဆီးချိုရောဂါရှင် ... သူဟာ)
ယမကာ ဖြတ်ခဲ့ရ
အပူအစပ် ဖြတ်ခဲ့ရ
အချိုဓာတ်တွေ ဖြတ်ခဲ့ရ
ကန္တာရကို ဖြတ်သန်းရတာထက်
လက်ပန်း အကျဆုံး အခက်
ချိုပေါ့ကျ ပင်လယ်နက်
ဟောဒီ
လက်ဖက်ရည်တစ်ခွက်ပေါ့
ကြက်ဥတစ်လုံးစာ အာဟာရနဲ့
လူ့ဘဝကို
ထာဝရ ရှင်သန်စေဖို့ ဆိုတာ
လွယ်ပါ့မလား ရှင်မရယ်။

http://www.cherrythitsar.org



လမ်းဘေးမှာ ထိုင်ရတဲ့
လက်ဖက်ရည်ဆိုင် ဘာသာစကားဟာ
ခမ်းနားတဲ့ ပုံပြင်တစ်ပုဒ်တော့
မဟုတ်ဘူးပေါ့ ရှင်မရယ်
ပင်လယ်အကြောင်း ပြောနေရင်း
မိုးလေဝသကိစ္စ ရောက်လိုရောက်
လက်ဖက်ခြောက်အကြောင်း
သောင်းပြောင်းထွေလာ ဆွေးနွေးရင်း
လက်ဖက်ခင်းတွေ တန်းစီနေတဲ့
ရှမ်းပြည်နယ်အကြောင်း ငြင်းခုန်
'ပင်လုံ'ကို ရောက်လိုရောက်
လက်ဖက်ရည်သောက်နေရင်း
ကိုယ့်ရှေ့က မြင်ကွင်းကို အာရုံပြု
ကြက်ဥတစ်လုံးနဲ့
ရေနွေးတစ်အိုးကို ရှုမှတ်ပြီး
**'သူ့ဥကို စောင့်ရှောက်နေတဲ့**
**နှုတ်သီးရှည်ငှက်တစ်ကောင်'** ... လို့ အမည်ပေး
အတွေးထဲမှာ ပုံဖော်
ခေတ်ပေါ်(မော်ဒန်) ပန်းပု
ကိုယ့်စိတ်ထဲမှာ ထုကြည့်ခဲ့
လူ့အဘိဓမ္မာကို
သုခိတာ တစ်ဖွာနဲ့ ရှာခဲ့ ...
ကဗျာရဲ့ ညနေခင်းမှာ
ဟင်းလင်းပြင် ကမ္ဘာဘက်ကို
သစ္စာရှာဖို့ ထွက်ကြမယ်
ရှင်မ ... အတူ လိုက်ခဲ့ကွယ်။

http://www.cherrythitsar.org



သိတယ် မဟုတ်လား
ပျားအုံခံစားမှုနဲ့ ရင်ခုန်
ဒဂုန်တာရာ ဂုဏ်ပြုခဲ့တဲ့
ပန်းနုရောင် ရသနဲ့
သဘာဝ လက်ဖက်ရည်ဆိုင်ကလေးပေါ့
လမ်းဘေးမှာ ...
ဝမ်းရေးသက်သက် မဟုတ်
ဆိုင်းဘုတ်ကြော်ငြာ မရှိ
အဆောင်အယောင် အခင်းအကျင်းလည်း
အလျှင်းမရှိ
သိတယ် မဟုတ်လား ရှင်မ ...
ဂီတ ... ရုပ်ရှင် ...ပန်းချီ
ပျားအုံဆီ လာကြ
ကာတွန်း ... ရုပ်ပြ ... ဓာတ်ပုံ
ပျားအုံဆီ လာကြ
အညာ အကြေ မြေလတ်
စာပေရပ်ဝန်းကို ဖြတ်သွားတိုင်း
ပျားအုံဆီ လာကြ
အနုပညာလောကရဲ့
ပထမ မျိုးဆက်မှသည်
ပဥ္စမမျိုးဆက်အထိ
**'လေထန်ကုန်း'** ...မှာ ရှိနေတယ်
မျက်လုံးတွေက ကြည့်နေတယ်

http://www.cherrythitsar.org



အဲဒီနေရာလေးမှာ
ဈေးချုပ်အပ်ထည် လာစောင့်သူ
ပညာရှိပြီး – ပြုံးပြသူ
ဘဝတူတွေကို ဆုံးမသူ
မစ္ဆရိယမျက်လုံးကို
ရေဘင်မျက်မှန် ဖုံးထားသူ
အနုပညာရဲ့ ပခုံးပေါ်မှာ
ဘာတာဝန်မှ မရှိဘူးလို့
ကမူးကတူး ဟစ်ကြွေးသူ
အဲဒီလို လူစား
နည်းနည်းပါးပါးလောက်တော့
ပျားအုံကို မွှေနှောက်ခဲ့ကြဖူးတယ်
သုံးဆယ့်သုံးလမ်းရဲ့
လေထန်ကုန်း အုတ်ခုံတစ်ခု
ခွေးခြေခုံ ပုပုလေးပေါ်မှာ
သဘာဝ စာရေးဆရာနဲ့
ဟာသ စာရေးဆရာရဲ့
ပျော်စရာ ရွှင်စရာ အပြုံးကို
ခရီးကြုံတုန်း မြင်ဖူးတယ်
နှလုံးခုန်သံနဲ့ ဖျော်ထားတဲ့
လေထန်ကုန်း လက်ဖက်ရည် တစ်ခွက်ကို
စွဲမက် ခံစားခဲ့ဖူးတယ်
**'လေထန်ကုန်းမှာ ...**
**သင်ယူစရာတွေ အများကြီး**
**ရှိနေတယ်'** ...လို့ ပြောသွားတဲ့
ဆရာတာရာရဲ့ စကား
ကျက်မှတ်ထားခဲ့ဖူးတယ်

http://www.cherrythitsar.org



**'မဂ္ဂဇင်း တစ်စောင်ဆိုတာ...**
**လေးရောင် ... နှစ်ရောင်**
**စလစ်ဖောင်ကို ဒီလိုဝင်**
**စာအင်ကို ဒီလိုထားပေါ့'** ...တဲ့
ကိုတောက်တို့ စကားဝိုင်း
နားထိုင်းသူတောင် ကြားရမယ်
ကားသံတဝီဝီ
တီး–ကော်သံ ညံစီစီ
လေထန်ကုန်းညနေ မှုန်ပြာရီမှာ
ပျာကသီ နှုတ်ဆက်
လက်ဖက်ရည်ငှက်များ ပျံသန်း
တချို့ ...
ပုဇွန်တောင် ယမကာတန်းကို
လှမ်းခဲ့ကြပြီ
တချို့ ...
ပန်းဆိုးတန်းကမ္ဘာဘက်
ဦးတည်ထွက်ကြပြီ
သီဝရီအသစ်တွေကို
ချစ်တတ်တဲ့ ငှက်တစ်ကောင်ကတော့
အရှေ့ အနောက်
တောင် မြောက် ဝဲယာဆီ ...။

**မြန်မာ့ဓနု၊ နိုဝင်ဘာလ၊ ၁၉၉၂**

http://www.cherrythitsar.org



# အိမ်

[ကျွန်မတွင် 'အိမ်' မရှိတော့ပြီ ဖြစ်၍ သူများတွေ၏ ကိုယ်ပိုင်အိမ်တွေကို စိတ်ဝင်စားလျက် ရှိပါသည်။ သမီး၏သူငယ်ချင်း နာမည်ကျော် စာရေးဆရာမလေး 'ဂျူး'ကတော့ ကိုယ်ပိုင်တိုက်လေး တစ်ခန်းဝယ်ရန် ကြိုးစားမည်တဲ့ ...]

(ဒေါ်) ခင်ဆွေဦး

'တကယ် ချဉ်တယ်' ... ဝတ္ထုတို

ရင်ထဲငြိမ်းမဂ္ဂဇင်း၊ နိုဝင်ဘာ ၉၂မှ

http://www.cherrythitsar.org



**'ကမ္ဘာကြီးဟာ ...**
**သီးခြား လှုပနေသော်ငြား**
**'လူသား'ဟု ခေါ်တွင်သော**
**ရောဂါတစ်ခု စွဲကပ်နေသည်'** ...တဲ့
၁၉ရာစု ဂျာမန်တွေးခေါ်ရှင်
နီယက်ရှေးရဲ့ လောကအမြင်ကို
ဆန့်ကျင်ခဲ့တဲ့ လူဟာ (သူပေါ့)
အခုကျတော့ ...
ဒုက္ခနဲ့ တည့်တည့်တိုး
အိုးတစ်လုံး ့ ဖျာတစ်ချပ်နဲ့
အိမ်ခန်းရှာဖို့ ကမ္ဘာပတ်
ကဗျာဓာတ်တွေ ပြတ်တောက်သွား
မတ်စောက်တဲ့ ချောက်ကမ်းပါးမှာ
အိမ်ရှင်, အိမ်ငှား ပြဿနာ
စဘော်ငွေ ပြဿနာ
အိမ်လခ ပြဿနာ
ရေပြဿနာ, မီးပြဿနာ
ဓာတ်ကြိုးလေးပါး၊ ဈေးစကားပြော
ကြေးများသော ပြဿနာ
နွေကမ္ဘာမှာ၊ မြေတစ်ဖျာလောက်
နေစရာပျောက်တဲ့ ပြဿနာ
မတတ်သာလို့ လူလာဖြစ်
ဟို ... ကျောက်ခေတ်လူသားကို
သူ, အားကျနေတာ ကြာပြီလေ ...။

http://www.cherrythitsar.org



လူ့ဘဝကို ရတုန်း ရခိုက်မှာ
အမြိုက်သုခတွေ ခံစား
ကံတရားကို အသာစီးယူ
ပူပင်ကြောင့်ကြမဲ့ ဘဝနဲ့
လှပတဲ့ လက်ဖက်ရည်ဆောင်
ရွှေအိုရောင် ဧည့်ခန်း
ဆန်းပြားတဲ့ ပန်းခုံတော်
ဖျော်ဖြေမှု ပွဲကြည့်စင်
ဥယျာဉ်နဲ့ ရေကန်
ကြာပွင့်ခံ သလွန်ညောင်စောင်းမှာ
အကောင်းဆုံးတွေ ဆင်သပြီး
ရှင်မကို ထားချင်တယ် ...
မွန်ဂိုဘုရင် ဇကရာဇ်
ကူဗလေခန်ရဲ့ ရွှေခေတ်က
ခန်ဘာလစ် နန်းတော်လို
ဆော်လမွန်ဘုရင်ရဲ့
လိဗနွန် နန်းတော်လို
မျှော်စင်, ပြာသဒ်, တံတိုင်း
ရေကျုံးပတ်လည် ဝိုင်းရံ
မှန်စီရွှေချ အခြယ်အမွန်းတွေနဲ့
မင်းတုန်းဘုရင်ရဲ့ နန်းတော်လို
အပျိုတော် အခစားတွေနဲ့
ရှင်မကို အလှထားချင်တယ် ...

http://www.cherrythitsar.org



မက်ဆိုပိုတေးမီးယား ဗိသုကာ
မိုင်နိုယန် ဗိသုကာ
ဂရိ ဗိသုကာ
ရောမ ဗိသုကာ
အလယ်ခေတ် ဗိသုကာ
ဂေါ့သစ် ဗိသုကာ
ရီနေးဆန့် ဗိသုကာ
စိနဇေဒ ဗိသုကာ
နှစ်ဆယ်ရာစုရဲ့
မော်ဒန် ဗိသုကာ အတတ်နဲ့
ရင်သပ်ရှုမောဖွယ် တည်ဆောက်
နတ်ပြည်ခြောက်ထပ်ကို မဖြို
စပိန်ပုံစံ အိမ်ကလေးကို
အပိုဆု လက်ဆောင်ပေးမယ်
ရှင်မ ကြိုက်ရာ ရွေးချယ်ပါ
နှစ်သက်ရာမှာ စံစားပါ
အိပ်မက်ထဲမှာ အိမ်များစွာ ...။

http://www.cherrythitsar.org



'အိမ်' ...ဆိုတာ
အမိုး , အကာ , အခင်း
လေညင်းခံ ပြတင်းတံခါး
ခြံဝင်းနဲ့ ကားဂိုဒေါင်
အိမ်ခေါင်မှာ တီဗွီတိုင်
တတ်နိုင်သလောက် တည်ဆောက်
မိုးတိမ်ကို ဖောက်မလား (ရတယ်)
စက်လှေခါး တပ်မလား (ရတယ်)
လေအေးစက် ထားမလား (ရတယ်)
အပြောက်အမွမ်း ခြယ်မလား (ရတယ်)
ဂဲသြမေထရီပုံစံလား (ရတယ်)
အသံလုံစက် ထည့်မလား (ရတယ်)
အော်တိုဖုန်း လုပ်မှာလား (ရတယ်)
အုတ်နဲ့လား သံနဲ့လား
မှန်နဲ့လား ပလပ်စတစ်လား
သစ်နဲ့လား ဝါးနဲ့လား
အားလုံးဖြစ်တယ် ရှိပါတယ်

http://www.cherrythitsar.org



သူ့မှာ မရှိတာ တစ်ခုက
ဗိသုကာ ပညာရှင် မဟုတ်
ဆောက်လုပ်ရေး အင်ဂျင်နီယာ မဟုတ်
ထုံး ၊ ကျောက် ၊ သံ ၊ သဲ မဟုတ်
သွပ် ၊ ဘိလပ်မြေ ၊ အင်္ဂတေပြား မဟုတ်
ဆက်တီ ၊ ဆိုဖာ ၊ ကတ္တီပါ မဟုတ်
လျှပ်စစ်မီး ပန်ကာနဲ့
သံဆန်ခါလည်း မဟုတ်
ကန်သာယာနဲ့ ဥယျာဉ်ခြံမြေ မဟုတ်
ဗေဒင် ဟူးရား
ပုဏ္ဏား ပုရောဟိတ်တို့ရဲ့
အတိတ် နိမိတ် အယူအကောက်
အိမ်သစ်ဆောက် မင်္ဂလာ မဟုတ်
သူ … မရှာနိုင်တာ တစ်ခု
သူ … မပြုနိုင်တာ ကေန်
သူ … မကြံနိုင်တဲ့ အလုပ်ကို
မျက်မှောင် မကြုတ်ပါနဲ့ကွယ်
ရှင်မ ၊ နားလည်စေချင်တယ်။
♦
စဘော် ၊ စရံ …ဆိုတဲ့
အိမ်ရှင်ရဲ့ အသံကိုကြောက်
အပျောက် ၊ အပြတ်နဲ့
အောက်ထပ် ၊ အပေါ်ထပ်ကိစ္စ
သူ ၊ စိတ္တဇဖြစ်နေတာ ကြာပြီ

http://www.cherrythitsar.org



‘ရေခဲရေ သောက်ချင် ဒီကိုလာ ...
အိမ်လိုချင်ရင် ဟိုကိုသွား’ ...တဲ့
တီဗွီကြော်ငြာထဲက စကား
သူ့ကို သရော်တာလားကွယ်
ခိုအိမ်လေးတွေကို အားကျ
ပျားတွေရဲ့
အိမ်ဖွဲ့တဲ့ လုံ့လကို နည်းယူ
မီးအပူမကြောက်တဲ့ ပလူကောင်ဟာ
အိမ်ရှာရင်း အတောင်ကျွတ်
အိမ်မြှောင်ကို လွတ်အောင်ရှောင်
အိမ်ဆာလောင်ရင် ဂနာမငြိမ်
အိမ် ... အိမ် ... အိမ် ... အိမ် ...
အိမ် ... အိမ် ... အိမ် ... အိမ် ...

http://www.cherrythitsar.org



ဘယ်လို အိမ်ကို မှန်းလို့
ဘယ်လို အခန်းကို ရွေးချယ်မလဲ
သူ့အတွေးနယ်ထဲမှာတော့
ပွဲထဲက ဝန်ကြီး အဆောင်အယောင်နဲ့
မြို့လယ်ကောင်မှာ မောင်းခတ်
အရပ်တကာမှာ ကြော်ငြာလွှင့်လို့
အိမ်ရှာပုံတော် ဖွင့်ရရင်
ရှင်မ ... လှောင်ပြောင်မှာလား
ဟောင်ကောင်ပုံ တိုက်ပါးပါးလေးကို
ဒေါ်လာနဲ့ အပြတ်ငှားပြီး
ခပ်ကြွားကြွား နေပြရင်
ရှင်မ ... ရယ်ချင်ဦးမှာလား
အို ... သနားကြင်နာတော်မူပါ့
မမြင်ရတဲ့ တန်ခိုးရှင်ငဲ့ ...
ဟော့ဒီ မိုးကောင်းကင်ကြီးအောက်က
အိမ်ပျောက်နေတဲ့ 'လူ'တစ်ယောက်ကို
ကူထောက်ပံ့ပိုး သင့်တန်ခိုးနဲ့
အမိုးအကားပါရုံ အိမ်ကလေး
ဖန်ဆင်းပေးတော်မူပါ အရှင်
... ...
(အာမင်...) လို့ပဲ ဆိုလိုက်ချင်။

http://www.cherrythitsar.org



ဆူးလေစေတီကို ဗဟိုပြု
မြို့ပြလူမှု အဆောက်အအုံမှာ
အသိုက်အမြုံ နေစရာတစ်ခန်း
အိပ်မက်ထဲမှာ မှန်းခဲ့တယ်
မိသားစု ကျန်းမာရေး
လူမှုဘဝ လုပရေး
ကုသရေး ၊ ကာကွယ်ရေး
ပညာရေး ၊ ပျော်ရွှင်ရေး
ပတ်ဝန်းကျင် သန့်ရှင်းရေး
အတွေးအခေါ်မှန်ကန်ရေး
ရှင်မကို အကြံပေးမယ်
ရုံး၊ ဈေး၊ ဆေးရုံ၊ ကျောင်း
အားလုံးပေါင်းလိုက်တော့
နေလို့ ကောင်းသွားမှာပေါ့ကွယ်
စိတ်ညစ်စရာတွေထဲမှာ
အိမ်ခန်းရှာရတဲ့ ဒုက္ခဘေး
စဘော်ဈေးကြီးတဲ့ ဒုက္ခဘေး
အိမ်လခဈေး ဒုက္ခဘေး
ဝင့်ကြွေးရှိလျှင် ပြေစေချင်ပြီ

http://www.cherrythitsar.org



ကြည့်လေ ... ရှင်မဖို့
လှပတဲ့ ညှော်ခန်းမှာ
တီဗွီ, ကက်ဆက်, ပန်ကာ
ဂစ်တာတစ်လက်, ဆက်တီတစ်စုံ
ရေမီး အစုံအလင်နဲ့ပေါ့
ဘုံတစ်ခွင်မှာ
ဂုဏ်အင် မသိမ်ငယ်စေရ
သိင်္ဂါရ အပြုံးကို
တိမ်လွှာတစ်စ မဖုံးစေရ
(ခုတော့ ခဏနေဦး)
ရှင်မ ... နည်းနည်းသည်းခံ
ညည်း ... ကလန်ကဆန် မလုပ်နဲ့
ညည်း ... မျက်စောင်းမထိုးနဲ့
အားလုံးကောင်းသွားမှာပေါ့
နေလို့ကောင်းသွားမှာပေါ့
နော် ... ရှင်မရယ် ...။

http://www.cherrythitsar.org



အသိုက်အမြုံ အလုပ်ဆိုတာ
အမှိုက်ပုံ ရှုပ်သလိုတော့
မဟုတ်ဘူးပေါ့ ရှင်မရယ်
**'မနုဿတ္တ ဒုလ္လဘကို၊**
**အရတော်စွာ ဤအခါ၌'**...တဲ့
မဃဒေဝ လင်္ကာသစ်
တစ်ခါတရံ သံသယဖြစ်မိ
ခေါစာမပစ်နိုင်လို့
ရောဂါဖြစ်နေရသူ
အိမ်ရှာမရလို့
တိမ်လွှာတိမ်စလို လွင့်မျောသူ
**'ဟောဒီ ကမ္ဘာမြေကြီးဟာ**
**မြေခွေးကို လိုက်ဖို့**
**ဖန်ဆင်းထားတာ မဟုတ်ဘူး**
**အခြားသော ရင်းမြစ်ရတနာများကို**
**ရှာဖွေရန်**
**ဖန်ဆင်းထားခြင်း ဖြစ်တယ်'** ... ဆိုတဲ့
'ဂျွန်ရပ်စကင်း' ရဲ့ ဟောပြောချက်
အိမ်ခန်းရှာရင်း အလွတ်ကျက်သူ
မြို့စွန်ရပ်ကွက် ဇနပုဒ်မှာ
တဲအိမ်ကုပ်ကုပ်လေးငှားပြီး
လူသားတို့ ထုံးစံတရားအရ
မယားနဲ့သားကို ထားနိုင်ဖို့
သွေးအားတွေ ဖျစ်ညှစ်ထုတ်
အရိုးအဆစ်တွေ ပြုတ်သွားအောင်
ခံစား ...

http://www.cherrythitsar.org



သူ စုဆောင်းထားတဲ့ ရတနာအထုပ်
သူ့ စာအုပ်တွေကို ထုခွဲ
သူ့ အသည်းနှလုံးကို အန်ချ
အိမ်ခန်းလေး အမြန်ရအောင်
ကြံဆရတဲ့ အလုပ်ဟာ
သန္တရသ အက်ဆေးတစ်ပုဒ်တော့
မဟုတ်သေးဘူး ရှင်မ
ရှင်ပျနေတဲ့ ကမ္ဘာကြီးဟာ
သူ့ အိမ်ဂေဟာ မလှရုပ်ကြောင့်
လ ငပုပ်ဖမ်းသလို
ညှိုမှောင်သွားမယ်ဆိုရင်
အားနာပါတယ် ကမ္ဘာကြီးရယ်။

♦

တဲ တံခါးမှာ
ကဲလား ထောက်စရာမလို
သူရဲခို ,သူရဲပြေး မလို
ဗဟိုစည် မျှော်စင်မလို
တော်ဝင်ပြာသဒ် မလို
ဆက်သွယ်ရေး ဂြိုဟ်ထု မလို
မိုက်ခရိုဝေ့ မလို
(တစ်နေ့တာရှာရတဲ့
အသပြာတစ်စနဲ့
တစ်နေ့စာ အာဟာရတစ်ဖတ်
ပါစက ဓာတ်တော့လိုအပ်တယ်)

http://www.cherrythitsar.org



ဖြစ်သလိုနေ ့ဖြစ်သလိုစား
ဖြစ်သလိုသွား ့ဖြစ်သလိုပြန်
လောကဓံကို အန်တု
အဆင်မပြေမှုတွေနဲ့
အဆင်ပြေအောင် ဆက်ဆံရင်း
'မနက်ဖြန်ပျားရည်' ... အရှာထွက်တော့
တမာရွက်ဖျော်ရည် ခါးခါးတစ်ခွက်
အသက်အောင့်ပြီး သောက်ခဲ့ရ
တောက် ...
မသက်သာဘူး ရှင်မရေ ...
စလေဦးပုညရဲ့
ကာက ဝလိယ မောင်နှံပမာ
**'အကာမှာ ဆူးခက်**
**အင်ဖက်အမိုး၊ ကျူရိုးတိုင်ထူ**
**နေပူကျဲကျဲ၊ ဝက်သိုက်တဲတွင်**
**အုတ်ခဲခေါင်းအုံး၊ အိုးတစ်လုံး ဖျာမရှိ**
**ဘူမိကမ္ဗလာ၊ မြေမွေ့ရာမှာ**
**ချူချာတော် မူလှသော်'** ...တဲ့
ပြောဖို့လိုသေးလား အချစ်ရယ်
စိတ်ညစ်တယ်ဆိုတဲ့ စကား
ဟို ... ကာက ဝလိယ လင်မယား
ကြားသွားရင်
ဖျားသွားမယ် တိုးတိုးပြော
မမောချင်တော့ဘူး ရှင်မရယ်။

http://www.cherrythitsar.org



**'လူ့ဘဝမှ**
**ဝေးလာသည်နှင့် အမျှ**
**သစ္စာတရားနှင့် နီးလာခဲ့ပြီ'** ... တဲ့
မနာမီ၊ မသေမီမှာ
လူတွေကို ဖီလာပြု
လူမှုအသိုက်အအုံကို
မယုံကြည်တဲ့ စိတ်ဓာတ်
ဆော့ခရတ္တိရဲ့ တရားကို
သူ ခါးသီးစွာ ငြင်းဆန်ရင်း
ကံကြမ္မာကို တင်းခံအန်တုခဲ့
စစ်ကြိုခေတ် ဝတ္ထုထဲက
လူ့ဘဝဆိုတာ
ဒုက္ခတွေနဲ့ ရင်ဆိုင်ပြီးရင်
သူဌေးကြီးတစ်ဦးက ကယ်တင်
(ဒီလိုမှ မဟုတ်ခဲ့ရင်...)
ရတ်တရက် အမွေတွေရပြီး
ပျော်ပျော်ကြီး ဇာတ်သိမ်း
အိမ်း ... ကောင်းလေစွ ... ကောင်းလေစွ

http://www.cherrythitsar.org



သူ့ ရုပ်ဘဝမှာတော့
ဒုက္ခဇာတ်ဝင်ခန်း တစ်ခု
ဘယ်သူမှ မှတ်တမ်းမပြု
သူ့ အိမ်ခန်းကျဉ်းလေးထဲမှာ
ရေနွေးတစ်အိုးနဲ့
ရိုးသားစွာ ဖတ်ရတဲ့
တကယ့် ဖြစ်ရပ်မှန် ဝတ္ထုပေါ့
အခုလို အချိန်မှာတော့
စည်းစိမ်ဥစ္စာဆိုတာ ... ဘာလဲ
သူ့ စာအုပ်စင် ဖရိုဖရဲနဲ့
မှိုနံ့စွဲနေတဲ့
တဲအိမ်အိုကလေးထဲမှာ
**'မအိုဆေးစားသူများ'** ... တဲ့
စိတ်နဲ့ ရေးထားတဲ့ ပန်းချီကား
သူ့ နှလုံးသား ရွှေစင်အတိကို
ရှင်မ ... သိတယ်မဟုတ်လား
ရှင်မ ... နားလည်နိုင်စေသား။ ။

---

**မြန်မာ့ဓနေ၊ ဒီဇင်ဘာ၊ ၁၉၉၂**

http://www.cherrythitsar.org

http://www.cherrythitsar.org



## အိုးယုတ်ရင်းမိုးချုပ်ပါသွားသူများ

[ကျွန်တော်တို့ မြန်မာများ၏ အနွယ်ဖြစ်သည့် မူလ မြန်မာဟု ခေါ်သော ကန်စုဒေသက ရှီအန်လူမျိုးတို့သည် ...
အလွန်လှပသော အိုးများကို အသုံးပြုခဲ့ကြသည်။ ထိုကာလသည် ခရစ် မပေါ်မီ နှစ်ပေါင်း ၂၀၀၀ ခန့်က ဖြစ်သည်ဟု သမိုင်းသုတေသီတို့က ဆိုကြကုန်သည်။
... ... ...
ပုဂံကျောက်စာတို့၌ အိုးထိန်းသည် ဟူသော ဝေါဟာရကို တွေ့ရသည်။]

'လူ့သမိုင်း'

ကျော်အောင် ပြုစုသည်

ပုဂံစာအုပ်တိုက်၊ ၁၉၆၅ ခုနှစ်မှ ... ။

http://www.cherrythitsar.org



လူ့ယဉ်ကျေးမှုရဲ့ အစနဲ့
လူ့ဘဝရဲ့ အရေးအကြီးဆုံး ပစ္စည်းဟာ
'မီး' ... ပြီးတော့
'ရဟတ်ဘီး' ပေါ့
အကြီးကျယ်ဆုံး အောင်မြင်မှုနဲ့
အံ့ဖွယ်သရဲ တီထွင်သူဟာ
ဘေဘီလုံ မြို့သားလား
အဆီးရီးယား ပြည်သားလား
ဣန္ဒုမြစ်ဝှမ်းသားလား
နိုင်းမြစ်ဝှမ်းသားလား
မြေသားကို ဘယ်လိုတူးတူး
စိတ်ကူးကို ဘယ်လိုထုတ်ထုတ်
အိုးလုပ်ပုံ ဘယ်လိုဆန်းဆန်း
(ဝင်ရိုးနဲ့ ဘီးရဲ့)
အခန်းကဏ္ဍမပါလျှင်
**'မြေအိုး'** ... ဆိုတာ ဖြစ်ပေါ်မလာနိုင်

http://www.cherrythitsar.org



ဟို ခရစ်တော် မပေါ်မီ
နှစ်ပေါင်း နှစ်ထောင်ကျော်က
ရှေးအကျဆုံး အိုးလုပ်နည်းဟာ
ဘီးကို ခြေနဲ့ သွက်သွက်လှည့်
လက်နှစ်ဖက်စလုံးက
ရွှံ့တုံးကို ထိန်းကျောင်း
ကမ္ဘာပေါ်မှာ အကောင်းဆုံး အိုးဆိုတာ
မိုဟင်ဂျိုဒါရို မြို့သားရဲ့
လက်မှုပညာ အတွေးလား
တွံတေးမြို့သားရဲ့
ရှားပါးတဲ့ အနုပညာလက်ရာလား
အိုးထိန်းစက်လို အိပ်မက်များ ...။

♦

'တွံတေး' ... ဆိုတာ
မွန်ဘာသာစကားမှာတော့
တောင်ကုန်းပေါ်မှာ တည်ထားတဲ့
'တောင်ကုန်းရွာ' လေးမို့
ဟို ... ပဝေရှေးတုန်းကတော့
**'ကွမ်းဒေး'** လို့ ခေါ်ခဲ့ကြ
**'ပေါက္ခရဝတီ'** မြို့လို့လည်း
တချို့က အမှတ်သညာထားကြ
မြတ်စွာဘုရား ဆံတော်ကို
ပူဇော်ဖို့ ပင့်ဆောင်လာကြတဲ့
ပေါက္ခရဝတီမြို့သား
တဖုဿနဲ့ ဘလ္လိက ညီနောင်နှစ်ပါး

http://www.cherrythitsar.org



တည်ထားတဲ့ ဘုရားစေတီ
ကျိုက်ကေသာ တည်ရှိတဲ့မြို့
မင်းရဲကျော်စွာ ကျဆုံးခဲ့တဲ့မြို့
ဥဇနာဘုရင် ...
ဆင်နင်းခံခဲ့ရတဲ့မြို့
ကျန်စစ်မင်းသားကို
စောလူးမင်း အမျက်ထားလို့
နယ်နှင်ဒဏ် ခံစားခဲ့ရတဲ့မြို့
ပုဂံခေတ်ရဲ့ မဟာကဝိ
ပညာရှိအမတ်ကြီး ... ရာဇသင်္ကြန်
သွေးဝမ်းသွန် ကွယ်လွန်ခဲ့တဲ့မြို့
ရာဇဝင်ထဲက (ဒလ) တွံတေးမြို့ ဟောင်းမှာ
'မောင်ရှင်' ဆိုတဲ့ လုလင်ယောကျ်ား
စောင်းသမား ချောချောလေးဟာ
မိန်းမလှကျွန်း တောအုပ်ကို
မျောခုတ်မသွားမီ
သည်မြို့မှာ နားခဲ့ဖူးတယ်
ဘုရင့်နောင် မင်းတရားဟာ
သူပုန်မိုလ် နာဂိန္ဒကို
ကျိုက်ကေသာ စေတီရင်ပြင်မှာ
အပြီးတိုင် အောင်မြင်ခဲ့တဲ့နေရာ

http://www.cherrythitsar.org



‘ရှင်သာရိပုတ္တရာ’ ဆိုတဲ့
စာတတ်ကျမ်းတတ် ရဟန်းတစ်ပါး
ပုဂံခေတ် ကောင်းစားစဉ်အခါက
ဓမ္မဝိလာသ ဓမ္မသတ်ကျမ်းကို
တွံတေးတောကြီးတန်း အရိပ်ခိုရင်း
ပါဠိလို ပြုစုခဲ့ဖူးတယ်
သုဝဏ္ဏဒေဝီ မင်းသမီး
သထုံဘုရင်ရဲ့
သမီးတော် သခင်မဟာ
တွံတေးဘုရင်မ ဖြစ်ခဲ့ပေါ့
အခုတော့ ...
(ရာဇဝင်ထဲက တွံတေးဟာ)
မင်းလမ်း ဆိပ်ကမ်းဘေးမှာ
အိုးဖုတ်တဲ့ မြို့ကလေးလေ ...။

♦

ကျိုက်ကေသာ ရွှေဆံတော်ဘုရား တောင်မြေကို
ဖိုထဲမှာ နှစ်ပေါက်အောင် သိုလှောင်ထား
ကမ်းနားမြေနက် မွမွကို
ရေနဲ့ သမပြီး တစ်ညသိပ်
စက်နဲ့ အမှုန့်ကြိတ်ပြီး မြေသားကို
ရွံ့လှောင်ကန်မှာ ထည့်ထား

http://www.cherrythitsar.org



ပြီးတော့မှ ...
အချိုးအစား ကျကျနဲ့
အိုးသားလှလှ ဖြစ်အောင်
ရွှံ့နှစ်တုံးကို လက်နဲ့လှီး
ဘီးစကြာပေါ်မှာ လက်နဲ့ပြုပြင်
ခရု၊ မဲတံ၊ ဖင်လှီးတံနဲ့
လက်နှီးကို ရေဆွတ်ပြီး
ဘီးပေါ်မှာ မွတ်နေအောင် လည်နေတဲ့
ရွှံ့မြေတုံးကို
လူသုံးကုန် အိုးပစ္စည်း
အမျိုးမျိုး ဖန်တီးခဲ့ကြ
ဒီလိုနဲ့ ပြီးရောတဲ့လားကွယ်
ခပ်လွယ်လွယ် အလုပ်ဆိုတာ
အိုးတစ်လုံးရဲ့ အတ္ထုပ္ပတ္တိ မဟုတ်
အနက်ထည်လုပ်ဖို့ စဥ့်ခဲကိစ္စ
ရှမ်းပြည် ဟဲဟိုးကို သွားဝယ်ရ
ရှားပါးတဲ့ ထင်းမီးအရေး
တွံတေး တောကြီးတန်းနဲ့
ငှက်အော်စမ်း ဘေးနားမှာ
အပြေးအလွှား ရှာဖွေရ
'ကလေဖို' ကြီးကြီးနဲ့
'မြေစိုက်ဖို' မီးရဲရဲမှာ
အိုးဖုတ်သူတွေရဲ့ အသည်းနှလုံးဟာ
ကျွဲပခုံးလို မာကြမ်းခဲ့ပြီ
သား ရွှေအိုး ထမ်းလာတာကို
မြင်ချင်ရှာတဲ့ ... အမေ
ခုတော့ ... ခဏနေပါဦး

http://www.cherrythitsar.org



အမေ့သားရဲ့ တစ်နေ့တာ ဝင်ငွေဟာ
တစ်ရာကျော်ကျော် ရှိပေမယ့်
သိတယ်မဟုတ်လား အမေ
ငွေကမ္ဘာ အရှာမတတ်လို့
အမေ့မြေးကလေး 'သာထပ်' ဟာ
စာငတ် ... ဘာငတ်နဲ့ပေါ့
အနာဂတ်မမြင်သေးဘူး အမေ ...။

♦

အပေါ်ယံလွှာ ကွက်ကြည့်ပြီး
အနီထည်နဲ့ အနက်ထည်နှစ်မျိုးကို
'အိုး' ... လို့ ခေါ်မယ်ဆိုရင်တော့
သိပ်လွယ်တာပေါ့ ရှင်မရယ်
တကယ်မြင်ရတဲ့ အခါမှာ
ကမ္ဘာကြီးဟာ
ကဗျာမဆန်တော့ပါဘူး
နေပူခံ အခြောက်လှန်းပြီးမှ
(နှစ်နေ့နဲ့ နှစ်ည မီးသွင်း)
ကလေဖိုကြီးရဲ့ မီးပြင်းပြင်းမှာ
(တစ်နေ့နဲ့ တစ်ည မီးမြှိုက်)
မြေစိုက်ဖိုကြီးရဲ့ မီးရဲရဲမှာ
မကွဲမအက်အောင် အိုးဖုတ်ကြ

http://www.cherrythitsar.org



စိတ်ဝင်အိုး ဝတုတ်တုတ်ကြီးတွေ
ရေတ်ဆုံ အဝ ကျယ်ကျယ်တွေ
ပလုံတုံအိုး ပုပုလေးတွေ
ဘုမပါတဲ့ ဆုံရိုးကြီးတွေ
ဘုံဘိုင်အိုး ၊ သောက်ရေအိုး
ပန်းအိုးနဲ့ ရေတကောင်း
တင်းဝင်တောင်း ၊ စိတ်တောင်း
မနဲ့တောင်း ၊ စကတောင်းနဲ့
နှစ်ပြည်ဝင်တောင်းတွေ တောင်လိုပုံ
ဖေဒါဆုံတွေ အထပ်ထပ်
ဆုံလတ် ၊ ဆုံသေးတွေကို
စဥ့်ချော်ရည်နဲ့ ဆေးသုတ်
အနက်ထည်လုပ်ပြီး ဈေးကွက်ရှာ
အိုးရဲ့ အနာအဆာကို ကြည့်ရှု
မီး အနု ၊ အရင့်ကို ခွဲခြားပြီး
ပထမတန်းစား
ဒုတိယ တတိယတန်းစား သတ်မှတ်
ဒေးဒရဲ ၊ ဖျာပုံ ၊ ကျိုက်လက်နဲ့
အင်းစိန်ကို သမ္မာန်ခတ်ပြီး ပို့ကြ
ကတ္တူလှေကြီး အသွယ်သွယ်နဲ့
ရေး ၊ မြိတ် ၊ ထားဝယ်ကို ပို့ကြ
ဒီလိုနဲ့ သူတို့ဘဝ
လှပသွားပြီ ထင်သလား
ကုန်သည် ပွဲစား ဟော်တယ်သွား
အိုးလုပ်သားတွေ ထန်းရည်ခါး။

http://www.cherrythitsar.org



ငရုတ်ဆုံလေးတွေ အစီအရီ
သူတို့ အမည် သညာကို
'ဗေဒါဆုံ' လို့ ခေါ်တွင်ကြ
ရှင်မနဲ့ ရင်းနှီးတယ် မဟုတ်လား
မီးဖိုချောင်ရဲ့ ဘက်တော်သားလေ
ငရုတ်၊ ကြက်သွန်ကို ကြိတ်ဝါးသတဲ့
ရှင်မ, စိတ်ဝင်စားတယ် မဟုတ်လား
(ဒါပေမယ့် ...)
လက်တွေ့မှာ စိတ်လှုပ်ရှား
ငရုတ်၊ ကြက်သွန် ဈေးကစားလို့
ငရုတ်ဆုံလေး အနားယူခဲ့တာ
ကြာခဲ့ပြီလေ ...
ဟောဒီ အိုးလုပ်နေတဲ့ မိသားစုမှာ
ထုထောင်းစရာ
ငရုတ်နဲ့ ကြက်သွန်ဗလာ
ဗေဒါဆုံ မလို
သောက်ရေအိုး မလို
အိုးလုပ်တဲ့ တဲအိုအိုကြီးထဲမှာ
ဖြစ်သလိုနေ၊ ဖြစ်သလိုစား
ဖြစ်သလို ဖျား၊ ဖြစ်သလို နားခဲ့ကြ

http://www.cherrythitsar.org



ခဝါသည်နဲ့ အိုးသည် ပုံပြင်မှာ
အိုးထိန်းသည်ဟာ ယုတ်မာသူလား
ဆင်မည်းကို ဖြူအောင်လုပ်ချင်တဲ့
ဘုရင်ကြီးရဲ့ စိတ်ကူး
ရူးသွပ်တဲ့အကြံဟာ တရားခံလား
အမှန်–အမှားကို ခွဲခြားလို့
အိုးဖုတ်တဲ့ အိုးလုပ်သားတွေ
မလွဲမှားအောင် ဖြေနိုင်တယ်
တကယ်လို့သာ
ခဝါသည်နဲ့ အိုးထိန်းသည်တို့ဟာ
ဉာဏ်ပညာမရှိတဲ့ ဘုရင်ကြီးရဲ့
မပြီးနိုင်တဲ့ ကိစ္စနဲ့
မရနိုင်တဲ့ အဖြစ်ကို
အစစ်အမှန်အတိုင်း ရင်ဖွင့်
လျှောက်တင်ခွင့် ရှိခဲ့မယ်ဆိုရင်
... ... ဆိုရင်ပေါ့လေ။

http://www.cherrythitsar.org



အနီထည် အချိုးကျတဲ့
မြေနီရောင် အိုးလှလှလေးပေါ်မှာ
နေကြာ, ဒေလီယာ
ဂန္ဓမာ ပန်းရောင်စုံကို
စိတ်ကူးပုံစံတွေ ထုတ်
ဝါးခြမ်းပြားတုတ်ကို
ဖြစ်သလို စုတ်တံလုပ်ပြီး
ပန်းပွင့်ရုပ်ပုံတွေ ရေးနေတဲ့
တွံတေးသူရဲ့ အနုပညာ
ရေအိုးပန်းချီ လက်ရာရှင်ကို
'မိုရင်ဂျိုဒါရို' မြို့သားတို့
ဘယ်သူပြိုင်လို့ လှနိုင်ပါ့မလား
တွံတေးက သောက်ရေအိုးကို
တိုကျိုမှာ ဈေးကွက်ရှာ
ယူအက်စ် ကမ္ဘာရဲ့
ဝါရှင်တန်ဒီစီကို တင်ပို့
ဗြိတန်က ရက်ဖီးလ်မြို့မှာ
အက်ဖ်အီးနဲ့ ရောင်းရရင်
ကောင်းပါ့မလား ရှင်မရယ်

http://www.cherrythitsar.org



တကယ်လို့သာ ...
ပါဝါမီတာတွေ
ကွန်ပျူတာ ဆားကစ်တွေ
ခေတ်မီ စက်ခလုတ်တွေနဲ့
အိုးဖုတ်ပြီး ဒေါ်လာရှာရင်
ဟောဒီ ကမ္ဘာပေါ်တွင်
ဂန္ဓဝင်လက်မှုအတတ်ကို
စက်မှုသတ်လို့ သေလိမ့်မယ်
ပေါင်းခံထားတဲ့ သောက်ရေကြည်
ပီအိတ်ချ်–ဆဲဗင်းကို မှီဝဲ
ရေခဲသေတ္တာနဲ့ သုံးဆောင်သူ
စက်ဘုန်းအရောင်နဲ့
လက်ရုံးတစ်ထောင်ရှိတဲ့ သူဌေးကြီးဟာ
တွံတေးမြို့က သောက်ရေအိုးကို
တန်ဖိုးအကြီးဆုံး ပေးပြီး
ကိုယ်ပိုင် ဟပ်စကီးနဲ့ ဝယ်သွားသတဲ့
တွံတေး ရွှေဆံတော်ဘုရားရဲ့
သစ်သားတန်ဆောင်းအိုကြီးထဲမှာ
နားခိုရင်း လဲလျောင်းခိုက်
ကောင်းလိုက်တဲ့ အိပ်မက်ပေါ့
နော် ...ရှင်မရယ်။

http://www.cherrythitsar.org



'အိုး' … ဆိုတာ
မြန်မာမှု နယ်ပယ်မှာ
ပစ်ပယ်လို့ မရတဲ့
မရှိ မဖြစ် ဘာသာဗေဒပေါ့
**'ဒေါင်ဒေါင်မြည်မှ အိုး'** … တဲ့
**'အိုးချင်းထား အိုးချင်း ထိ'**… သတဲ့
**'မိဘမျက်နှာ အိုးမည်းသုတ်'**… သတဲ့
**'အိုးတော်လုပ် – ဖုတ်ရင်းက မကျက်'**… တဲ့
**'အိုးနဲ့ဆန် တန်ရုံချက်'** … တဲ့
**'အိုးရှဲ့ကို စလောင်းရှဲ့နဲ့ ဖုံး'** … တဲ့
**'အိုးမလုံ အုံပွင့်'**… တဲ့
**အိုးကမပူ စလောင်းက ပူ'** … တဲ့
**'အိုးသည် အိုးကောင်း မသုံးရ'** … တဲ့
**'အမဲရိုးက ဟင်းအိုးမှ အားမနာ'**… တဲ့
**'သားရွှေအိုး ထမ်းလာပါစေ'**… တဲ့
**'မိုးနဲ့ သရက်၊ အိုးနဲ့ကြွက်'**… တဲ့
**'ဦးခေါင်းတစ်လုံးနဲ့**
**အိုးနှစ်လုံးရွက်'** … သတဲ့
သစ်ရွက်တွေ တကြွေကြွေ
လေပွေတွေ တဝေ့ဝေ့
မီးခိုးငွေ့တွေ တအူအူမှာ
ချိုးကူသံလည်း မကြားရ
အိုးဆူလို့မှ
ဆန်ခပ်စရာ မရှိတဲ့ ဘဝ

http://www.cherrythitsar.org



မငြိတွယ်ပါရစေနဲ့ ရှင်မရယ်...
အိုးတွေ မြန်မြန်ယူခဲ့ကွယ်
သမ္ဘာန်ကလေး ထွက်တော့မယ်
အိုးဈေးကောင်းအောင် ဆုတောင်းကွယ်။

♦

အိုးဘိုရပ်ကွက် အရှေ့က
မင်းလမ်း ဆိပ်ကမ်းကွေ့မှာ
ပွေ့လို့လည်း မစွမ်း
ထမ်းလို့လည်း မနိုင်
စက်သီးကြိုး ခိုင်ခိုင်နဲ့ ချီမ,မှ
တကျိကျိကြွလာတဲ့ အိုးများစွာ
ပိသာချိန် တစ်ရာစီးတဲ့
ဟောဒီ ရာဝင်အိုးကြီးတွေကို
ဘောက်တူလှေနဲ့ သယ်လို့
ထားဝယ်ကို ပို့မတဲ့ကွယ်
(ကိုယ်တို့ဘဝကို ချီမလို့)
အိုးဖုတ်သူဘဝ လွတ်မြောက်ရေး
ဘယ်သူ ကယ်တင်ပေးပါ့မလဲ
လှပတဲ့ မြို့ပြဆိုင်ခန်း
စံပြရုံ အရှေ့ဘက်ခြမ်းမှာ
ခမ်းနားတဲ့ အိုးဆိုင် တစ်ဆိုင်ကို
ရှင်မ,မြင်နိုင်ပါစေသား
နဂါးရုပ် ခံတဲ့
ကနုတ်ပန်း ဖောင်းကြွဖလားနဲ့
နဂါးရုပ် ရံတဲ့
အဖိုးတန် ပန်းစိုက်အိုးကို

http://www.cherrythitsar.org



ဧည့်ခန်းမှာ ပန်းစိုက်ထိုးပြီး
ပန်းမိုးဖြာဝေ ရှာစေချင်သပေါ့
အခုတော့ ...
နွံ့ပျော့ပျော့ကို လက်နဲ့နယ်
ဖုတ်ပြီးသားအိုးတွေကို
သယ်ပိုး ...
သည်လိုနဲ့ မိုးချုပ်တော့မှာလား
အိုးပုတ် ့ချိုးရုပ်လေးတွေ ခင်းပြီး
ထမင်းချက်တမ်း
ဟင်းချက်တမ်း ကစားကြတဲ့
ကလေးအရွယ် ငယ်ဘဝကို
တကယ်ရရင်
ပြန်လိုချင်တယ် ရှင်မရယ်
အပြင်မှာ ...
ကောင်းကင်ကြီး ညှိုးပုပ်လို့
မိုးချုပ်တော့မှာပါလား ...
အို မိုးချုပ်တော့ မှာပါလားကွယ်။

**[အိုးလုပ်ငန်းနှင့်ပတ်သက်၍ အစစအရာရာ အကူအညီပေးခဲ့သော ဦးသိန်းထွန်း၊ ဒေါ်ကြင်ကြင်မြင့် မိသားစုအား အထူးကျေးဇူး တင်ပါသည်။]**

**မြန်မာ့ဓနေ၊ မတ်လ၊ ၁၉၉၃**

http://www.cherrythitsar.org

http://www.cherrythitsar.org



## ဈေးကွက်ထဲက ...လူ
## လူထဲက ... ဈေးကွက်

[ထို့ကြောင့် လူသားသည် အခြားအခြားသော သက်ရှိရုပ်များ နည်းတူ ၎င်းတို့အတွက် မရှိလျှင် မဖြစ်သော စား ဝတ် နေ ရေး ဆိုင်ရာ လိုအပ်ချက်များကို ပတ်ဝန်းကျင် ရုပ် ကမ္ဘာ၌သာ ရှာဖွေထုတ်ယူခြင်း ပြုရသည်နှင့် တပြိုင်နက် လူသားနှင့် ရုပ်ကမ္ဘာကြီးတို့၏ ဆက်ဆံရေးသည်လည်း စတင်၏]

ဗန်းမော်တင်အောင်

ရုပ် ကမ္ဘာ

၁၉၇၈၊ ဖေဖော်ဝါရီမှ

http://www.cherrythitsar.org



အူဝဲ ... သံနဲ့
လူထဲ ဆန်တက်ဖို့ အရေး
ပုခက်ထဲက ကလေးတစ်ယောက်ရဲ့
ကြီးမြောက်ရှင်သန်မှုကို
ဥပေက္ခာတရားနဲ့
လူ့မျက်နှာ များစွာရယ်
ရုပ် ကမ္ဘာ သဘာဝတရားနဲ့
အနုတ် ကမ္ဘာ စာဂများရယ်
သူ့ခေတ်ပြိုင် ရာဇဝင်နဲ့
သူ့ဝန်းကျင် ဘဝ အထွေထွေရယ်
ညအသချော်နဲ့
ရွှေရောင် အရုဏ်သစ်ရယ်
မှုန်ညစ်ညစ် ဝက်ပါနဲ့
အကြင် ဆိပ်ကမ်းမြို့ရယ်
ချို့ငဲ့ ဆွံ့အခြင်းနဲ့
စဉ်းစားဆင်ခြင်တုံ တရားရယ်
ကြုံလှီ ချည့်နဲ့မှုနဲ့
လူ့အသိ အလိမ္မာ ကိစ္စတွေဟာ
အထိတ်တမ အရိပ်တပြပြနဲ့
သူ့ ဗဟိဒ္ဓနဲ့ အဇ္ဈတ္တမှာ
စိတ္တဇလို ခြောက်လှန့်ခဲ့ပြီ

http://www.cherrythitsar.org



မကြောက်လန့် သူ့ရဲ့ အတွေးသာ
သူ့ကိုယ်သူ ရွေးချယ် ထူထောင်နိုင်ခဲ့
သည့်လိုနဲ့ လူတစ်ယောက် ဖြစ်ခဲ့ပေါ့
ဟို ငယ်စဉ်က – အေ ဘီ စီ ဒီ နဲ့
ဒီဂရီဘွဲ့ ဝတ်စုံဟာ
လူ့ဂုဏ်သိက္ခာအလှကို
လုံခြုံစိတ်ချ ရပ့်မလား
ရှားပါးတဲ့ လူ့ဘဝဆိုတာ
ဗီရိုတစ်လုံးထဲက
အပေါင်ဆုံး ပစ္စည်းတစ်ခုလိုတော့
အို ... ဘယ်နည်းမှ မဖြစ်တန်ရာ ...။

♦

လူတချို့ဟာ
သူတို့ နေထိုင်ရာ ကမ္ဘာရဲ့
သဘာဝတရားကြီးကို
နဖားကြိုး ထိုးသလို ထိုးပြီး
အမျိုးမျိုး စေခိုင်းဖို့ ကြိုးစားကြ
ဟို မိုးကုပ်စက်ဝိုင်းအထိ ရောက်အောင်
ဖောက်ထွက်ဖို့ ကြံဆကြ
သန္တရသ ဓာတ်ကို
ဘတ်စ်ကား မှတ်တိုင်က – ရပ်စောင့်ကြ
ခါးတောင့်၊ ခြေညောင်းရင်း
လည်ပင်း ရေတကောင်းဖြစ်ကြ
နွေ မိုး ဆောင်း သံသရာမှာ
ကံကြမ္မာကို အသာစီးရအောင် ယူကြ

http://www.cherrythitsar.org



လှပတဲ့ (အက်စ်အီး) ငှက်ကလေးတွေဟာ
ဗိုလ်ချုပ်ဈေးမှာ နားခိုကြ
(တချို့ကျတော့ ...)
ဦးပုညရဲ့ ကဗျာပါးစပ်
ဘားနာ့ဒ်ရှောရဲ့ ပြဇာတ်လေသံနဲ့
ဘဝကို ခပ်မဲ့မဲ့ ဆက်ဆံကြ
မှန်တစ်ခါ ကြည့်ပြီးတိုင်း
ခေါင်းတစ်ခါ ဖြီးပြီးတိုင်းလည်း
ကိုယ့်သမိုင်း ကိုယ် မသိကြ
ငါးပိထဲရောက် ပျော်တဲ့လောက်ရယ်
ရွှံ့ရေနောက်ထဲ လူးတဲ့ကျွဲရယ်
မြေကြီးထဲမွှေ တီကောင်တွေရယ်
ရွှေရောင်လက်မြူး ပိုးစုန်းကြူးရယ်
အရူးတစ်ယောက်ရဲ့ စည်းစိမ်ရယ်
အချိန်နဲ့ ဟင်းလင်းပြင်
ဒြပ်စင်နဲ့ ဒြပ်ထု
ရွေ့လျားမှု သီဝရီရယ်
ဘယ်အရာဟာ အတည်ငြိမ်ဆုံးလဲ
အသုံးတန်ဖိုးဆိုတာ
ဘယ်လို အရာမျိုးလဲ
မကျိုးမပြတ် အဖိုးမဖြတ်နိုင်တဲ့
ပရမတ္ထ သစ္စာ အစစ်ဟာ
မီနီမတ်ကက် အသစ်ထဲက
နိုင်ငံခြားဖြစ် ပစ္စည်းတွေလား
စားဝတ်နေရေး ဈေးခင်းလေးလား

http://www.cherrythitsar.org



အတွေးမရှင်းတဲ့ လူသားဟာ
အာဟာရဓာတ် လောင်စာကို
ရှန်းကန် ရှာဖွေရင်း
တစ်ခါတစ်လေ (သူကိုယ်တိုင်ဟာ)
'လောင်စာ' ... ဖြစ်လို့ နစ်ပြီကော ...။

♦

လူ့ဖြစ်တည်မှု ဝိပါကနဲ့
နိဒါန အဆိုထဲမှာ ...
အာဒိကပ္ပ အလိုအရ
ဗြဟ္မာကြီး လေးဦးက စသတဲ့
ထာဝရ ဘုရားသခင်ရဲ့
ကြင်နာမှု အလိုအရတော့
အာဒံနဲ့ ဧဝရဲ့ ချစ်ဝိညာဉ်တဲ့
ဒါဝင်ရဲ့ အဆိုအရတော့
ဟိုအစ ... ကျောက်ခေတ်ဦးမှာ
မျောက်အဖြစ်က တစ်ဆင့်ကူး
အီဖော်လူးရှင်း ...
'လူ' ဖြစ်တည်ခြင်းတဲ့လေ
အင်း ...စဉ်းစားစရာပဲ့ ရှင်မရယ်
တချို့ကို မြင်ရတာဟာ
ဘဝမြေကြီးကို စိတ်မချ
အနိစ္စကိုလည်း မသိမမြင်
မျောက်လွှဲကျော် ယဉ်ကျေးမှုနဲ့
လူ့ဘဝမှာ နေထိုင်

http://www.cherrythitsar.org



ကိုယ် ဆုပ်ကိုင်ထားတဲ့
ယုံကြည်ချက်သံတိုင်တွေကို
တစ်တိုင်ပြီး တစ်တိုင် ကျော်ကူး
ဒါ – အီဖော်လူးရှင်းတဲ့လားကွယ်
စီးပွားရေး ဈေးကွက် မျက်နှာစာမှာ
ချွေးထွက်တဲ့ ဆိုက်ကားဆရာရယ်
ဘဏ်တိုက်အအေးခန်းထဲက
ငွေနွမ်းနေတဲ့ စာရေးမလေးရယ်
ဗီတာမင် သွေးအား
တစ်ရွေးသားမှ မဖြစ်တဲ့ ထမင်းပွဲရယ်
ကဲ – မျဉ်းဖြောင့် သုံးခု ဆွဲစပ်ကြည့်
သုံးနားညီ တြိဂံတစ်ခု ဖြစ်နိုင်တယ်
(တကယ် တန္တု ...)
သတိပဋ္ဌာန် တရားကို လျစ်လျူရှု
လူ့ပုံဝတ္ထုတွေကိုသာ
ဥပေက္ခာစိတ်နဲ့
တိတ်တိတ်လေး နေလိုက်မယ် ဆိုရင်
သိပ် – မောဟိုက်စရာ မလိုဘူးပေါ့
အခုတော့ ...
အခုတော့ သိတဲ့အတိုင်းပဲ ရှင်မရယ် ...။

http://www.cherrythitsar.org



လေးဆူဓာတ်ပုံ
ရွှေတိဂုံဘုရားကို ဖူးလို့
မြို့လယ်ကောင်မှာ
ရွှေရောက်ဝေစည်
ဆူးလေစေတီကို ကြည်ညိုလို့
အို ... သည်လိုနဲ့ပဲ
ခနေ လေးမြားကို ကိုင်ဆွဲပြီး
မြို့ထဲမှာ အမဲပစ်ထွက်တဲ့ လူ
သူကိုယ်တိုင် သားကောင်ဖြစ်ခဲ့
ချစ်မေတ္တာ အရှာကြူးသူဟာ
သူ့ရင်မှာ အမုန်းမြားစူးခဲ့
ထူးဆန်းတာကို စူးစမ်းချင်သူဟာ
ရင်ပူလို့ အရွေးခက်
လူစင်စစ်က (ဈေးကွက်) ဖြစ်ခဲ့
အနှစ်မဲ့တဲ့ လူသားဟာ
ကံထရိုက်တိုက် ပါးပါးလို
သွေးအား ကြံ့ခိုင်မှု မရှိပေမယ့်
မစ္ဆရိယ လွင်ပြင်ကို ရှပ်တိုက်
နေကာမျက်မှန် ခပ်မိုက်မိုက်နဲ့
သူ့ကိုယ်သူ ဇာတ်လိုက် လုပ်ခဲ့
ပုပ်နေတဲ့ ပန်းသီးဟာ
ဝမ်းမီးတောက် နေသူများကို
လှမ်းပြီး ခြောက်လှန့်သနဲ့
ယားနာပျောက်ဆေး ရောင်းသူမှာ
ပွေး ဝဲ နှင်းခူ ထူသနဲ့

ဟာကြူလီ လုပ်ချင်သူမှာ
တီဘီ အဆုပ်နာ ရသနဲ့
သစ္စာတေး သီဆိုသူဟာ
ရိုမီယိုကို အဆိပ်ကျွေးသတ်
ဂျူလီယက်ကို အိပ်ဆေးခတ်သနဲ့
နတ်ထွင်းတဲ့
ပါးစပ်ခံတွင်း ပိုင်ရှင်များဟာ
အချစ် ဒီပနီ လင်းရအောင်
မစ်(စ်) ဝီစကီ သီချင်းဖွင့်ပြီး
ပုလင်းဝိုင်း ...
ထမင်းဝိုင်း ဖွဲ့ကြသတဲ့
ကိုင်း– အားမကျနဲ့ ရှင်မရဲ့။
♦
ကွန်ပျူတာနဲ့ ထိန်းချုပ်
အသက်မရှူမလှုပ်တဲ့
စက်လူ အရုပ်တွေဟာ
လူလုပ်တဲ့ အလုပ်ကို ကြံဆရင်း
လူတွေကို ရန်စဖို့ ပြင်ဆင်
ဟောဒီ မြေပြင်မှာ နေတဲ့
လူတွေကို နှင်ထုတ်ဖို့ ကျိတ်ကြံ
ဒါ – စက်မှု သိပ္ပံ ခေတ်တဲ့လေ
စိတ်မညစ်ပါနဲ့ ရှင်မရယ် ...

http://www.cherrythitsar.org



တဒင်္ဂ ခဏငယ်ရဲ့
အလှကွယ်ပ – လကွယ်ညတွေမှာ
ဇရာ ဒုဗ္ဗလ ကျား ဟာ
မဟာဒုက္ခ သွားနဲ့
အာယုက္ခယ မနားမီ
လူသားရဲ့ ပျိုရွယ်မှုကို
လုယူဖဲ့ဝါး စားသောက်လိမ့်မယ်
မကြောက်ပါနဲ့ ရှင်မရယ် ...
မြင်နေကျ မျက်နှာများလို
သွားနေကျ အရပ်ဒေသလို
ဖတ်နေကျ စာအုပ်တချို့လို
ကိုယ့်ရုပ်ကိုယ် မြင်အောင်ကြည့်
ကိုယ့်အရိုကို ကိုယ်ဝေဖန်
ကိုယ့်ခန္ဓာဝန်ကြောင့် ဖြစ်ရတဲ့
ဒုက္ခဝဋ်ကြွေးတွေကို
အေးအေးဆေးဆေး ရင်ဆိုင်
ဘာမှ မမြင်နိုင်တဲ့ လူ့ခရီးမှာ
အကြီးမားဆုံး ဝန်ထုပ်ဟာ
(ဘဝကို ပေးဆပ်ရန် ရှိတဲ့)
အခွန်အတုပ်တွေပါပဲ
စာချုပ်စာတမ်း မရှိ
နှုတ်ကတိမလို
ကြိုတင်ငွေလည်း မတင်ရ
ဘဏ်တိုက်လို အဝင်အထွက် မခက်
(မျက်မြင်သက်သေတော့ ရှိတယ်)

http://www.cherrythitsar.org



ဇာတိနဲ့ မရဏ စပ်ကြား
ကံနဲ့ ကတ္တားကို ဖြတ်အသွားမှာ
မှတ်ထားစမ်း … ရှင်မရဲ့
အထင်ကရ အနားစခန်း တစ်ခုလေ
'ပံသုဂေဟာ – လူ့ရိပ်သာ' … တဲ့
ထို ဇရာမ …
(မနုဿ ဟိုတယ်ကြီးကိုမှ)
တည်းခိုခ မပေးဘူး ဆိုရင်
ကျေးဇူးကန်းရာ ရောက်လိမ့်မယ်။
♦
**'မိုက်သောသူ၏ နှုတ်မှာ**
**မာနကြိမ်လုံး ရှိ၏**
**ပညာရှိသူ၏ နှုတ်ခမ်းသည်**
**ကယ်တင်ခြင်းအမှုကို**
**ပြုတတ်၏'** … တဲ့
ရှင်မ … ဖတ်မိပါသလား
ကမ္ဘာဦးကျမ်းစာအုပ်ထဲက
သုတ္တံ တစ်ပုဒ်ဟာ
လူ့ဘဝ အလုပ်စခန်းမှာ
နှုတ်ခမ်းတွေကို လေ့လာတတ်ဖို့
စာအုပ်တွေကို ရှာဖွေတတ်ဖို့
ဘာသာဗေဒကို ဖွင့်ဆိုတတ်ဖို့
ခက်ဆစ်တွေကို အနက်သစ်ပေးဖို့
အေးစက်တဲ့ ရယ်မောသံ

http://www.cherrythitsar.org



အကြံအဖန် လုပ်ထားတဲ့ အပြုံး
သကာဖုံးထားတဲ့ အဆိပ်ခွက်
အိပ်စက်နေတဲ့ နာရီ
ယိုင်ယွဲ့ယွဲ့ ယုံကြည်မှုကို
အတု ၊ အစစ် ခွဲခြားတတ်ဖို့
အမှား ၊ အမှန် ဝေဖန်တတ်ဖို့
စာမတတ်ပေမယ့်
ရှာတတ်ရင် … တရားမြင် … ခင်တတ်ရင် …
အလုတွေ့မှာပေါ့
ဘဝကို စေ့စေ့စပ်စပ် ကြည့်
'မိမိကိုယ် မိမိ သိအောင်လုပ် …
ရာသီဥတုကို သိအောင်လုပ် …
မအောင်မြင်မှာကို
ကြောင့်ကြစရာ မဟုတ်' … တဲ့
**'ဆွန်ရူး'** ထုတ်ခဲ့တဲ့ တရား
ရှင်မ– ကြားဖူးတယ် မဟုတ်လား
လူသားဂုဏ်ပုဒ် သိအောင်လုပ်လေ
ပစ္စုပ္ပန်ရုပ် သိအောင်လုပ်လေ
အပေါင်း အနုတ် သိအောင်လုပ်လေ
ဒုတ္တိကန္တရ နွေလမ်းကြောင်းမှာ
သက်လုံကောင်းကောင်းနဲ့
ဇက်ကုန်မောင်းခဲ့ပေမယ့်
ဇောင်းထဲက ထွက်လာတဲ့ မြင်းဟာ
ပတ်ဝန်းကျင် မြင်ကွင်းကို အလျှင်း မသိနိုင်

http://www.cherrythitsar.org



လူရဲ့ သိစိတ်အမှန်နဲ့
မသိစိတ် သန္တာန်သာလျှင်
ပိတ်ထားတဲ့ စာမျက်နှာနဲ့
ကမာကောင်ထဲက ပုလဲကို
သဲသဲကွဲကွဲ မြင်ရမယ်
ရှင်မ မြင်တတ်ပါစကွယ်။

♦

လူ့ဘဝရဲ့ သက်တမ်းဟာ
နာရီလက်တံလို လည်ပတ်
ဘယ်အချိန်မှာ စက်ရပ်လို့
ဘယ်အချိန်မှာ ပျက်တတ်ပါသလဲ
မျက်စိတစ်မှိတ် လျှပ်တစ်ပြက်
ကြက်တစ်တွန်– ဒေါင်းတစ်ငေး
ယုန်တစ်ပြေး – ခွေးတစ်ဟောင်
ကြောင်တစ်ခုန် – ကောက်ရိုးပုံ တစ်မီး
ပေတစ်သီး – ကျီး တစ်သားစာမျှ
ထာဝရ မဟုတ်တဲ့
နာမ (ရုပ်) တွေပါ တကား
ဘာကြောင့်များ
မာန လုပ်ချင်ကြပါသလဲ
ကမ္ဘာကြီးစ, တည်ကတည်းက
သဘာဝ (ဓာတု) ဓာတ်တွေဟာ
အာယုကပ်တွေကို ဖြတ်သန်း
အဆန်းတကြယ် ဖြစ်ပေါ်
အသစ် အသစ် ပြောင်းလဲ
လျို့ဝှက် နက်နဲစွာ ဖန်တီး

http://www.cherrythitsar.org



နျူးကလီယား စမ်းသပ်
နေကြွတ်၊ လကြွတ်
ဂြိုဟ် နက္ခတ်တွေ အလုပ်ရှုပ်
ငလျင်လှုပ်၊ မိုးခေါင်
တောင်ပြို၊ ရေကြီး
လောင်မီး တဟုန်းဟုန်း
အိုဇုန်းလွှာ ပေါက်ပြဲ
သဲကန္တာရ မုန်တိုင်းနဲ့
ဒိုင်းနမိုက် ကမ္ဘာကြီး အကြောင်းကို
ဇီးကွက် လာဘ်ကောင်တွေ မသိဘူး
ပြူးကြောင်ကြောင် မျက်စိနဲ့ ကြည့်ပြီး
မိမိကိုယ်ကျိုး လာဘ်လာဘတွေ တိုးဖို့
အမျိုးအမျိုး ဆုတောင်းကြ
အရောင်းအဝယ် ကောင်းအောင် ကြံစည်ကြ
အမှီအခို ရှာဖွေကြ
ဗလိနတ်စာ ကျွေးကြ

... ... ...

ဈေးက ပြန်လာတဲ့ ရှင်မကိုတော့
မြင်ရရုံနဲ့ ရင်ဆို့
မျက်ဝန်းမှာ ညို့လို့ပါလား
ချို့ငဲ့ သံသရာမှာ
ကံကြမ္မာ ကပ်စေးနဲ့ကို
(ကုပ်) ဂုတ်ဆွဲပြီး အလဲထိုးလိုက်ချင်တယ်

http://www.cherrythitsar.org



အာနိုးလို စတိုင်မျိုးနဲ့ပေါ့
အခုတော့ ကြည့်လေ ...
**'မှတပါး အခြား မရှိပြီ'** ...ဆိုတဲ့
**မိုးမိုး (အင်းလျား)** ရဲ့ ဝတ္ထု
ကိုယ်တို့ တစ်ဖန် ပြန်ဖတ်ရှု။
♦
သမိုင်းဆိုတာ
အမှန်ကို ဖွေရှာခြင်းမှ တစ်ပါး
တခြား ဘာမျှ မဟုတ်ပါ ...
လုပ်ကြံ ဖုံးကွယ်မှု မပါတဲ့
အရိုးသားဆုံး ဝတ္ထု တစ်ပုဒ်ဆိုတာ
လူ့ အထုပ္ပတ္တိ ဖြစ်တယ် ...
ကျောက်ခေတ် ဂူအောင်း
ရေးလူဟောင်းတို့ ဘဝမှ အစ
၂၁ ရာစု အကြိုကာလ အထိ
**'လူတစ်ကိုယ်မှာ ...**
**မြေ ဘယ်လောက် လိုသလဲ'** ... ဆိုတဲ့
ထိုမေးခွန်း ပုစ္ဆာရှင်
တော်လ်စတွိုင်းကို တွေ့ရင် ပြောလိုက်ပါ
ကြံတော – မီးသင်္ဂြိုဟ်စက်ကြီးက
စက္ကန့်မိနစ် အနည်းငယ်နဲ့
အလွယ်ဆုံး ဖြေဆိုပြပါလိမ့်မယ်
အနတ္တ သဘောအရ
သတ္တလောကထဲက ... လူဟာ

http://www.cherrythitsar.org



ဖြူခါ ပြာခါ ကျသူကျ
အလှအပကို ရှာသူရှာ
ပေတစ်ရာလမ်းပေါ် ရောက်သူရောက်
နောက်ဆုံးပေါ် ဆလွန်း အက်စ်အီး
နိုင်တီတူး မော်ဒယ်မှ စီးသူစီး
ကန္တာရ ခရီးသည် ဖြစ်သူ ဖြစ်
(သူ့မှာတော့ ...)
ဥပစယ ရုပ်အသစ်တို့ဟာ
တဖြုတ်ဖြုတ် တလှစ်လှစ် ကွာကျရင်း
အာဟာရ တွင်းနက်နက်မှာ
ပါစက အဆင်းခက်လို့
အာလျ ခံတွင်း ပျက်နေဆဲ
ဟော – ဘဲဥတစ်လုံး ရှစ်ကျပ်တဲ့
အနားကပ်ပြီး ရှင်မကို တိုးတိုးမေး
ရှင်မ ့လက်ကို ဖြည်းဖြည်းကိုင်
ပတ်ဝန်းကျင်ကို ငေးငိုင်လျက်
အပြေးသွက်သွက်
အရွေးခက်ပြီပေါ့
ချွေးတစက်စက်နဲ့ ချာချာလည်
စျေးကွက်ထဲမှာ ဘာရှာဝယ်
ရှာပြန်ပါစို့ ရှင်မရယ် ....။

**မြန်မာ့ခေ၊ ဧပြီလ၊ ၁၉၉၃**

http://www.cherrythitsar.org

http://www.cherrythitsar.org



## မှန်အကြောင်း လူအကြောင်း

[သူတစ်ပါးတို့၏ စကားကြောင့် ခိုးသူ မဖြစ်နိုင်။
သူတစ်ပါးတို့၏ စကားကြောင့် သူတော်ကောင်း
လည်း မဖြစ်နိုင်။
ထိုသူတော်ကောင်း ဟုတ်သည်၊ မဟုတ်သည်ကို
မိမိကိုယ်တိုင် သိသကဲ့သို့ ...
ထို့အတူ နတ်တို့သည်လည်း သိကြကုန်၏။]

(မဟာကစ္စန ထေရဂါထာမှ)

http://www.cherrythitsar.org



**'တစ်ခါတစ်ရံ ...**
**အင်းယားကန်မှာ၊ မှန်ကလေး တစ်ချပ်**
**ဖျတ်ခနဲ ကွဲ'** ...သတဲ့
အမှတ်သညာ တရားထဲမှာ
စွဲခဲ့ဖူးတဲ့ ကဗျာတစ်ပုဒ်လေ
ဇရာရုပ်ကြောင့် မနုပျိုတော့တဲ့
ခုလို အချိန်မှာတောင်
သိင်္ဂါရ အချစ်တွေကို သယ်ဆောင်
ပန်းနုရောင် မေတ္တာဒြပ်စင်ကို
အမှတ်မထင် သတိရနေသတဲ့
နိစ္စရူဝ ဝတ္တရားနဲ့
မှန်ရှေ့ကို သွား ့ သွားပြီး
**'ငါ မအိုသေးပါလား ...**
**ငါ မအိုသေးပါလား'** လို့
အလောင်းစည်သူရဲ့ နှလုံးသား
ခဏငှားပြီး ကြွေးကြော်

http://www.cherrythitsar.org



ချွေးစော်မနံအောင်
လာဗီယာ ပေါင်ဒါမွှေးနဲ့ ဖန်ဆင်း
ဘရိုင်ခရင်းနဲ့ ဆံပင်ကို ခြယ်သ
အို …ပြယ်မွသွားတဲ့
ငယ်ဘဝပုံရိပ်ကို
တိတ်တိတ်လေး ပြန်လွမ်းရင်း
လှည်းတန်းထိပ်က လက်ဖက်ရည်ဆိုင်မှာ
(ဟိုတုန်းကလို စတိုင်နဲ့ …)
ပြန်ထိုင်ချင်သေးသတဲ့
ဒိုင်ယာလော့ အသစ်တွေနဲ့
ခေတ်ပေါ်ချာတိတ်တွေကို
သူ့စိတ်ထဲမှာ နည်းယူရင်း
ထီးဖြူလို့ ဖိနပ်ပါးချင်ပါး
သူ့အသက် ငါးဆယ်ကျော် ဆိုတာ
မှန်ရှေ့မှာ မေ့ထား ပစ်ခဲ့သတဲ့
ဒါဟာ …
သူ့ကိုယ်သူ လှည့်စားတာ မဟုတ်
တိုင်းမရှင်း ခလုတ်နှိပ်ပြီး
နှုတ်ဆိတ်စွာ အတိတ်ကို ပြန်သွား
သိပ်ခံစားချင်သတဲ့ ရှင်မရယ် …။

http://www.cherrythitsar.org



'ပရ' ပုံရိပ်တွေကို ဘေးချိတ်
'အတ္တ' ဂုဏ်ဟိတ်တွေကို တွေ့အောင်ရှာ
လိုချင်တာ ရအောင်ယူ
ဟောဒီ ဇမ္ဗူပေါ်မှာ
'သိပ်တော်တဲ့ လူပါတကား' ...လို့
ကမ္ဘာကြီးက မြှောက်စားတာကိုလည်း
မောက်မောက်ကြွားကြွား ခံယူချင်
တစ်နေ့တာရဲ့ အရှင်သခင်ဘဝကိုလည်း
မဆင်မခြင်နဲ့ ရချင်သေးသပ
ရှင်မကို ...
သူ့အကြောင်း ပြောပြဦးမယ်
သူနေတဲ့ လောကကြီးထဲက
အဟောဝတ ပြောပြမပြီး
အံ့ချီးမကုန်နိုင်တဲ့
ကြေးမုံမှန်ချပ်တွေကို
တစ်ချပ်ပြီး တစ်ချပ် ရိုက်ခွဲရင်း
ပုလင်းမှန် မှုန်ဝါးဝါးရယ်
ပြဒါးကွာနေတဲ့ မှန်အက်အက်နဲ့
မှန်ခွက်ခွက်၊ မှန်ခုံးခုံးတွေကို
ပြုံးကာ ရယ်ကာ ...သူတွယ်တာသတဲ့

http://www.cherrythitsar.org



**'မှန် တစ်ရာနဲ့**
**ငါရဲ့ ရုပ်ပုံ၊ ထောင့်ပေါင်းစုံက**
**အာရုံစိတ်ဆန်း၊ အမိဖမ်းလည်း**
**ပုံကြမ်းတစ်စ၊ ပုံလှတစ်ခု**
**ပုံနုတစ်သွယ်**
**ဘယ်မျှ တစ်စစီ ဖမ်းမမိ'*** ...တဲ့
အဲဒီ ကဗျာတစ်ပုဒ်ကို
သူ့ဆီ ပါဆယ်ထုပ်ပြီး
ဘယ်လိုလုပ် ပို့ရပ့ါမလဲ
ဟောဒီ ရုပ် ကမ္ဘာကြီးထဲက
ဖွဲ့စည်းမှု များစွာထဲမှာ
လူသားဆိုတာကို
သေသေချာချာ တွေးကြည့်ရင်
အသေးငယ်ဆုံး ကျူပင် တစ်ပင်
ဒါပေမယ့် ရှင်မရယ်
'စဥ်းစား ဆင်ခြင်တတ်တဲ့ ကျူပင်' ...
လူကို သည်လို သူမမြင်
မှန်ကွဲတွေနဲ့ သူပျော်ရွှင်

---

*'ကြည်အောင် ' ဟေမန္တ ခြေမြန်တော် ကဗျာများ ၁၉၉၁ မှ၊

http://www.cherrythitsar.org



အရိပ်အလျှံ တဖျတ်ဖျတ်နဲ့
စိတ်မှန် တစ်ချပ်ထဲမှာ ရပ်ပြီး ...
သူ့ကို အကဲခတ်နေသူဟာ
သူနဲ့ တထေရာတည်း တူတယ်ဆိုတာ
သည်လူ ဘာလို့ မေ့နေရတာလဲ
သူ (ဇကန်) တွေ့နေရတဲ့
မှန်ရှေ့က အဲဒီလူဟာ
သူ့အတွက်ကို အဖုံးလုပ်ပြီး
ဆုံးဖြတ်ချက် ချမယ့်လူ ဆိုတာကော
သည်လူ ...
ဘာသဘောနဲ့ မမြင်ရတာလဲ
ရှင်မ ... သိချင်ပါသလား
သူ့မှာ အဖော်သဟာ ပျော်စရာနဲ့
ဒေါ်လာတွေ ရှိတယ် ...
ဇာတိပုည ဂုဏ်မာနနဲ့
ယုန်(ပါပ)တွေ ရှိတယ် ...
ထိလိုက်ရင် ... ရွှေစင်
မွှေလိုက်ရင် ... ငွေထမင်းပေါ့
နွေပြတင်းမှာ
လေညင်းလုပ်တဲ့စက် ရှိတယ် ...

http://www.cherrythitsar.org



ကိုင်း …သူဘာရှိချင်သေးလဲ
သူ ဘာလိုချင်သေးလဲ
သူ့လက်ထဲမှာ ဝှက်ဖဲတစ်ချပ်နဲ့
ထူးဆန်းတဲ့ မီးခွက် ရှိနေတယ်
တချို့လူတွေကတော့
သူ့ကို မော့ကြည့်ပြီး အံ့သြကြ
ချီးကျူး ထောမနာပြုကြ
အတုမဲ့ လူသားဆိုပြီး ကြည်ညိုကြ
လိုရင်း တိုရှင်းသမားလို့ လေးစားကြ
ဇရာမ ဉာဏ်ကြီးရှင်လို့ ထင်မှတ်ကြ
(မှန်သားပြင်ထဲက – လူကတော့ )
သူ့ကိုယ်သူ ပြန်ကြည့်ဖို့ ရှက်နေသတဲ့
မှန်အပြင်ဖက်က လူသားကို
အလကား ငထုံ ့ ငအ
'လူ့အန္တကြီး … ဖိုးတွမ်တီး' …တဲ့
ဒေါသကြီးစွာ နှင်ချတာ
ရှင်မ …မြင်ဖူးပါသလား
ရှင်မ …ကြားဖူးပါသလား
မှန်နဲ့ လူသား ဖြစ်ပုံများ …။

http://www.cherrythitsar.org



မှန်ရှေ့မှာ ရပ်ပြီး
စာအုပ်ထူကြီးတွေကို ရွတ်ဖတ်
မှန်ထဲမှာ ပြန်ဟပ်နေတဲ့
သူ့သဏ္ဍာန် သူ့ပုံရိပ်ကို
သူ့ပရိသတ်လို့ သူထင်
မှန်မျက်နှာပြင်နဲ့ စကားပြော
ဘယ်တော့မှ မမောတဲ့လူ
**'ပြောသူ၊ နာသူ ...သတိမူ' ...တဲ့**
**'စကားကျယ်သူ ... ဗုဒ္ဓဆူ'...သတဲ့**
**စကားထူပြား ...အပြစ်ပွား' ...သတဲ့**
**စကားအမှား ငရဲလား' ...သတဲ့**
ဘာသာတရားရဲ့ အဆုံးအမကိုလည်း
လုံးဝ မနာခံတဲ့လူ
ပုဂံခေတ်က
ကျန်စစ်သားရဲ့ စကား
အင်းဝခေတ်က
ရာဇဓိရာဇ်ရဲ့ စကား
တောင်ငူခေတ်က
နတ်သျှင်နောင်ရဲ့ စကား
ညောင်ရမ်းခေတ်က
ပဒေသရာဇာရဲ့ စကား
ကုန်ဘောင်ခေတ်က
ကနောင်မင်းသားရဲ့ စကား
ဘယ်စကားမှ နားမကျတဲ့သူ

http://www.cherrythitsar.org



ဒေသိယ စကား
စေတသိက စကား
အရှွန်းအပြက်စကား
အစွန်းနှစ်ဖက် စကား
ဝိရုဒ္ဓ အာဂမ စကား
ပဋိပုစ္ဆ ဗျာကရဏ စကား
အလင်္ကာ စကား ,မင်္ဂလာစကားနဲ့
စကားအရာ ၁၀အင်္ဂါနဲ့
တစ်အင်္ဂါမျှ မသိတဲ့လူ
အဲဒီလူဟာ မှန်နဲ့ မိတ်ဖွဲ့ပြီး
အိပ်တဲ့ အချိန်မှ တစ်ပါး
မှန်ကြည့်ပြီး စကားပြောသူ
ဟောဒီ ပါးစပ်ကြီးကို
ကော်ကပ်ပြီး ပိတ်ထားချင်သတဲ့
သူ့အိမ်ရှင်မ မျက်မှောင်ကြုတ်
သည်လူကတော့ အဖက်တောင်မလုပ်
မှန်တစ်ချပ်နဲ့ ဟန်ဓာတ်ခုတ်သူ ...။

http://www.cherrythitsar.org



တစ်ခါတုန်းက
'အာဖ်ထီး' လို့ အမည်ရတဲ့
ခပ်အအ ... ခပ်ထိုင်းထိုင်း
ဝါဂီ တိုင်းရင်းသား တစ်ယောက်ဟာ
ဓားကိုင် မကျွမ်းကျင်
ဆံပင် မညှပ်တတ်သေးတဲ့
ဆတ္တာသည် တစ်ဦးထံမှာ
ဦးပြည်းအရိတ်ခံဖို့သွားတော့
အာဖ်ထီးရဲ့ ဦးရေပြားမှာ
ဓား ... လေး、ငါးချက် ထိသွားတယ်
အဲဒီ ဓားခတ်မိလို့
စပ်နေမယ့် နေရာကို
ဆတ္တာသည်က
ဝါဂွမ်းဖတ် ဖြူဖြူလေးတွေနဲ့
ကပ်ပေးလိုက်သတဲ့
သည်လို့နဲ့ ခေါင်းတုံးလည်း ရိတ်ပြီးရော
အာဖ်တီး ဟာ
မှန့်ရှေ့မှာ ရပ်ကြည့်ပြီး

http://www.cherrythitsar.org



'ဟာ ... ခင်ဗျားလက်ရာ
တယ်ကောင်းပါလား
ကျုပ် ခေါင်းတစ်ခြမ်းမှာ
ဝါဂွမ်းပင်တွေတောင် ဖွေးလို့
စိုက်ပေးလိုက်သေးသကိုး
အေး ... ကျန်တဲ့အခြမ်း တစ်ဝိုက်မှာတော့
ကျုပ် နှမ်းစိုက်ပါ့ရစေဗျာ' ... တဲ့
ဆတ္တာသည်ကို ဟာသနှောလို့
အာဖံထီး ဟာ ပြန်ပြောခဲ့တယ်
(မှန်ကြည့်ခဲ့ပေလို့သာပေါ့ ...)
ဟောဒီလူကတော့လေ
တေမိလိုပုံနဲ့
ရေငုံနှုတ်ပိတ် နေပေမယ့်
ကြေးမုံမှန်ရိပ်ကိုတော့ ရန်စောင်
ဟန်ဆောင်မရ ...
မှန်ထောင်ပြတဲ့ လူကိုလည်း
ငြူစူမာန်မဲလို့ပေါ့
မှန်ကွဲ မှန်အက်နဲ့
မှန်ခွက် မှန်ခုံးတွေထဲမှာ
ပုန်းကာ ... ကွယ်ကာ
ပြုံးကာ ... ရယ်ကာ
အလှရှာသတဲ့
သည်လူ ရှာလည်တော့မှာပဲ ...။

http://www.cherrythitsar.org



ဟိုတစ်ခါတုန်းက
ဝဏ္ဏ မစ္ဆရိယ တဲ့
ကိုယ့်ထက်လှရင် မနာလိုသူ
သဝန်တိုစိတ်နဲ့ နှိပ်စက်တတ်သူ
ခက်ထန်တဲ့ မိဖုရားတစ်ပါးမှာ
မေးသမျှ ပုစ္ဆာစကားကို
ဟုတ်တိုင်းမှန်ရာ ဖြေကြားနိုင်တဲ့
စကားပြောတဲ့ မှန်တစ်ချပ်ရှိတယ်
အဲဒီမှန်ကိုကြည့်ပြီး
မိဖုရားကြီး မေးနေကျစကားဟာ
'ကမ္ဘာပေါ်မှာ ဘယ်သူအလှဆုံးလဲ' … တဲ့
မှန်ထဲက –
ပြောနေကျ အဖြေစကားကလည်း
'အရှင် မိဖုရားကြီးမှ တစ်ပါး
အခြားသူ မရှိပါ' … လို့ ဆိုသတဲ့
သည်လိုနဲ့ တစ်ခါတော့
"ဟောဒီကမ္ဘာပေါ်မှာ …
အရှင်မိဖုရားထက် သာသူဟာ
မနှင်းဖြူလေး ဖြစ်ပါတယ် …" လို့
မကွယ်မဝှက်
မှန်ထဲက အဖြေလဲထွက်ရော
ကိုယ့်ထက်သာသူကို
မနာလိုတတ်တဲ့ မိဖုရားဟာ
သတိတရား လက်လွတ်ပြီး

http://www.cherrythitsar.org



မနှင်းဖြူလေးကို ကွပ်မျက်ဖို့
မုဆိုးရဲ့လက်
ဝ ့ကွက်ပြီး အပ်လိုက်တယ်
မုဆိုးလက်ကလွတ်မြောက်
လူပုကလေး ခုနစ်ယောက်က ကယ်တင်
မနှင်းဖြူ အသက်ရှင်နေတာကို
တစ်ရက်တောင် မမြင်ချင်တဲ့
အရှင်သခင် မိဖုရားကြီးဟာ
နည်းမျိုးစုံနဲ့ သတ်ဖို့ကြိုးစား
ရိုးသားတဲ့ မနှင်းဖြူလေးဟာ
လူသူတော်ကောင်းတွေနဲ့ တွေ့ပေါ့
နောက်ဆုံးတစ်နေ့တော့
ပျော်မွေ့စွာ ဇာတ်သိမ်းနဲ့
မင်းသားလေးတစ်ပါးနဲ့ ထိမ်းမြား
ကြီးကျယ်ခမ်းနားစွာ ဆင်ယင်တဲ့
ထိုမင်္ဂလာပွဲသဘင်ကို
ဟို အရှင်မိဖုရားကို ဖိတ်ကြားတော့
စိတ်ထားယုတ်မာသူ မိန်းမကြီးဟာ
မင်းသမီးလေးရဲ့ အလှကို
ရုတ်တရက် တွေ့လိုက်ရင်ပဲ
စွေ့ခနဲ့ ခုန်ပေါက်
ဒေါသစိတ်တွေ ငယ်ထိပ်ရောက်
ကြမ်းပေါ်မှာ မှောက်ကျကာ
အသက်ပျောက်ရှာသတဲ့လေ

http://www.cherrythitsar.org



(စနိုးဝှိုက်) မနှင်းဖြူကလေးနဲ့
လူပုလေး ခုနှစ်ဖော်ပုံပြင်
ရှင်မ ဘယ်လိုမြင်ပါသလဲ ....။
♦
ဟို မိဖုရားကြည့်တဲ့ မှန်
စနိုးဝှိုက် ကြည့်တဲ့ မှန်
အာဖံထီး ကြည့်တဲ့ မှန်
နပိုလီယံ ကြည့်တဲ့ မှန်
လူပေါ်ပင် ကြည့်တဲ့ မှန်
သူတော်စင် ကြည့်တဲ့ မှန်
ကြောင်အက်နေတဲ့ မှန်
အရောင်လက်နေတဲ့ မှန်
ပြဒါးကွာနေတဲ့ မှန်
တရားရှာနေတဲ့ မှန်
ဖုန်အညစ်တင်တဲ့ မှန်
ပုံအသစ်မြင်တဲ့ မှန်
အပြစ်ရှာ ရမ္မက်ဖုံးတဲ့ မှန်
သစ္စာမျက်လုံးနဲ့ မှန်
မနသိစိတ် ပျောက်တဲ့ မှန်
ပုဗ္ဗနိမိတ် ရောက်တဲ့ မှန်
ကြိစည်သမျှ ရှုးနှမ်းတဲ့ မှန်
ဂမ္ဘီရ ထူးဆန်းတဲ့ မှန်

http://www.cherrythitsar.org



ဘယ်မှန်တွေ ဘယ်လိုပြပြ
ဘယ်အလှ ဘယ်လိုပြင်ပြင်
ဘယ်အဆင် ဘယ်လို ဖိတ်ဖိတ်
စိတ်အထာ မသန့်ရင်
လိပ်ပြာလန့်သတဲ့ ရှင်မရယ်
အသန့်ရှင်းဆုံး မှန်နဲ့
အမှန်ကန်ဆုံး မှန်ဆိုတာ
ကြည့်သူရဲ့ စိတ်သန္တာန်မှာ
အတိတ်ကံ အမျှင်မပြတ်သလို
အရိပ်သဏ္ဍာန် ထင်ဟပ်နေတယ်
ရှင်မ ... မြင်တတ်ပါစေကွယ်
ကိုယ့်မျက်နှာ စောင်းရွဲ့လို့
ခေါင်းနဲ့ကိုယ် ဟန်ချက်မညီရင်
မှန်မျက်နှာပြင်ကို
အပြစ်မတင်နဲ့လေ
စိတ်အကျည်းတန်နေရင်
သိပ်အထီးကျန်ဆန်တဲ့ မှန်ကို
ရန်မလိုနဲ့ ရှင်မရယ်
အစဉ်ထာဝရလေ
သဘာဝမှန်မှ လှစေ ချော ...
ဘဝ သံဝေ ရစေ သောဝ် ...။

http://www.cherrythitsar.org



ဉာဏ်သတိနဲ့ အတူ
မှန်ကြည့်တဲ့ လူဟာ
မှန်ထဲက ... လူနဲ့
သမူဟ လက်တွဲလို့
အတူတကွ အသက်ရဲကာ
အခက်အခဲ အသွယ်သွယ်
အန္တရာယ် အထပ်ထပ်ကို
ကျော်ဖြတ်၊ ရှန်းကန်၊ တည်ဆောက်
အမှန်ကို ရောက်အောင်လေ့လာ
အမှန်ကို တွေ့အောင်ရှာရလိမ့်မယ်
မှန်ရှေ့က ... လူဟာ
မှန်ထဲမှာ တွေ့နေရတဲ့ လူရဲ့
ကြည်ဖြူနှစ်သက် လေးစားမှု
ရင်းနှီးချစ်ခင် နားလည်မှု
ယုံကြည်စိတ်ချ ဆက်ဆံမှု
မိတ်ဆွေအဖြစ် လက်ခံမှုကို ဂရုစမ္မ ထားပြီး
ကုသလတရား ပွားများရလိမ့်မယ်
တကယ်တော့ ရှင်မရယ်
ကိုယ်မြင်နေကျနဲ့
ကိုယ်မြင်နေရတဲ့
မှန်ထဲက လူရဲ့ စေတသိက်မှာ
ကျေနပ်နှစ်သိမ့်ဖို့သာ ပဓာန
ကျန်တာတွေက သာမညပါ
ဘဝဆိုတဲ့ အိမ်ကြီးထဲမှာ
တစ်ကြိမ်သာ နေထိုင်ခွင့်ရှိပြီး

http://www.cherrythitsar.org



မိမိပြုနိုင်တဲ့ မင်္ဂလာတရားနဲ့
ကြင်နာသနားဖွယ် မှန်သမျှကို
မျက်ကွယ် မပြုမိစေဖို့
သိသိကြီးနဲ့ပဲ
မိမိကိုယ်မိမိ ညာချင်ညာ
မှန်ထဲမှာ ကြည့်မြင်နေရတဲ့
ဝိညာဉ်ကို မညာဖြီးမိဖို့
ကမ္ဘာကြီးကို အရူးလုပ်နိုင်ရင်တော့
ဒူတုပ် ခစားကြလိမ့်မယ်
အပြုံးရုပ်တွေကလည်း
ပခုံးပုတ်ပြီး ကြော်ငြာလို့
'တော်ပါပေတယ်ဗျာ' ...ဆိုကြမယ်
ဘော်ဒါတွေကလည်း
အဖျော်ယမကာ အယုအယတွေ
ဒေါ်လာ အတုအပတွေနဲ့
'အော်စကာဆု' ချကြလိမ့်မယ်
အေး ...မှန်ထဲက လူကို ပြန်ညာရင်တော့
သံသရာဘဝ ... ဘဝမှာ
အဖန်တရာ ... နစ်ရာ မက
ကံကြမ္မာ မလှမပနဲ့
ဒဏ်ရာ အနာတရ မြင်ရမယ်
ရှင်မရယ် ...
မှန်ကို ကြည့်စေ ့ သိစေနော ...
သတိသံဝေ မြဲစေသော် ...။

**မြန်မာ့ဓနေ၊ မေလ၊ ၁၉၉၃**

http://www.cherrythitsar.org

http://www.cherrythitsar.org



## ဝသန္တအကဲဆေး

[အထက်သို့ ပျံ့လွင့်သွားသော လေကို အစားထိုးရန် မြင့်မားသော ရခိုင်ရိုးမတောင်တန်းကို ဖြတ်ကျော် လာရသဖြင့် အအေးဓာတ် ရိုက်ကာ မိုးရွာချလေ သည်။
ဤသည် ပထဝီဝင် စာအုပ်များက ဖွင့်ဆိုသော မိုးရွာသွန်းပုံ အကြောင်း ဖြစ်ပါသည်။]

'မိုးနှင့် စေတနာ'

တိုက်စိုး စာတိုနန့်နန့်

၁၉၇၅ ဧပြီလမှ…

http://www.cherrythitsar.org



နှစ်ဟောင်းကို ကျော်လွှား
'ထောင့်သုံးရာ ငါးဆယ့်ငါး' ...
ထူးခြားတဲ့ သက္ကရာဇ်မှာ
နှစ်ကို ကြက်စောင့်
လကို အဘယနတ်စောင့်
မြေကို ကုမ္ဘဏ်စောင့်
ရေကို နဂါးစောင့်
မိုးကို နွားစောင့်လို့
တောကို ကရဝိက်ငှက်စောင့်သတဲ့
လူတို့ရဲ့ အဓိပတိကား
ပုဏ္ဏား ...တဲ့
ကြားရုံနဲ့ ဖျားသွားတယ်
(ဘုရား ... ဘုရား ...)
ဝဿကာရ ပုဏ္ဏားလား
သူတော်စင် ပုဏ္ဏားလား
စဉ်းစားရင်း စိတ်လှုပ်ရှား

http://www.cherrythitsar.org



ဝါးတို့ရဲ့ အဓိပတိကား
ကြခတ်ဝါး ...တဲ့
မြက်တို့ရဲ့ အဓိပတိကား
'သက်ငယ်'လို့ ဆိုပါလား
သကြိုန်စာကို ဖတ်ကြားတော့
အပ်ဖျားနဲ့ ဆွလိုက်သလိုပဲ
ရင်ထဲမှာ စစ်ခနဲဖြစ်
သည်နှစ် အိမ်မိုးဖို့ အတွက်
သက်ငယ်ပျစ်လည်း မရှိ
ဓနိလည်း ရှားပါး
ဝါးလည်း မလုံမလောက်
ဟောဒီ ကောင်းကင်ဘုံအောက်မှာ
ပေါက်ပြဲနေတဲ့ တဲအိမ်လေး
မိုးရေထဲမှာ ဆွေးတော့မယ်
ဝေဒနာ မိုးစက်ပွင့်တွေဟာ
မုတ်သုန် ကန့်လန့်ကာ ဖွင့်ပြီး
လွင့်စင် ကြွေကျ ကြွေမွှတော့မယ်
လှပတဲ့ ဝသန္တအက်ဆေးကို
သူ ဘယ်လိုတွေး ဘယ်လို ရေးမလဲ
ဟို အဝေးက မိုးမျက်နှာကြက်မှာ
လျှပ်စီးတွေတောင် လက်လို့ပါလား

http://www.cherrythitsar.org



ညို့တော့မလိုလို
ပြို့တော့ မယောင်ယောင်
မှောင်တော့မယ့် ဟန်မျိုး
ငြိုးတော့မယ် မာန်ဟုန်နဲ့
အို ... မိုး အမှုန်ရယ်
ရန်ကုန်က လူသား
(ဟောဒီ မြန်မာပြည်သားတွေဟာ)
မိုးရေနဲ့ အတူသွားလို့
မိုးရေနဲ့ အတူ ကစား
မိုးရဲ့ လူသားလည်း ဖြစ်
မိုးရဲ့ ဖွားဖက်တော် အစစ်ပါ
သတိအမြစ် မညှိုးအောင်
အသိသစ်တွေ ပျိုးနေခိုက်
**'မရှိမဖြစ် မိုး'** တဲ့လား
(ဟဲလို ...နိုး ...နိုး ...နိုး ...)
ခနိပျစ် တစ်ရိုးကို သုံးကျပ်တဲ့
ဝတ္ထုတစ်ခါ ငှားဖတ် သုံးကျပ်တဲ့
ဘယ်သင်းကို ဆုံးဖြတ်မလဲ
မိုးတွင်းစီး ဖိနပ်လေး ဝယ်သွားမလား
မိုးရာသီ သီးနှံလေး ဝယ်စားမလား
နွေအနားမှာ အနေကြာတော့
နွေအနာ သွေ့ခွာဆန့်ကျင်ခဲ့
သန့်စင်တဲ့ မိုးရေကို ငံ့လင့်

http://www.cherrythitsar.org



ဒါပေမယ့်လေ ...
မိုးရေမှာ အဆိပ်ခပ်မယ့်
နျူးကလီးယား အဆိပ်ဓာတ်တွေဟာ
မိုးတိမ်မှာ အရိပ်မဟပ်စေရ
နိစ္စပါတ် စိမ်းလန်းသာယာဖို့
ဘိန်းခန်းမှာ ရွာတဲ့မိုးလို
တန်ဖိုး မပျောက်စေရ
ပေါက္ခရဝဿ အမျိုး
ကြာတောမှာ ရွာတဲ့မိုးလို
တစိုးတစိမျှ
ကိုယ်ကျိုးကြည့်ပြီး မရွာရ
မိုးမိရင် ... ဘာမီတွန်
မိုးလွန်ရင် ... တေဇောဘမ်းပေါ့
မိုးရေထဲမှာ အလွမ်းဖက်လို့
မိုးစွေထဲမှာ အလှမ်းခက်ကာ
မိုးတွေထဲမှာ အချမ်းတက်ရင်ဖြင့်
ရှင်မရေ ...
ဝမ်းပက် ့ တူးပက်လောက်
စိတ်ကူးမပျက်အောင် သောက်လိုက်မယ်တဲ့
မိုးမကြောက်တဲ့ သည်လူဟာ
**'မုန်းပါဘု မိုးဝဋ္ဋာရယ်**
**ကိုးကမ္ဘာ ဇွေအုံးတော့လေး'** ... ဆိုတဲ့
စလေဦးပုညရဲ့ တေးထပ်ကို
အဆွေးဓာတ်ခံနဲ့ ဆိုကြည့်ရင်း
သူ ့ စဉ်းစားခန်း ဝင်နေတယ်။

http://www.cherrythitsar.org



'ထောင့်ကိုးရာ လေးဆယ့်ခွန်'
ဟိုလွန်ခဲ့တဲ့ (၄၆) နှစ်တုန်းက
အမုန်းငြိုးကာ မုန်းမိုးရွာသတဲ့
မိစ္ဆာတို့ လက်ကြမ်းကြောင့်
အာဇာနည်ဂျူလိုင်ပန်းတွေဟာ
သွေးစက်တွေ ပေစွန်း
မိုးရေထဲမှာ ကြွေပွန်းခဲ့ရ
သောကအသံတိတ်နဲ့
တစ်လောကလုံး အံကြိတ်ခဲ့ကြ
အတိုင်းအဆမရှိ
သမိုင်းဘဝ အတိပြီးတဲ့
ကမ္ဘာမြေကြီးရဲ့ ငိုပွက်သံဟာ
ဟို အထက်ယံအထိ လွင့်မျော
ပြောမပြတတ်အောင် ခံစား
ကံတရားကို မကျေနပ်ခဲ့ကြ
မိုးရေထဲ ထွက်ပြီး
လက်သီးကို ကျစ်ကျစ်ဆုပ်
ဝိဘစ္ဆရုပ်နဲ့ ပေါက်ကွဲပစ်ခဲ့ကြ
အို ... လေးဆယ့်ခြောက်နှစ်တာလတောင်
ကြာခဲ့ရပြီပဲ ...

http://www.cherrythitsar.org



အဲသည်တုန်းက အဖြစ်
စကားထစ်ထစ်နဲ့
ငါးနှစ်သားကောင်ငယ်လေးဟာ
အခုတော့ အသက်ငါးဆယ်ကျော်သွားပြီ
သူ့သိပ်အားငယ်နေတဲ့အခါ
ဗွီဒီယို (သိုင်းကား) ကြည့်တတ်တယ်
သူ့သိပ်စိတ်တိုတဲ့အခါ
ကွမ်းယာဝယ်စားပြီး
ဒေါသစိတ်ကို ကြိတ်ဝါး
စပ်ခါးခါးကွမ်းတံတွေးကို
ထွီခနဲ ထွေးထုတ်တတ်တယ်
သူ့အတွေးရှုပ်နေတဲ့အခါ
လူအုပ်ထဲဝင်တိုး
သစ်ပင်အောက်မှာ မိုးခို
ပုဆိုးတိုတို ပြင်ဝတ်တတ်တယ်
ဒါပေမယ့် ရှင်မရယ်
မိုးမှောင်ကြီး ပြိုကျလို့
ငိုပြမယ် ထင်သလားကွယ်
အားယူစဉ် ချော်လဲလို့
အဖော်ကွဲမယ် ထင်သလားကွယ်
လျှပ်နွယ်တွေ ပြိုးပြက်လို့
ညှိုးအက်မယ် ထင်သလားကွယ်
သည်လူ မိုးကို သိပ်ချစ်တယ် ...။

http://www.cherrythitsar.org



ဝသန္တနှစ်တွေမှာ
ဝဏ်္ဏ မြစ်ရေတွေလျှံ
သစ်ပင်တွေရဲ့ ရယ်မောသံ
ရောဂါပိုးနဲ့ ယင်ကောင်များ
ဈေးကွက်စီးပွားရေးဝတ္ထု
အလုအယက် တက်လာတဲ့
ခရုနဲ့ ပက်ကျိ
မျက်စိရှုပ်ဖွယ် အမှိုက်ပုံ
ပုဆိုးခြုံထဲက ဟာရီကိန်းငဲ့
ဟိုမှာ အစိမ်းရောင် မူလတန်းကျောင်းလေး
ခေါင်းလောင်းထိုးတော့မယ်
မိုးသားတွေ ပြုံမှောင်လို့
ဟိုတောင်ဆီက မေဃဒူတခင်ဗျား
မကောင်းမှုများကို ဖယ်ခွင်း
မိုးရေနဲ့ သန့်ရှင်းဆေးကြောပေးပါ
ဆရာမလေးတွေ စာသင်တော့မယ်
ကလေးတွေ စာသင်တော့မယ်
ကလေးတွေ စာကျက်တော့မယ်
ဟော ...လျှပ်စစ်မီး ပျက်သွားပြီ
'သားရေ ဒီကိစ္စအတွက်တော့
အက်ဒီဆင်လည်း မဖြေတတ်
အဖေလည်း မတတ်နိုင်ဘူး
ဖယောင်းတိုင်ကိုသာ အားကိုးကွယ်

http://www.cherrythitsar.org



ယိုးဒယားမယ် ... တံဆိပ်
ပင်ဒါ၀က်ဝံ... တံဆိပ်
ဆင်မင်း ... ရွှေကျား
ရွှေမင်းသားတံဆိပ်နဲ့
အောင်စကြာ တံဆိပ်တဲ့
မှောင်ရိပ်ကို ဖယ်ခွင်းနိုင်ပေမယ့်
ဖယောင်းတိုင် တစ်တိုင်သုံးကျပ်
အဖေ မပြုံးတတ်တော့ဘူးကွယ်
တကယ်လို့ အခုလိုအချိန်မှာ
ဖိမ်ခံဖို့ မွေ့ယာအိညက်ညက်
ကက်ဆက်သံ ချိုအီအီ
ဝီစကီ ပန်းနုရောင်
ငါးမန်းတောင် ဟင်းချိုတစ်ခွက်
ရမ္မက်ဗွီဒီယို အပြာနဲ့
ကော်ရီလာ အဖြူငှက်လေးဟာ
အဖေ့ကို မြှူဖက်ထွေးဖို့
သူ ,လက်ပေးပြီး ခေါ်ရင်တောင်
ဟောဒီ မဟူရာ မိုးမှောင်ကြီးအောက်မှာ
တောက်–တစ်ချက် ခေါက်ပစ်လိုက်မယ်
အများကြိုက် မိုးခါးရေတစ်ပေါက်ကိုတော့
ဘယ်တော့မှ မသောက်ဖူးသား ...’တဲ့
သူ့စကားကို
ဘယ်သူကြားလိုက်ပါသလဲ ...။

http://www.cherrythitsar.org



**'ပျိုးကြဲတုန်းက မြေမှန်စေ'**
**'မိုးသဲ (သည်း) တုန်းမှာ ရေခံလေ'** တဲ့
ရေလျှံနေတဲ့ လူဟာ
(သူ) တော့ မဟုတ်တန်ရာ
ကံဇာတာ ကွက်ကျားမိုးဟာ
ဘယ်သူ့ရေအိုးထဲ ရောက်နေလဲ
သူ့အိုးကတော့ ပေါက်နေဆဲပေါ့
တံစက်မြိတ် ရေတံလျှောက်က
တစ်ပေါက်ပေါက်ကျနေတဲ့ မိုးစက်
ထမင်းတစ်အိုးတောင် ချက်နိုင်ပါ့မလား
ဖျားနေတဲ့ သစ်ပင်လေးဟာ
သည်မိုးမှာ ရှင်သန်နိုင်ပါ့မလား
မိုးသားတွေ တရိပ်ရိပ်နဲ့
တလိပ်လိပ်လာနေပြီ
ဟို တစ်နွေလုံး ညှိုးနွမ်းခဲ့တဲ့
နွေမုန်းကမ္ဘာ ပန်းမာလာတို့
လန်းကာဆန်းကာ ...
ဝမ်းသာနေရော့မယ် ...
အခုတော့ ...ကြည့်လေ
ရမထာ ရွှေကြိမ်လုံးရယ်နဲ့
ထွန်တုံးပေါ်မှာ ခြေမတင်နိုင်သေး
မြက်စိုဖြိုင်ဖြိုင် မစားနိုင်လို့
ခါးယိုင်နေတဲ့ နွားတစ်ရှဉ်းဟာ

http://www.cherrythitsar.org



မိုးလင်းတာတောင်မှ
ပျိုးခင်းကို မဝင်နိုင်သေး
ကောင်းကင်က ရွှေပိန်ညင်းဟာ
မိုးခေါ်လို့ မဆင်းနိုင်သေး
ဝေး ... ခက်ပြီပေါ့ ရှင်မရယ်
မမြင်ရတဲ့ မိုးတိမ်တမန်ကို
ဟိုး ... တိမ်ယံထဲမှာ အသော့လိုက်ရှာ
ပြီးတော့ ...
မော့စ်ရိုက်ပြီး အမြန်ခေါ်မယ်
မိုးခေါင်ကျော်စွာနတ်ကို
ဒေါ်လာနဲ့ ပူဇော်ပသပြီး
မိုးခေါ်ဖို့ လွှန်ဆွဲကြမယ်
လွှန်ပွဲမှာ အခြေမကောင်းရင်တော့
နေမစောင်းခင် ရေကြောင်းပြင်မယ်
သူ့အကြောင်းကို အငြင်းပွားလို့
အတင်းစကားမပြောကြနဲ့
သင်္ဘောသား သွားလုပ်မယ် ... တဲ့
အခုတော့ ငုတ်တုတ်လေးထိုင်ရင်း
ခပ်ပျင်းပျင်းနဲ့ အသာငြိမ်လို့ပေါ့
တာဝတိံမှာ
မဟာဝရဇိန်နဲ့ ဒိုးမွှေပြမယ့်
မိုးလေဝသကို အချိန်စောင့် ...

http://www.cherrythitsar.org



ဟောဒီ မိုးဥတုမှာ
ပျိုးနုနုလေးတွေ ရှင်သန်ပါမှ
အိမ်ရှင်မတွေရဲ့
ကြင်နာသံလေးတွေ ကြားရမယ်
**‘ဆန်ဈေးတက်ရင်**
**မှန်ဘေးထွက်တတ်တယ်’** ဆိုတဲ့
ဟို ... ဆံပင်ညှပ်ဆရာရဲ့ ပြက်လုံး
အခုတော့ မပြုံးနိုင်တော့ဘူး
‘မီးဒုံးနဲ့ ဇီယာ ...
စူပါတင်းနဲ့ စူပါဖိုက်
ရှင်မ ... ဘယ်ဆန်ကို ကြိုက်သလဲ
ငကြွဲနဲ့ အင်းမ
ထမင်းဝဝလွေးပြီး ဖိမ်ခံ
ငစိန်ဆန်ကျတော့ လျှာပွန်းသကွဲ့
ရွှေဝါထွန်းနဲ့ တောင်ပျံမွှေး
ကြိုက်ရာဆန်ကို ရွေးကွယ်
ပုသိမ်ပေါ်ဆန်းမွှေး (ရှယ်) တစ်အိတ်
သိပ်တွေးမနေနဲ့ ... ဝယ်ထား ’... တဲ့
အိပ်မက်ထဲက သူ့စကား
ပြန်စဉ်းစားတော့ ရယ်ချင်တယ်

http://www.cherrythitsar.org



**'ရှင်နေမင်း ခုလိုပူရင်**
**တောင်သူကို မယူဘူးရယ်လို့**
**မိုးတိမ်တောင် ရင်မှာစူးစေတော့**
**ကျိန်ဘူးတယ်လေး'** ဆိုတဲ့ သံပြိုင်
ကျောက်ဆည်ခရိုင် တစ်ဝိုက်က
လယ်သူမ တစ်သိုက်ရဲ့
ကောက်စိုက်တေးသံ တစ်ပိုဒ်ဟာ
သူ့ရင်ကို တိုက်ရိုက်ထိမှန်
သတိပြန်ရလို့ ကြည့်လိုက်တော့
သူ့ကိုယ်မှာ မိုးရေတွေထိလို့
ဆောင်းစရာလည်း ထီးမရှိ
တောင်းစရာလည်း နည်းမသိနဲ့
ကျီးကြည့် ့ကြောင်ကြည့်နဲ့ သူဟာ
ရင်ပူဆာနေတဲ့ လူတစ်ယောက်ပေါ့
**'ရှာကြလော့ … ရှာလျှင်တွေ့မည် …**
**တံခါးကို ခေါက်ကြလော့ …**
**ခေါက်လျှင် ဖွင့်မည်**
**ရှာသောသူလည်း တွေ့၏**
**ခေါက်သောသူအားလည်း တံခါးဖွင့်၏'** တဲ့
ယေရှုခရစ်တော်ရဲ့ တရား
ဓမ္မသစ်ကျမ်းထဲက စကားကို
နှုတ်ဖျားမှာ ရွတ်ဆိုရင်း

http://www.cherrythitsar.org



အို ... မိုးနတ်မင်းကြီးရယ်
မြို့လယ်ခေါင်က ဝမ်းရေး
လမ်းဘေးဈေးသည်တွေ အနေပျက်အောင်
ရေစက်တွေ သွန်မချလိုက်ပါနဲ့
စိမ်းမြပျိုးပင် နိုးရှင်ပါစေ ...
လယ်ယာမြေမှာ ရေရပါစေ ...
အီကွေတာ ရပ်ဝန်းမှာ
မေတ္တာပြည့်ရွှန်း မိုးရွာသွန်းစေ ...။

♦

သူဟာ အိမ်ထောင်ရဲ့ဦးစီး
အိမ်ထောင်ရဲ့ 'ထီး' တစ်လက်ပါ
ဇနီးမျက်နှာ မညိုးရအောင်
မီးဖိုချောင်မှာ မိုးမခေါင်ရအောင်
ပုဆိုးပေါင်ပြီး ရှာကျွေးသူ
အမယ်လေးဟဲ့ ...
တစ်ကယ့်လူသား စူပါစတားတဲ့နော်
သည်ပုံနဲ့ အကျိုးမျှော်ပြီး
သည်ပုံနဲ့ မိုးခေါ်ရင်တော့
တာရိုးပေါ်မှာ ရေမတင်
ဆန်အိုးထဲမှာ ဆန်ပျောက်လို့
'ရှင် ... ဆိုမာလီယာ ရောက်သွားမယ်' တဲ့

http://www.cherrythitsar.org



အိမ်ရှင်မရဲ့ ငေါက်ငမ်းသံ
သူနာခံရင်း ခရီးထွက်ခဲ့ပေါ့
အမှန်တော့ သူဟာ ထီးတစ်လက်ပါ
ပလက်ဖောင်းပေါ်မှာ ဖြန့်မိုး
ပလပ်စတစ်ရောင်စုံး ထီးမျိုးလား
ဖန်ရိုးနဲ့ ချာလီထီးလား
ကော်ကွင်းနဲ့ ချာလီထီးလား
သုံးဆင့်နဂါး ... တဲ့
ခြောက်ရာ့ငါးဆယ်တန် ထီးလား
ချိုင်းနားနှစ်ဆင့် အပွင့်ထီးလား
ကျားဆောင်း အော်တိုမစ်တစ်ထီးလား
ကျားဆောင်း (ဝါးဆစ်) ထီးလား
သည်ခရီး သည်ထီးနဲ့ ဟန်ရဲ့လို့
ရှင်မဖို့ အကြံရောက်ပေမယ့်
လေးဆင့် ဂျပန်ခေါက်ထီးဟာ
ကိုးရာကျော်ကြီးများတောင် တန်သတဲ့

http://www.cherrythitsar.org



မိုးဒဏ်ကို
ငြိုးမာန်မဖွဲ့ပါနဲ့ ရှင်မရယ်
ခါဝသန်မှာ
အာခံပြီး လျှောက်ကြမယ်
ချစ်သူတွေ ထိတ်ကြောက်လို့
မိုးကို စိတ်မကောက်ကြနဲ့
**'မှိုင်းညို့ရျိပ်လွှင် မိုးတိမ်ရှင်ငဲ့**
**အသင်မိုးမင်း ရှာသွန်းခြင်းကြောင့်**
**သင်းသင်းပျံ့ပျံ့ မြေသင်းနံ့တို့**
**ဝတ်လွှံ့သင်းထုံ'** * ... သတဲ့
အဲဒီ ကဗျာဂုဏ်ကို
အာဂုံဆောင်ပြီး ကျက်မှတ်လို့
အသက်ဓာတ်မညှိုးကြွေအောင်
မိုးရေထဲမှာ လမ်းလျှောက်မယ်
ရှင်မ ... လိုက်မယ် မဟုတ်လားကွယ် ...။

---

* ဦးသော်ဇင် ဘာသာပြန်
မိုးတိမ်တမန် (မေဃဒူတ) ကဗျာမှ၊

http://www.cherrythitsar.org



မိုးတိမ်တမန်ရဲ့ အသံဟာ
ဟိုးတိမ်ပျံဆီက ဖြတ်သန်း
ဟောဒီ ကြေးနန်းကြိုးတွေထဲမှာ
ရှိချင် ရှိနေမယ် ...
သိအောင် နာခံလို့
အဘိဓာန်နဲ့ ဘာသာပြန်ကြည့်မယ်
မသိတဲ့ ပေါရာဏတွေပါရင်
ဝေါဟာရ အဖွင့်ကိုမရှာ
သင်္ကေန်စာကို ကောက်ဖတ်မယ်
ပေါက္ခရဝဿမိုးဟာ
ဘယ်နေရာကို သဝေထိုးလို့
ဘယ်ရွှေအိုးနဲ့ ဆွေမျိုးဖွဲ့သတုန်း
ဟောဒီ သံလမ်းကြီးဆုံးအောင်
ကုန်းဘောင်ခေတ်နား ပြန်သွားပြီး
အမှန်တရားကို လိုက်ရှာမယ်
ဟိုမှာ ... မိုးသားတွေညို့လာပြီ
သည်မှာ ... ရန်ကုန်မြို့ကြီးရဲ့စွမ်းအား
စက်ရုပ်ယန္တရားတွေပါလား
မြို့ပြဖားအော်သံတွေ
အလင်းမမြင်ရတဲ့
ပုစဉ်းရင်ကွဲဟစ်သံတွေ
ထစ်သံ ... အစ်သံ ... ပုရစ်သံတွေ

http://www.cherrythitsar.org



ချစ်ကောင်းအသံ ... ကော်နီအသံ
ဇော်ဝင်းထွဋ်အသံ ... ပိုးဒါလီအသံ
မီမီဝင်းဖေ အသံ ...
နီနီဝင်းရွှေအသံ ...
စက်သံ ့ ခွက်သံ ့ အက်သံ ့ ပွက်သံနဲ့
ရမ္မက်အသံတွေကြားမှာ
'နက်ဖြန်' ... ဆိုတာကို
ဆက်ရန် ခဏမေ့ထားစဉ်
ကွေ့ကားကို စောင့်ရ
မ–ထ–သ ကားကို စောင့်ရ
ဒေဝူးကို စောင့်ရ
ဒိုင်နာကို စောင့်ရ
ကြားကားကို စောင့်ရနဲ့
တောင့်တတိုင်း ဟန်မကျခဲ့
ဒါ – ဝသန္တအက်ဆေး တစ်ပုဒ်လားကွယ်
ချွေးသုတ်ရင်း ပြန်စဉ်းစား
စဉ်းစားတော့ အမြီးအမောက်မတည့်
ဇနီးတစ်ယောက်ကို
ချီးမြှောက်နိုင်ဖို့အရေး
ခရီးပေါက်အောင် ပြေးနိုင်မှ
တော်ကာကျတော့မကို ...။ ။

**မြန်မာ့ဓနု၊ ဇူလိုင်လ၊ ၁၉၉၃**

http://www.cherrythitsar.org



## ရွှေဘုံသာနိဒါန်း

[အကြင်ပုဂ္ဂိုလ်သည် မြတ်သောတရားကို မရှုမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်အံ့၊ ထိုပုဂ္ဂိုလ်သည် မမြတ်။
မြတ်သောတရားကို ရှုဆင်ခြင်သော ပုဂ္ဂိုလ်၏ တစ်နေ့တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။]

(ဓမ္မပဒ)

သာသနာ့ရောင်ခြည်

အတွဲ ၁၃– အမှတ် ၂ မှ

http://www.cherrythitsar.org



အတ္တနဲ့ လောဘရဲ့
အတောမသတ်နိုင်တဲ့ မီးကို
ဇောမဖြတ်နိုင်အောင် ကြီးမားစေခဲ့
ထိုမီးရဲ့ ရင်းမြစ်ဟာ
တဏှာပေမ ... ကိလေသာ ...
... ... ...
ဝေနေယျ သတ္တဝါတွေ
ဘဝ သာယာစိုပြည်ရေး
ကမ္ဘာကြီး မပျက်စီးရေး
ကြီးပွားချမ်းသာရေးကို ရည်သန်
ရှေးရှုကြံဆောင်ဖို့နည်းဟာ
လောင်နေတဲ့မီး ... ငြိမ်းတော့
လက်ဝါးကြီးအုပ် စိတ်ဓာတ်ကို
ချက်ချင်းငြိမ်းသတ်ပစ်နိုင်တဲ့
ဗြဟ္မစိုရ်တရားရဲ့ အနှစ်ချုပ်
မေတ္တာဓာတ် (အစစ်အဟုတ်) မှ တစ်ပါး
ဘာများရှိသေးသလဲ ရှင်မရယ်
စင်ကြယ်မြင့်မြတ်တဲ့
မေတ္တာဓာတ်ရဲ့ တရားကိုယ်သဘောဟာ

http://www.cherrythitsar.org



အဒေါသ ... အလောဘ
အမောဟ ... ဆိုတဲ့ ကုသိုလ်ပေါ့
သူ့အလိုလို ငြိမ်းအေးသွားနိုင်တယ်
အဲသလို အတွေးနဲ့ လျှောက်လာတုန်း
ဖြုန်းခနဲ သူနဲ့ တိုးတိုက်မိ
မသိလိုက်တဲ့ လူတစ်ယောက်ကို
တောက်ခေါက်အံကြိတ်ပြီး
သူ့စိတ်ထဲမှာ မီးတောက်သွားတယ်
ထိုခဏလေးမှာပဲ
ဟော ... သူဘေးနားက နောက်ပြန်ဆုတ်
ဂျပန်ပြည်လုပ် ငှက်ဖြူဖြူလေ
နိုင်တီးမော်ဒယ် စူပါဆလွန်းကို
ရွှန်းရွှန်းစားစား ငေးကြည့်
သူ့ရင်ထဲမှာ ပီတိဖြစ်လာတယ်
ကော်ရိလာ ဒီအိတ်ခ်စ် အသစ်တစ်စီးကြောင့်
သူ အချည်းနှီး မောလျနေတယ်
သောတနဲ့ စက္ခု
ထိုအာရုံနှစ်ခုကို ချိုစေတဲ့
စင်(န)ယို ... တိုရှီဘာ
နေရှင်နယ် ... ဆိုနီ
ဂျေဗွီစီ ... ဒေဝူး
ဆိုင်ထဲမှာ မြင်ဖူးကြားဖူးရုံသက်သက်
ကက်ဆက်, တီဗွီ, ဗွီဒီယို
သူ့ရင်တွေ အလိုလိုဖိုလာယ်
အလို... ဟိုရှေ့မှာ ရွှေဘုံသာ ... ။

http://www.cherrythitsar.org



မီးတကာထက် အဆရာထောင်
အပမှာ လောင်သောမီးထက်ပိုကြီး
ရင်ထဲက မီးလျှံကို
ဉာဏ်စဉ်နဲ့ ငြိမ်းသတ်နိုင်သူဟာ
ရန်သူမရှိ ပကတိသုခ
ဒိဋ္ဌဓမ္မ ခံစားရမယ်
ဘဝသမ္ပတ္တိ ဂုဏ်ပုဒ်နဲ့
စည်းစိမ်ဥစ္စာ အထုပ်ပါမယ် ... တဲ့
အင်္ဂုတ္တိုရ်မှာ ဖော်ပြ
ဗောဓသက နိပါတ်တော်လာ
'မေတ္တာအကျိုး ဆယ့်တစ်မျိုး' ကို
ရိုကျိုးစွာ ပွားများရင်း
သူ့နားထဲမှာ ကြားရတဲ့ သတင်း
မနက်ခင်းက, ရွှေပေါက်ဈေးဟာ
'နှစ်သောင်းတစ်ထောင့်ကိုးရာ'
ညနေခင်းမှာ ဈေးတစ်မျိုး
နှစ်သောင်းနှစ်ထောင် ကျိုးသွားပြီ ...

http://www.cherrythitsar.org



မဆီမဆိုင်္ မနေတတ်
ရေခဲရေတစ်ကျပ်ဖိုး သူဝယ်သောက်
ရွှေပေါက်ဈေးကို နားစွင့်
ဘာကြောင့် ဈေးမြင့်သွားတာလဲလို့
ရေခဲရေသည်လေးကို စုံစမ်းတော့
'ရွှေဘုံသာလမ်းမှာ ...
မီးပျက်သွားလို့ပါ' ...တဲ့
သူနေတဲ့ ရပ်ကွက်မှာလည်း
မနေ့မနက်တုန်းက
ဘဲဥတစ်လုံး ငါးကျပ်
သည်နေ့ မနက်တော့ ငါးကျပ်ခွဲ
သြော် ...ဒါလည်း မီးပျက်သွားလို့ ဖြစ်မှာပါ
ခေတ်သစ်စီးပွားရေး အမြင်ကို
ရေသည်လေးက သင်ပြလို့
အခုမှ ဘဝင်ကျသွားတယ်
ရှင်မရေ ...
မီးမပျက်စေနဲ့ ကြားလား
(မှားသွားလို့ တောင်းပန်ပါတယ် ...)

http://www.cherrythitsar.org



ဖယောင်းတိုင်မီးနဲ့ ခရီးဆက်
ဆီးရွက်လောက် အိမ်ကလေးမှာ
မီးပျက်စရာ ဘာလိုသေးလဲ
ပန်းခြံဘေးက ... သူမ
တည်းခိုခန်းက ...သူမ
ရုပ်ရှင်ရုံရှေ့က ...သူမ
ဆန်နီပစ်ကပ်ထဲက ...သူမ
ဖြူလွလွကောင်မလေးရဲ့
ဈေးကွက်စီးပွားရေးအချစ်ဟာ
'မနှစ်တုန်းက ငါးရာပေါ့
အခုတော့ တစ်ထောင်' ...တဲ့
ကွမ်းယာဆိုင်က ကောင်လေးရဲ့ စကား
သူ ရုတ်တရက် ကြားရတော့
ဒါလဲ မီးပျက်သွားလို့ နေမှာပါ
ရှင်မရေ ...
မီးပျက်ဖို့ မလိုတဲ့ သူတို့ဘဝ
ချမ်းသာသုခ ပြည့်စုံစွ ...။

http://www.cherrythitsar.org



လူ့ဘဝမှာ
ဥပစယ ရုပ်အသစ်တို့
ဆုတ်နစ်ယိုယွင်း အိုမင်း ထိုင်းမှိုင်း
တုန့်ဆိုင်းလေးလံလာတဲ့အခါ
ကံပစ်ချရာအတိုင်း ကြွေသူတွေ
ကံလှစ်ဟရာအတိုင်း ဖြေသူတွေ
ဝေဒနာပျောက်မို့
မေခလာရောက်လာသူတွေ
သေမှာကြောက်လို့
ငွေအသပြာ ဘယ်လောက်ကုန်ကုန်
ရွှေဘုံသာလမ်းထဲက ဆေးခန်းကို
မေးစမ်းပြီး လာသူတွေ
ပါရဂူတွေရဲ့ ဂုဏ်ရည်ဟာ
အေ့ ဘီ့ စီ့ ဒီ့ အီး့ အက်ဖ်
...အိတ့် ဝိုင့် ဇက် အထိပေါ့
အင်မ် ့ဘီဘီအက်စ်လောက်တော့ မဖြုံ
လူနာကို ကုန်ပစ္စည်းလို ကြည့်ရှု
အသိအမှတ်ပြုရုံလောက်နဲ့
(အပ်တစ်ခါမပေါက်မီ ...)
နားကြပ်တစ်ခါ ထောက်ရုံလောက်နဲ့
ဘောက်ချာထဲက စမ်းသပ်ခဟာ
နလုံးရောဂါ ရသွားနိုင်တယ်

http://www.cherrythitsar.org



လောကီအာရုံ
ကာမဂုဏ် အပူဓာတ်ကို
ဖျက်ခနဲ အေးစေနိုင်တဲ့
ဖိုတိုဂရေး ဝယ်မလား
ဘိုင်ဖိုကယ် ရွေးမလား
ဆေးမျက်မှန် ယူမလား
စက်္ကာပူရေဘောင်လား
ယူအက်စ်အေ ရေဘောင်လား
အမြင်ကြည်ရင်
ဆံပင်ခြည်လောက် သေးချင်သေး
အဝေးက လှမ်းမြင်နိုင်တဲ့
မျက်မှန် အရောင်းဆိုင်ခန်းတွေဟာ
ရွှေဘုံသာလမ်းကို စူးစမ်းနေတယ်
ထူးဆန်းတဲ့ လက်ဝတ်ရတနာတွေ
ရေမပါဘဲ ရွှေဆာနေသူတွေ
ရေလျှံလို့ ရွှေအန်နေသူတွေ
ဘေးလူအလစ်မှာ
အပေးအယူဖြစ်ဖို့ စောင့်နေသူတွေ
ပလပ်စတစ်ရောင်စုံဆိုင်းဘုတ်တွေ
ဗြုတ်စဗျင်းတောင်း အသေးအဖွဲ
ကလေးတွေ စွဲမက်စရာ ကမ္ဘာ
ကျောက်ပွဲစားများရဲ့လမ်း
နောက်ဆုံးတော့ ဆေးခန်းပေါ့
သူ့အပြေးအဖြန်း ဖြတ်သန်းခဲ့တယ်။

http://www.cherrythitsar.org



ရွှေဘုံသာလမ်းထဲမှာ
ပျားပန်းခပ်မျှ လှုပ်ရှစီးမျော
မောနေတဲ့ လောကကြီးကို
သောဘဏနည်းနဲ့ ကြည့်ပြီး
ပီတိပြုံး ့ပြုံးတတ်ဖို့
ဒုက္ခကို နှလုံးသွင်း
ဆင်းရဲခြင်းကို အရင်းတည်
ထွီ ...စရာကို
ကြည်သာစွာ သည်းခံတတ်ဖို့
ညည်းသံ ညူသံ မပြုဘဲ
ကြင်နာ ခွင့်လွှတ်မှုတွေနဲ့
ဥပေက္ခာတရားကို လက်ကိုင်ထား
ဝမ်းသာတမ်းကစားဖို့
သူ့ကို လက်တို့ခေါ်သူ
အဖြူရောင် မေတ္တာရှင်မလေး
ပေါ်လီယာနာ ...ရေ
မင်းဘာသာ ကစားပေတော့
သူ့နှလုံးသားမှာ
သကြားခဲတွေ ပိုနေပြီး
အခါးခဲ လိုနေသေးလို့
အချိုမရှာတော့ဘူးတဲ့ကွယ်
အချိုရှာတော့ အနာဖြစ်
**ဟိုက်ပါတိုက်တစ်စ်** ...တဲ့
**ဝျွန်းဒစ်** ...နဲ့ **ကစ်ဒနီ** ...တဲ့

http://www.cherrythitsar.org



သူ့ဆီကို ဗီဆာမဲ့ဝင်ရောက်
သည်တစ်ခါ အရက်သောက်ရင်
အသက်ပျောက်သွားမယ်လို့
ခြိမ်းခြောက်ပြီး ပြန်ထွက်သွား
ဟော ... နောက်တစ်ခါ ခြေသံကြား
ဆီးချိုရောဂါဆိုပါလား ...
သကြားဓာတ်တွေ ယိုစီးနေတဲ့
ဆီးချိုရောဂါ အမောနာလေ
ကောဇာ သက္ကရာဇ်
(တစ်ထောင့်သုံးရာ၊ ခြောက်ဆယ့်တစ်)
(ခရစ်သက္ကရာဇ် နှစ်ထောင်မှ)
လူတိုင်းကျန်းမာ လာတဲ့အခါ
သိင်္ဂါရ အရောင်တွေ နုပျိုလို့
သူ့ကိုယ်သူ ပြန်တွေ့စမ်းချင်တယ်
အခုတော့
ရွှေဘုံသာလမ်းကို ဖြတ်သန်းရင်း
ဆေးခန်းတစ်ခုခုမှာ
သူ့ရောဂါကို စမ်းသပ်ဖို့
သူ့အိတ်ကပ်ကို နှိုက်လိုက်တော့
ဟိုက် ...။

http://www.cherrythitsar.org



**'ဝမ်းရောင်သော် အခံမခက်လား ...**
**ဖာလာ – စမုံနက် – ဆား**
**သုံးပါးကို ညီမျှစွာ ကြိတ်**
**နမ်းဆီကို သမအောင်ဖျော်**
**ချက်ပေါ်ကို သုံးပတ်လှည့်သော်**
**မပျောက်လား '** ...တဲ့
... ... ...
မှတ်ထားကွဲ့ ရှင်မရယ်
စျာနုလာဘီ တပသီနဲ့
ဇော်ဂျီဝိဇ္ဇာ ရှေးဆရာတို့ရဲ့
ပညာသိပ္ပ နည်းနိဿယကို
ဒိဋ္ဌစွဲလန်း
ခွဲစိပ်ခန်းမှာ ငွေမကုန်
ရွှေဘုံသာလမ်းကို မသွားရဘဲ
'ဆေးမြီးတို လားကျမ်း' ကို ဖတ်
စမ်းသပ်ခ မလိုတဲ့ နည်းတွေနဲ့
ဘဝခရီးမှာ အားမငယ်
သည်လိုနဲ့ 'ငါးဆယ်' ကျော်ခဲ့ပြီ
ပျော်တယ် မဟုတ်လား ရှင်မရယ်

http://www.cherrythitsar.org



ဆံပင်မှ အစ ... ခြေဖျားအဆုံး ...
သုံးဆယ့်နှစ်ကောဋ္ဌာသ အစုအဝေး
ရောဂါ အကြီးအသေးကို
အီးစီဂျီနဲ့ စစ်ဆေး
အိတ်ခ်ရေးမှာ အဖြေရှာ
အာထရာဆောင်းနဲ့ စမ်းသပ်ရင်
အသေးစိတ် မြင်နိုင်ပေမယ့်
ရင်ထဲက နာကျင်ရောဂါကိုတော့
ပါရဂူတွေ မျက်နှာလွှဲဖယ်ကြ
ကင်ဆာလို အမြစ်တွယ်နေတာကြာပြီ
ရောဂါအမည် သူသာသိတယ်
ဇာတိနဲ့ မရဏ လမ်းကြောင်းမှာ
ခုတ်မောင်းသွားနေတဲ့ ရထားဟာ
'ဗျာဓိ' ...ဆိုတဲ့ ကြားဘူတာမှာ
(မလွှဲသာ မရှောင်သာ)
အနားယူရလိမ့်မယ်
ဒါလေးများ ရှင်မရယ်။

http://www.cherrythitsar.org



သံသရာ ရထားစီး
ခရီးသည် လူသားဟာ
နားခိုစရာ ရှာမရှိပေမယ့်
ဇာတိ ... ဆိုတဲ့ ဝေစု
အမွေတစ်ခု ရပြီးရင်
မရဏ ... ဆိုတဲ့ ခွဲတမ်းကိုလည်း
မလွှဲတမ်း ပိုင်ဆိုင်ရလိမ့်မယ်
သူ့ဘဝ အဘိဓာန်မှာတော့
'မရဏာနုဿတိ' ...ဆိုတဲ့
ပါဠိစကားကို မသိ
ဇရာနဲ့ ဗျာဓိကို နားမလည်
အားငယ်စိတ်ကို လျစ်လျူရှု
သူ့ဖြစ်တည်မှုနဲ့ ... သူ
သူ့လမ်းညွှန်မြေပုံနဲ့ ... သူ
ရွှေဘုံသာလမ်းကျယ်ကြီးထဲမှာ
အလျားလိုက် စီးမျောနေတုန်း
ရတနာသင်္ဘောကြီး တစ်စီးလုံးကို
လောဘကြီးစွာ မျိုချထားခဲ့
ဇရာမ ငါးမန်းကြီးတစ်ကောင်ဟာ
မြို့လယ်ခေါင် မဟူရာသောင်ပြင်မှာ
စားပိုးနင့် ဝေဒနာနဲ့
အစာမျိုးစုံတွေ အန်ချလိုက်တော့

http://www.cherrythitsar.org



ရတနာစိန်ရွှေ ရောင်စုံ
နိုင်ငံခြားဆေးဝါးမျိုးစုံ
ကုမ္ပဏီဆိုင်းဘုတ်ကြီးများ
စုံစီနဖာ ကလီစာများ
ကလေးကစားစရာများ
ဂီလာနများ ... ဇီဝကများ
ငွေမည်းသမားများ ... လေပွဲစားများ
အားလုံးဟာ ပြန့်ကျဲသွားပြီ
ရွှေဘုံသာလမ်းထဲက
အိုးတိုက်ဖွဲပြာသည်ရဲ့ အသံ
သူ့ရင်ထဲမှာ ခံစားခဲ့ရ
**'ညစ်ညမ်းမှု ဟူသမျှ ...**
**တိုက်ချွတ်ဆေးကြောကြပါ**
**ဟောသည်မှာ...**
**ဖွဲပြာသည် ... တော့ ...ဖွဲပြာ'** *တဲ့
ရွှေဘုံသားလမ်းက မဖွဲပြာ
ကျန်းမာချမ်းသာပါစေသား
အရိုးသားဆုံး အရင်းအနှီးနဲ့
ခရီးနှင်ခဲ့တဲ့ ခြေထောက်
ဆူးငြောင့်ခလုတ် ရှင်းစေသား ...။

---

* ခင်ဝင်းသစ်၊ မိုးဝေမဂ္ဂဇင်း – စက်တင်ဘာ၊ ၈၄

http://www.cherrythitsar.org



မျက်စိ ့ နား ့ နှာခေါင်း ...
လျှာ ့ ကိုယ် ့ စိတ် ... ဆိုတော့
ခန္ဓာကိုယ်ရဲ့ အလိုသဘောကို
ထိုထိုသော အာရုံခြောက်ပါး
ထိုထိုသော တံခါးခြောက်ပေါက်မှ
မလောက်မင ဖြည့်ဆည်းခဲ့ရ
ကြာတော့လည်း
ညည်းငွေ့လှပြီ ရှင်မရယ်
**'ဖြဟ္မာ့ပြည်မှာ တဝင်းဝင်း**
**ဝက်စကျင်းမှာ တရှုတ်ရှုတ်'** ... တဲ့
ချမ်းသာခြင်း အဟုတ်အမှန်တရားကို
သုသာန်မှာ သွားပြီး ရှာသူတွေ
ဓမ္မပူဇာနဲ့ ရှာသူတွေ
အာမိသပူဇာနဲ့ ရှာသူတွေ
ဘာဝနာတရားနဲ့ ရှာသူတွေ
ဖားကန့်သွားပြီး ရှာသူတွေ
တက်ကျမ်းဖတ်ပြီး ရှာသူတွေ
ရွှေဘုံသာလမ်းမှာ ရှာသူတွေ
ရှာသူတွေ ... ရှာသူတွေ ... ရှာသူတွေ
ပြာပူတွေ ပေနေတဲ့
ရှာသူတွေ တစ်ပုံတစ်ခေါင်းမှာ
ဘယ်သူတွေတွေ ကောင်းစားပြီး
ဘယ်သူတွေ တောင်းစားခဲ့ရသလဲ
ဘယ်သူတွေ ရွှေဘုံပေါ်ရောက်လို့
ဘယ်သူတွေ မြေပေါက်ခံခဲ့ရသလဲ

http://www.cherrythitsar.org



ပစ္စည်းမဲ့ လူတန်းစားတွေရဲ့
တွေ့ကြုံခံစားရတတ်တဲ့
ဆင်းရဲဒုက္ခ ခြောက်ပါးဟာ
ချောက်ချားစရာပေါ့ ရှင်မရယ်
'ပူပန်ရခြင်း ဆင်းရဲ
ကြွေးမြီချေးငှားရခြင်း ဆင်းရဲ
အတိုးပွားများလာခြင်း ဆင်းရဲ
ကြွေးတောင်းခံရခြင်း ဆင်းရဲ
ကြွေးရှင်က မိမိနောက်သို့
တကောက်ကောက်လိုက်ခြင်း ဆင်းရဲ
အကြွေးအနှောင်အဖွဲ့ကို
ရှောင်လှည့်၍ မရခြင်း ဆင်းရဲ'တဲ့
ထိုဆင်းရဲခြောက်မျိုးမှာ
ဖောက်ထိုးမိုးမျှော် မခံရအောင်
ရိုးသားစွာ ကျင့်ကြံ
မှန်ကန်စွာ အားထုတ်
ဗုဒ္ဓရှင်တော်ဘုရားရဲ့
ကြီးပွားချမ်းသာရေး တရားကို
နေ့စဉ်ပွားများ ခံယူ
သူ့ကိုယ်သူ သတိပေးရင်း
ဦးနှောက်ထဲမှာ အတွေးရှင်းပေမယ့်
(သူ့ဘဝမှာတော့ ...)
အကြွေးမကင်းသေးဘူး ရှင်မရယ်။

http://www.cherrythitsar.org



အာရောဂျံ ...
ပရမံ ...လာဘံ ... တဲ့
ခန္ဓာကိုယ်ကသာ ကျန်းမာ
စိတ်က ပရမ်းပတာ ဖြစ်နေရင်
အညစ်အကြေးတွေနဲ့
ရစ်ထွေးနေတဲ့ မနောကို
အမြန်ဆေးကြောသန့်စင်ပစ်လို့
ဘဝကို ချစ်ခင်တတ်ရမယ်
သူ့ဆီကို အလစ်ဝင်ဖို့
စစ်ပြင်နေတဲ့ ရောဂါပိုးတွေနဲ့လည်း
စီးချင်းထိုးရဦးမယ်
တိမ်ခိုးတွေ ညို့နေတဲ့
ရွှေဘုံသာ မြို့လယ်ကောင်မှာ
ကားရောင်စုံတွေ
လူရောင်စုံတွေကို ဖြတ်သန်း
သူ့ဘယ်လမ်းက ပြန်ပါ့မယ်
မီးထက်ပူတဲ့ သောကငဲ့ ...
မင်းကို ဒေါသနဲ့ ကျိန်ဆဲဖို့
အချိန်နည်းနည်းပဲ ကျန်တော့တယ်
အိမ်ပြန်နောက်ကျလို့ မဖြစ်ဘူး
သင်္ကြာဗာနေ့စ်ထောင်ကို
မီအောင်သွားရဦးမယ်

http://www.cherrythitsar.org



**‘အမှန်တရားဟာ**
**အိပ်ရာထဲက မထမီ**
**မုသာဝါဒဟာ**
**ကမ္ဘာတစ်ပတ်၊ ပတ်နဲ့ပြီ’** ...တဲ့
ဘာတတ်နိုင်တာမှတ်လို့ ရှင်မရယ်
ကိုယ့်ဘဝနဲ့ကိုယ်
ကိုယ့်ဖြစ်တည်မှုနဲ့ကိုယ်
ကိုယ့်လမ်းညွှန်မြေပုံနဲ့ကိုယ်
ရွှေဘုံသာကိုနှုတ်ဆက်
ကသုတ်ကရက် အမြန်လှုပ်ရှား
ပျားအုံရသ ဒေဝူးကားကြီးကို
စတန့်မင်းသားဟန်နဲ့ တွယ်စီး
ရန်ကုန်–အင်းစိန် အပြန်ခရီးဟာ
ကြက်သီးထစရာ ဇာတ်ဝင်ခန်းပေါ့
ဒါပေမယ့် ...
လွမ်းလောက်စရာ မဟုတ်ပါလေ
‘ကိုယ် (ပျံ) လာပြီ ရှင်မရေ’ ... တဲ့။

**မြန်မာ့ဓနု၊ ဩဂုတ်လ၊ ၁၉၉၃**

http://www.cherrythitsar.org



## လျှပ်တစ်ပြက် မန္တလာ ...

[တစ်ယောက်ချမ်းသာ ကိုယ့်ဖို့ရှာ
သတ္တဝါအပေါင်း ဆင်းရဲကြောင်းတဲ့၊
ဟစ်တလာတို့ ဘုန်းမီးနေလ ထွန်းပတော့
ဥရောပတိုက် တစ်တိုက်လုံး မီးလောင်ပြာကျပြီး
လူတွေ အနန္တ သေကျေ ဒုက္ခရောက်ခဲ့ရတယ်]

လူထုဒေါ်အမာ
'မန္တလေးသူ–မန္တလေးသားများ' စာအုပ်
ကြီးပွားရေးစာအုပ်တိုက်
နိုဝင်ဘာလ – ၁၉၉၁ ခုနှစ်မှ

http://www.cherrythitsar.org



**'သီရိမဟာ–**
**သီဟသူရဓမ္မရာဇာ' ...** တဲ့
ဘာသာ, သာသနာကို လေးစား
မိဖုရား (အများ) ကို ချစ်ခင်
ဒါ–မင်းတုန်းဘုရင်ရဲ့ ဝါဒ
တစ်ခါတုန်းက ...
ရာဇဌာနီ မင်းနေပြည်လေ
စလေဦးပုညရဲ့
ရတနာ နဒီဘွဲ့ မော်ကွန်းမှာ
**(သီတာပတ်လည်၊ ရံကျုံးသည်လည်း**
**မျက်ခြည်ရှုမြင်၊ ဘယ်ပြည်တွင်မှ**
**လေးခွင်ထုတ်ခတ်၊ ရေရဟတ်ဖြင့်**
**မပတ်စတောင်း ...)** တဲ့
ကောင်းမြတ်တဲ့ ဉာဏ်သမ္ဘာဖြင့်
မြန်မာနဲ့ ကမ္ဘာကို
စေတနာ အမြင်မခြား
မျိုးတစ်ပါးရယ်လို့ မမှတ်ထင်
ရင်ဝယ်သားပမာ
သနားကြင်နာခဲ့သူ

http://www.cherrythitsar.org



ပညာရှင်များရဲ့ ဉာဏ်အစွမ်းနဲ့
တိုင်းပြည်အေးချမ်းမှုကို
ဂရုဓမ္မပြုခဲ့သူ
ပန်းချီ ့ပန်းပု အနုပညာ
အလင်္ကာအတတ်ကို
မင်္ဂလာအမှတ်နဲ့ လေးစား
မြင့်မြတ်တန်ဖိုးထားခဲ့သူ
မန္တလာပူရ (ကုန်းဘောင်)
**'လေးကျွန်းအောင်မြေ'** ...နတ်သံ
**'မြနန်းစံကျော်'** ...ဆိုတဲ့
ရွှေနန်းတော်ကြီး ရှိခဲ့ရာ
'ရတနာပုံမ်'မန္တလေးကို
လမ်းဘေးကနေ ငေးကြည့်လျက်
ပီတိတစ်ဝက်– ရတက်တစ်ခြမ်းနဲ့
အိတ်ကပ်ကို ပြန်စမ်းရင်း
ခေါင်းရမ်းငြင်းဆိုနေသူ
အကြေသား ကဗျာဆရာ
ဘယ်နေရာက သူလာသလဲ ...။

http://www.cherrythitsar.org



အင်းစိန်က လာတဲ့ ကဗျာဆရာ
သူ့ဘာတွေ တွေးနေတာလဲ
မန္တလာပူရ ရွှေမြို့တော်လား
သုဓမ္မာဇရပ်တွေကိုလား
မဟာလောက မာရဇိန်လား
သိမ်တော်ကြီးကိုလား
ကျုံးတော်ကြီး တစ်ဝိုက်လား
မဟာအတုလ ဝေယန်လား
ကဗျာဆရာရဲ့ အမြင်အာရုံမှာ
ဘာပုံမှ မပီပြင်တော့ပေမယ့်
မင်းတုန်းဘုရင်ကြီးရဲ့
မနောကြေးမုံပြင်မှာတော့
ဘောဓျှင်ခုနစ်ပါးရဲ့
တရားတော်ကို အမှတ်ရလို့
သတ္တဋ္ဌာန ဖြစ်စေခြင်းငှာ
ဋ္ဌာနကြီး ခုနစ်ခုကို
တပြိုင်နက်တည်း ပြုစုခဲ့တဲ့
သုမင်္ဂလာ ဘဝင်နဲ့
အနုပညာ အမြင်ကို
သံသယဝင်စရာ မလိုပါလေ
ဟိုအခါက တည်ဆောက်ထားတဲ့
မြို့တော်ရဲ့ တံခါး (၁၂)ရပ်
ဘုရင်ရဲ့ စေ့စပ်သေချာမှု
အခုတော့ ဘယ်မှာလဲ...

http://www.cherrythitsar.org



**'လွန်ကဲ'** တံခါး ... **'ဦးထိပ်'** ...တံခါး
**'သောင်းညွတ်'** တံခါး ... **'ကျွန်းလုံးယူ'** ...တံခါး
**'ကျော်မိုး'** တံခါး ... **'ရန်နည်'** ...တံခါး
**'စည်ရှည်'** တံခါး ... **'ထင်ရှား'** ...တံခါး
**'စည်သာ'** တံခါး ... **'လေးသိန်း'** ...တံခါး
**'ကြေးမုံ'** တံခါး ... **'နန်းဦးတံခါး'** ...တဲ့
အလွမ်းမူးမူးနဲ့ ငေးမိသူ
အူတူတူ ကြောင်တောင်တောင်
ယောင်ချာချာ ကဗျာဆရာကို
ငြိုဟ်သတ္တဝါလို ထင်မှတ်
စူပါကတ်ပေါ်က
မော်ဒန်ကောင်မလေးဟာ
သွေးလန့်ရင်ခုန်ပြီး
ဆိုင်ကယ် စက်ကုန်စီးသွားတယ်
သည်ခရီးစဉ် ခုလတ်မှာတော့
ကဗျာဆရာ့ရင် လှုပ်ခတ်သွားပြီ
**'အရပ်ရပ် အလုပ်အဆောင်များမှာ**
**ပြည်သူဆင်းရဲသားတို့အား**
**အထိအပါး အဟန့်အတား**
**မရှိစေရေး ...**
**ငွေတော်ထုတ်ပေး လုပ်ဆောင်စေ'** ... တဲ့
ကုန်းဘောင်ရွှေခေတ်က
ပဒေသရာဇ် မင်းတုန်းရဲ့စကား
မဆီမဆိုင် ကြားယောင်ဆဲ ...။

http://www.cherrythitsar.org



**'ပြည်သူ့အကျိုး**
**သာသနာ့အကျိုးကို**
**သည်ပိုးဆောင်ရွက်ပါမည် ...**
**မဆောင်ရွက်နိုင်ပါသော်**
**ပြည်ရွာပျက်စီးပါစေသား' ...** လို့ ဆိုတဲ့
တရားကတိကို ရွတ်ဆို
အမျိုးလေးပါး ကိုယ်စားလှယ်တို့ရဲ့
တောင်းဆိုမှုအတိုင်း
သမိုင်းကို မရွဲ့မစောင်းစေရ
ဦးခေါင်းထိပ်ဝန်းမှာ
ခရုသင်းရေ သွန်းလောင်းထားတဲ့
ထီးဖြူဆောင်းမင်းရဲ့ ကျင့်ဝတ်
မချွတ် မဖောက်စေရ
ရာဇပလ္လင်ပေါ်မှာ
မုဒ္ဓါဘိသိက်ခံယူထားတဲ့
ဘုရင်မင်းမြတ်ရဲ့ အပါးက
လက်စွဲတော် စိန်စီဓားဟာ
တရားကို အလွဲသုံးစား မစီရင်စေရ
သို့ကလို အမြင်ဗေဒနဲ့
သင်္ကေတ မျက်လုံးမှာ
မင်းတုန်းဘုရင်ကို
ဘယ်လိုမြင်ခဲ့ကြပါသလဲ
ကဗျာဆရာ့ရင်မှာ နာကျင်လို့
ရာဇဝင်ကို မွန်းကျပ်လာတယ်

http://www.cherrythitsar.org



ဟို နှစ်တစ်ရာကျော်က
ရွှေမြို့တော် လေးပြင်လေးရပ်မှာ
သာသနာရောင် တဖျပ်ဖျပ်
ကျောင်းဇရပ်အဖုံဖုံနဲ့
ရတနာပုံမ် ပီသခဲ့ပေမယ့်
မှန်စီ၊ ရွှေဆိုင်းချ
ရွှေချည်ထိုး၊ ဖန်ချက် ...
အထည်ရက်လုပ်သူများ
မြင်းကုန်းနှီး ချုပ်သူများ
တောင်ယာ၊ လယ်လုပ်သူများ
ဝမ်းခါးဝလို့ လှုပါစ
ကဗျာဆရာ့ရင်မှာ
မတင်မကျနဲ့ပေါ့ ...
အခုတော့လေ
ကာရာအိုကေ ညချမ်းမှာ
ဘီယာမြစ်ရေ လွှမ်းခဲ့ပြီ
ရတနာနဒီ တူးမြောင်းလဲ
ဦးခေါင်းမဖော်နိုင်တော့ပြီ
ပေါ်ပင်ကို မရစ်တွယ်ကြသူ
မြစ်ငယ်နဲ့ ရွာထောင်က
မြန်မာ့မီးရထားရဲ့
စက်ရုံလုပ်သားများ ခင်ဗျား ...
**'သင်တို့ကို လေးစားပါတယ်'** ...ဆိုတဲ့
သွေးသားစကားမှတစ်ပါး
ဘာများပြောချင်သေးလဲ ကဗျာဆရာ ...။

http://www.cherrythitsar.org



ကဗျာဆရာရဲ့ ရွာအလွန်မှာ
တာဝန်တစ်ရပ်ပါလာတယ်
**'မလိခ – မန္တလာ' ...**
အထူးအမြန်ရထား
ဖွင့်ပွဲ အခမ်းအနား တဲ့လေ
ဆန်းပြားတဲ့ အစားအစာတွေ
တစ်ခါမှ မမြင်ဘူးတဲ့
မူးယစ်စရာ ယမကာတွေ
သံဘူးဝေစည် အချိုရည်တွေ
ညှော့်ခံဂီတ မြို့မတေးသံ
စောင်းသံ, မောင်းသံ
ကြိုးသံ, ဒိုးသံ
လေမှုတ် တူရိယာသံ
မြနန္ဒာအသံ
ဇွန်းသံ, ခက်ရင်းသံ
ပုလင်းသံ, ဖန်ခွက်သံ
လက်ခုပ်တီးသံ, ချီးကျူးသံ
အသံတွေ အစားစားနဲ့
ဟန်တွေ တလွှားလွှားကြားမှာ
မီးရထားတွဲပြင်စက်ရုံက
သက်လုံကောင်းကောင်းနဲ့
စက်ရုံရဲ့ မောင်းနှင်ရေး ကိရိယာအစစ်
မရှိမဖြစ် လုပ်သားတွေကို
အခုလို အခမ်းအနားမှာ
တွေ့လိုတွေ့ငြား ရှာကြည့်

http://www.cherrythitsar.org



ကဗျာဆရာရဲ့ မျက်စိမှာတော့
အရာရှိတွေသာ မြင်ခဲ့မိ
ဒါဟာ … အကြည့်မှားတာလား
သတိမထားမိတာလား
မန္တလာရထားကြီးကတော့
မလိခဘက် ထွက်သွားပြီ
မန္တလေး – မြစ်ကြီးနား
အထက်တန်းခရီးသွားခ
‘ငါးရာ’ … တဲ့
ကဗျာဆရာရဲ့ ခြေထောက်
အစိမ်းရောင်နယ်မြေကို မရောက်ခဲ့ပါ
ဒါပေမယ့်လေ …
ကချင်မြေရဲ့ တောင်ယာစိုက်ခင်း
တိမ်မှောင်ကင်းလို့ လင်းပါစေ
လင်းကွင်း – ဗုံသံ ညံမစဲ
မနောပွဲအက လှပါစေ
ခေါင်ရေတစ်ကျိုက် ဂျင်းတစ်ကိုက်နဲ့
စရိုက်ဘာသာ မာပါစေ
မေခ – မလိခနဲ့
သစ်ခွပန်း, ဂန္ဓမာပန်း
ဘေးရန်မသန်း လန်းပါစေ … တဲ့
ကဗျာဆရာရဲ့
မန္တလာခရီးစဉ်ဆုတောင်း
ဘာအကောင်းဆုံးလဲ အကြည်တော် …။

http://www.cherrythitsar.org



မန္တလေးဘူတာကြီးရဲ့
မျက်နှာစာက
လက်ယာပခုံးပေါ်မှာ
**‘မန်းရတနာပုံ’** စာသောက်ခန်းကို
မြန်မာအစာ တစ်ခြမ်း
ဘိုအစာ တစ်ခြမ်းနဲ့
အခန်း –နှစ်ခန်းဖွဲ့ထားသူ
ရှမ်းသွေးကြွနေတဲ့
မန္တလေးအလှကို
ကွမ်းသွေး တမြမြနဲ့
မန္တလာပူရသား ဖြစ်တဲ့
မြန်မာစစ်စစ် တစ်ယောက်ဟာ
သမ္မာအာဇီဝမာနကြောင့်
သဘာဝ အနေမတူပေမယ့်
ကာလ နွေပူပူမှာ
ငွေဖြူနဲ့ တည်ဆောက်
**‘မန်းရတနာပုံ စားသောက်ဆိုင်’** …တဲ့
ဘယ်လောက် တောင့်ခံနိုင်မှာလဲ
ကဗျာဆရာ့စိတ်ထဲ
ဝေခွဲမရ ဖြစ်နေတယ်

http://www.cherrythitsar.org



မည်းညစ်နေတဲ့ မီးလောင်မြေပျက်
ဘူတာကြီးရဲ့ လက်ဝဲဘက်ကို ကြည့်ပြီး
'မန္တလေး'ရဲ့ 'မီးဘေး' ဟာ
ဆုကြီးပန်ခဲ့လေသလားလို့
တရားသတိ ပွားမိတယ်
မသိစိတ် အလျဉ်လွင့်လို့
မျှော်လင့်မှု အိပ်မက်တွေနဲ့
ငြိမ်သက်စွာ မနေချင်တဲ့
ညှို့သည်ကဗျာဆရာဟာ
မဟာ မြတ်မုနိ ဘုရားကို ပူဇော်
အာရုံခံ တန်ဆောင်းပေါ်ကို
ခေါင်းမော်ပြီး ကြည့်လိုက်တော့
အမှိုက်နဲ့ အသိုက်ဖွဲ့နေတဲ့
ပျံလွှားငှက်လေးတွေလေ
ပျံလိုက်, နားလိုက် – လွှားလိုက်, ဝင်လိုက်
အသာလွန့်လိုက် – အစာခွဲ့လိုက်ပေါ့
စိတ်ကူး ကွန့်မြူး – ရင်ကြည်နူးစဉ်
လွမ်းမူးတသ – သတိရမိ
ဂေဟာဿိတ ပေမ ဆိုလား
သံယောဇဉ်တရားဆိုလား
ကဗျာဆရာ့ နှလုံးသားမှာ
မယားနဲ့ သားကို လွမ်းဆွတ်မိ
ငှက်ကလေးတွေ ကျလိ ... ကျလိ ... ။

http://www.cherrythitsar.org



မန္တလေးရဲ့ ရာသီဟာ
ပူပြင်းတဲ့ ပထဝီကို
တည်မှီခဲ့ရပေမယ့်
ညီညာတဲ့ တောင်ခြေ
ပြေပြစ်တဲ့ မြေကွက်လပ်ကို
မြို့တော် အင်္ဂါတစ်ရပ် အဖြစ်
သတ်မှတ်တီထွင်
မင်းတုန်းဘုရင်ရဲ့ စိတ်ကူး
ကဗျာဆရာ ဦးညွတ်ပါတယ်
မြို့ အနောက်ဘက်မှာ
ဧရာဝတီ ...
အရှေ့ဆီမှာ အောင်ပင်လယ်
အရှေ့တောင်မှာ ဇောင်းကလောကန်
နန္ဒာကန်က အရှေ့မြောက်ပေါ့
သွေ့ခြောက်တဲ့ ရာသီကို
အသာတကြည် ခုခံနိုင်ခဲ့တယ်
တမာ, ထနောင်းနဲ့
အရိပ်ကောင်းတဲ့ မန်ကျည်းပင်ဟာ
စိတ်ညောင်းမယ့် ခရီးစဉ်ကို
မငြီးချင်အောင် နှင်နိုင်ခဲ့တယ်
ဟို ယခင်တစ်ခါက
ပြာပုံထဲက တစ်ဆင့်
ကြာမုံပွင့်အောင် ထူထောင်ခဲ့ရဘိ
မာနရှိခဲ့သော မန္တလေး
ကဗျာဆရာ လေးစားခဲ့ပေါ့

http://www.cherrythitsar.org



အေး ...ခုတော့
အပူလျော့ချင်ရင် ပန်ကာ
ရေဆာရင် ဘီယာ
တည်းခိုခန်းမှာ လေအေးစက် ...
ချွေးတစက်စက်နဲ့
စျေးကွက် စီးပွားရေးကြားမှာ
မန္တလေးသား အစစ်ဟာ
ငလက်မလေး ဖြစ်သွားတယ်
**'သစ်တစ်ပင်ခုတ် – အချပ် သုံးလ'** ...ဆိုတဲ့
ကုက္ကိုပင်ရိပ်မှာ
ချိတ်ထားတဲ့ ဆိုင်းဘုတ်
ကဗျာဆရာ့ရင်ကို လှုပ်သွားတယ်
ညောင်ပင်, ကုက္ကိုပင်, စိန်ပန်းပင်
သစ်ပင်ပေါင်း ငါးရာကျော်ကို
မန္တလေးမြို့ပေါ်မှာ
ဘယ်သူမှ မနှိုးဆော်ဘဲ
စိုက်ပျိုးခဲ့သူ ...
ဆိုက်ကားဆရာကြီး ဦးငွေ
**'သစ်ပင်ဒကာကြီး ဦးငွေ'** သာ
ခုနေခါ ရှိခဲ့ရင် ...
**'သစ်ပင်ခုတ် – အချပ် သုံးလ'** ဆိုတဲ့
ရက္ခဥပဒေသ ဆိုင်းဘုတ်လေးကို
မလှုပ်မချောက် ငေးကြည့်ရင်း
ပီတိမျက်ရည် ဝေမှာလား
ကဗျာဆရာ မြင်ယောင်ငြား ...။

http://www.cherrythitsar.org



ကဗျာဆရာ မပြန်ခင်
တောင်သမန်ကို အဝင်မှာ
ရက်ကန်းစင်တွေ မြင်ခဲ့ရ
ရက်ကန်းခတ်သံ ကြားခဲ့ရ
**'အမရပူရ'** ...ဆိုတဲ့
နှစ်လိုစရာ အမည်သညာလေ
(သေခြင်းကင်းရာ) မြို့ဟောင်းပေါ့
**'အင်းအိုင်ဝိုက်လည်**
**ဘိုးတော်တည်**
**ရွှေပြည်အမရ –သာမောစွ'** တဲ့ ...
၁၉ရာစုခေတ်
မြန်မာသက္ကရာဇ်
၁၁၄၄ –ခုနှစ်မှာ
ဖြစ်ထွန်းဝေစည် တည်ခဲ့ပြီလေ
ရေကြည်ဖြိုင်ဖြိုင် အင်းအိုင်စိမ့်စမ်း
ရစ်ခွေသန်းတဲ့ လွမ်းဖွယ်ဒေသ
နန်းအမရ ရွှေပြည်ကို
ဘိုးတော်ဘုရား တည်ထားခဲ့ပေါ့

http://www.cherrythitsar.org



အခုတော့ ...
ညှော့်သည်ကဗျာဆရာဟာ
**'မျိုးမြန်မာ' ...**
**'ပိုးဒါလီ' ... 'မြဒါလီ'**
**'ဟောမာနေဝင်း' ... 'ချိုပြုံး'**
အထည်ကုန်သည်တွေရဲ့ လက်သုံး ...
ကုန်းဘောင်ခေတ် ဆံထုံးနဲ့မှ
ကြော့ဆုံး လိုက်ဖက် အလှထွက်သတဲ့
ရက်ကန်းစင်က – ရက်တဲ့
အမျိုးသား လက္ခဏာ
ဂန္ထဝင်လက်ရာ အနုစိတ်
ချည်ချိတ်, ပိုးချိတ် – ကြိုးကြိုးချိတ်လေ
ဖိတ်ဖိတ်လက်လက်
အခက်အနွယ် – အသွယ်အတန်း
မြင်ရသူ အံ့မခန်းပေမယ့်
ကုန်ကြမ်းပေး – ကုန်ချောယူ
ကုန်သည်ပွဲစား ဗျူဟာမှာ
အမရပူရ ရက်ကန်းသူ
ထမင်အိုးမှ, ဆူပါစ ...
အူမ, တောင့်မှ တောင့်ပါစ ...
ကြောင့်ကြခြင်းမှ ကင်းပါစ ...
ရက်ကန်းစင်ရှေ့က မြင်ကွင်း
လမ်းကျဉ်းကလေးပေါ်မှာ
စူပါရုဖ်တစ်စင်း ဖြတ်မောင်း
အို ... ဖုန်တထောင်းထောင်း ထသွားတယ်။

http://www.cherrythitsar.org



နန်းမြေကနက်ကို
ထန်းရေတစ်ခွက်လောက်မျှ
ကြောင့်ကြမှုဘေး ဝေးခဲ့သူ
တိုင်းရေးပြည်မှု လျစ်လျူရှု
ပျော်မှု ရွှင်မှု အားပြုသူ
မိဖုရားတွေနဲ့ အတူပျော်
ရက်လေးဆယ်ကျော် သကြိန်ပွဲတဲ့
ဝှဲချီးကျင်းပ – ပျော်လို့ မဝသူ
နဝမမြောက် ကုန်းဘောင်ဆက်
ပုဂံမင်းလက်ထက် အခါပေါ့
မြို့စာရေး မောင်ပိန်ဟာ
သူချိန်လိုက်တဲ့ ပစ်မှတ်
သူ့အတွက်လဲ မြတ်ရမယ်
တောင်သမန် ဆယ့်နှစ်ရပ်က
ပရိသတ်ပြည်သူရဲ့
ကြည်ဖြူမှုကိုလဲ ခံရမယ်

http://www.cherrythitsar.org



သို့ကလို ကြံဆရင်း
'တောင်သမန်အင်း' ကို ဖြတ်ခင်း
ကျွန်းတံတားကြီး အထင်းသားပေါ်
အခုတော့ ...
ကဗျာဆရာ စဉ်းစားနေရပြီ
မင်းတရားရဲ့ လက်မှတ်နဲ့
ကျွန်းသစ်တွေ အထပ်ထပ်
မြို့ဝန်မင်း ဘိုင်ဆတ်ကို
အမြတ်ဘယ်လောက် ပေးခဲ့ရသလဲ
မြို့စာရေး မောင်ပိန်မှာ
စည်းစိမ်ဘယ်လောက် တိုးခဲ့သလဲ
ချိုးထောင်, ခါတည်ခလေ့နဲ့
လက်ဖွဲ့ပွဲကို စိတ်သန်သူ
တိရစ္ဆာန်ချင်း တိုက်ပွဲတွေကို
မိုက်မဲစွာ မွေ့လျော်ခဲ့သူ
ပုဂံမင်းလို လူဟာ
သူ ဘာမျှ သိရှာမယ် မထင်ဘူး
ကဗျာဆရာရဲ့ စိတ်ကူးထဲမှာတော့
မြဝတီမင်းကြီး ဦးစရဲ့
လှပတဲ့ ကဗျာကသိုဏ်းနဲ့

http://www.cherrythitsar.org



**'ရှုတိုင်းငယ်စို ...**
**မြရေညိုတောင်သမန်နှင့်**
**မြောင်ပတ်ရုံဆီး ...၊**
**မီးစုံပွင့်ရေ**
**ဖျာသိုက်ကယ် ရန်အောင်ချွေမယ့်**
**မန်းခေါင်မြေ ညာမော့မှာ**
**ဘိုတော်ပြည်ကြီး '** ...ဆိုတဲ့
ဒွေးချိုးချို့ တေးဆိုသပါလို့
ဘောထိုထိုမှာ
အရေး မပြိုခရအောင်
(ဟိုတုန်းက ...)
အမရပူရကိုသာ လွမ်း ...။

## စာကိုးစာရင်း


၁။ အရှင်ပညာဇောတ – 'တောင်သမန်ကျောင်းတော်ကြီး ဘုရားသမိုင်း (၁၀၈၂)

၂။ ဒဂုန် နတ်ရှင် – 'ရတနာပုံမ်နိဒါန်း' စာပေဗိမာန် (၁၉၇၆)

၃။ တိုက်စိုး – 'မင်းတုန်းမင်း'၊ ပုဂံစာအုပ် (၁၉၇၂)

၄။ လူထုဒေါ်အမာ – 'မန္တလေးသူ– မန္တလေးသားများ'၊ ကြီးပွားရေး စာအုပ်တိုက် (၁၉၉၁)


**မြန်မာ့ခေ၊ စက်တင်ဘာလ၊ ၁၉၉၃**

http://www.cherrythitsar.org

http://www.cherrythitsar.org



# ဘန်ကောက်ဒီပါမက်

*In the nineteen-eighties,*
*People prefer flashing disco lights*
*To the moonbeam.*
*Men rush to the artificial cascades*
*Of massage palours.*
*Forgetting the beauty and freshness*
*Of natural waterfalls.*
*Women cut their long lustrous hair,*
*Black and straight,*
*To be coiffured a la mode:*
*Short, frizzy and reddish brown;*
*And wear tight faded jeans*
*Instead of delicately woven silk.*
... ... ...
*Beggars still haunt Bangkok,*
*Only now they use plastic bowls*
*Instead of halved coconut shells.*
*Canals are still here,*
*But now they serve to drain sewage,*
*Not as waterways,*
*Trees still line the streets,*
*But their leaves are wilted*
*Instead of luxuriant and green;*
*Noodly shops are still here,*
*Only they use monosodium glutamate*
*Rather than culinary art for*
*flavour as of old.*

http://www.cherrythitsar.org



ထိုင်း–ကဗျာဆရာမ
**အက်စ်–စုရန်**[1]**...**
(သို့မဟုတ်)
**'စရီစုရန်ပူးလ် သုဖယား'**[2] **တဲ့**
၈၀, ခုနှစ်လွန် နှစ်များဆီက
ဘန်ကောက် မြို့ပြအကြောင်းနဲ့
ဘန်ကောက်ဟာ
ပြောင်းလဲသွားပြီလား ... ဆိုတဲ့
ရင်ဖိုစရာ ကဗျာနှစ်ပုဒ်ကို
ရုတ်တရက် ခံစားရတော့
ရှင်မကို လက်တို့ခေါ်
**'ဘန်ကောက်' ...**ဆိုတဲ့
ဟို ... ရွှေမြို့တော်ကို ...။

1. S. SURANG
2. Srisurang Poolthupya

http://www.cherrythitsar.org



အာရှဒေသမှာ
ခနဖေဒနဲ့ တောက်ကြွားလာတဲ့
ပဋ္ဌမမြောက် ကျားတစ်ကောင်ပေါ့
အင်ဒိုချိုင်းနားနဲ့
မလေးကျွန်းဆွယ်ကြားမှာ
ကျောက်ဖယားမြစ်ကို လက်ပစ်ကူးပြီး
'ဘိုင်ယော့ဟိုတယ်'ကြီးကို ထမ်းလို့
ခြေလှမ်းကျဲကြီးနဲ့ လျှောက်လာတယ်
မှိုပေါက်သလို လျှပ်တစ်ပြက်
အလျှိုလျှို ပေါ်ထွက်နေတဲ့
စက်မှုနယ်မြေသစ်များဟာ
အဲဒီ့ ပဋ္ဌမြောက်ကျားရဲ့
အင်နာဂျီ (စွမ်းအား) တွေ ဖြစ်တယ်
ကိုးရီးယား ... ထိုင်ဝမ်
ဟောင်ကောင် ... စင်ကာပူ
ဂျပန်ကို အတုယူနေကြတဲ့
စူပါကျား လေးကောင်ရဲ့
နောက်နားမှာ ...
နှာတစ်ဖျားသာအောင် ခုန်တက်ဖို့
ခြေလက်တွေကို ဆန့်ထုတ်
အရှေ့ဖျားကို လှုပ်နှိုးမယ့်
(တုတ်ထိုးရုပ် မဟုတ်တော့တဲ့)
တကယ့်ကျားတစ်ကောင်ရဲ့
အောင်ပွဲခံသံဟာ

http://www.cherrythitsar.org



အရှေ့ဘက်မှာ... ကမ်ပူချားနိုင်ငံ
အနောက်ဘက်က ... မြန်မာနိုင်ငံ
တောင်ဘက်မှာ ... မလေးရှားနိုင်ငံ
မြောက်ဘက်က ... လောနိုင်ငံ
အိမ်နီးချင်း နံရံတွေကို
ပွဲတင်ညံစေခဲ့ပြီ
စည်းမျဉ်းခံ ဘုရင်စနစ်
၁၉၃၂ ခုနှစ်မှာ ကျင့်သုံး
ဟို ရှေးရှေးတုန်းကတော့
ကြောင် ...
အခုတော့
ကျားတစ်ကောင်ရဲ့ သမိုင်းသစ်
ဒါ ... 'ထိုင်း' နိုင်ငံတော် ဖြစ်တယ်
ဝယ်ချင်စရာ တစ်ပုံတစ်ပင်နဲ့
ရှင်မကို ရင်ခုန်စေချင်တယ်
အခင် အချစ်, အငင် အရစ်တွေနဲ့
ရှင်မကို အမြင်သစ်စေရမယ်။
♦
ထိုင်းရဲ့ အသည်းနှလုံးဟာ
အမြဲပြုံးနေတဲ့ အပျိုမလို
ပင်ကိုအလှကို ထပ်ဆင့်
လျှပ်စစ်ရောင်စုံ ပဝါနဲ့
မဟူရာညကို ခြုံလိုက်တော့
ကောင်းကင်ဘုံအထိ လင်းထိန်
(တစ်နေရာမှာတော့ မှိန်ချင်မှိန်နေမယ်...)

http://www.cherrythitsar.org



**စိန်သား၊ မြသား ... ယိုးမှားဝိုးဝင်း**
**ပတ္တမြား ညခင်းမှာ ...**
**မီးကွင်း၊ မီးတောက် ... မီးပေါက်၊ မီးပန်း**
**မီးတန်း၊ မီးဆိုင်း**
**မီးစက်ဝိုင်း၊ မီးစကြာ**
မီးပဝါ တဖျတ်ဖျတ်
လျှပ်စစ်မီးမိုး ရွာသွန်းဖြိုးဟန်
မိုးကိုနမ်းနေတဲ့
မိုးနမ်းမျှစ်စို့ကြီးပမာ
'ပက်ချာဘူရိ'နဲ့
'ဆူကွန်ဗစ်' ရပ်ကွက်တစ်ဝိုက်က
မိုးထိတိုက်ကြီးတွေဟာ
မြေကြီးကို ထိုးဖောက်
မိုးကိုရောက်အောင် မျှော်လင့်
သူ့ထက်ငါ အမြင့်ပြိုင် နေကြတယ်
**ရီဂျင့် ဟိုတယ် ...**
**အင်ဘက်ဆီဒါ ဟိုတယ်** ... နဲ့
**ဆိုဂိုး** ... ကုန်တိုက်မှာ
ဘယ်တော့မှ အိပ်မငိုက်တဲ့
စိတ်ကြိုက်အစီအစဉ်တွေ ရှိတယ်

http://www.cherrythitsar.org



မိမိနိုင်ငံရဲ့ မြေကြီးကို
အိုးပုတ်, ချိုးရုပ်လို ဖန်တီး
လိုအပ်ချက် မှန်သမျှကို ဖြည့်ဆည်း
ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းဟာ
စီးပွားရေး ကြီးပမ်းမှုရဲ့
၂၁ရာစုအကြို ကဏ္ဍသစ်မှာ
နံပါတ်တစ်, နေရာက
အသေအချာ အထင်ကရလေ
ရှင်မ ... ဘာလိုချင်သလဲ
ရှင်မ ... ဘာရှာနေသလဲ
ရှင်မ ... ဘာလုပ်ချင်သလဲ
အားလုံး အဆင်ပြေစေရမယ်
ဘယ်တော့မှ မအိပ်တဲ မြို့
ကိုယ့်အိုး ကိုယ့်အိမ်ကို စွန့်ပစ်ပြီး
ခဏလောက် ချစ်ချင်စရာ မြို့
အဲဒီလို မြို့ကြီးဟာ
ဟိုတယ် ရာစုခေတ်ကို
မဖြစ်မနေ တည်ဆောက်လို့
အရှေ့နဲ့ အနောက်ကြားက
အလယ်ခေါင် တံခါးပေါက်ပေါ့
ဒါ ... **'ဘန်ကောက်'** ...တဲ့ ရှင်မရယ်။

http://www.cherrythitsar.org



နှစ်တစ်ရာလောက် ကြာတဲ့အခါ
နဂိုမူလ သတ်မှတ်ချက်များဟာ
နဂိုအတိုင်း
ရပ်ဆိုင်းမနေတော့ဘူး ...လေ
(မသေချာဘူးထင်ရင် ...)
ဘောဂဗေဒ အမြင်နဲ့
သမိုင်းဗေဒ ဖလင်ပေါ်မှာ
ဘန်ကောက်ကို မြင်ကြည့်လှည့်ပါ
ရှင်မ ... လက်ခံပါလိမ့်မယ်
နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု
အထုပ်အပိုးကြီး တစ်ခုကို
သူ့ခေါင်းပေါ်မှာ တင်ထားပြီး
ဒေသခံ ပညာရှင်များ
ပြည်ပကို ရောက်မသွားဖို့
ဦးနှောက်ယိုစီးမှု ရောဂါပိုး
ပညာရှင်များမှာ မတိုးပွားဖို့
လူသားတန်ဖိုးကို ရိုကျိုး
အမျိုးသားစီးပွားရေးကို ပျိုးထောင်
ဝန်ဆောင်မှုတွေကို လျှော့ချ
စက်မှု မြို့ပြတွေ တည်ဆောက်
အထက် – အောက် ကွာဟမှု
အထက် –အောက် မှောင်ချထားမှု
အထက် – အောက် အဟာန့်အတားဖြစ်မှု
ဘယ်သူ့မှာ တာဝန်ပိုရှိသလဲ

http://www.cherrythitsar.org



အမြဲသုံးသပ်နေတဲ့ မျက်လုံးနဲ့
ထိုင်းနိုင်ငံရဲ့ အသည်းနှလုံးဟာ
ပြုံးနေတဲ့ 'ဘန်ကောက်' ပေါ့
အရိုင်းကျောက်သားကို
သမိုင်းချောက်ကမ်းပါးထဲကဆယ်ယူ
လူသားရဲ့ ဉာဏ်စွမ်းနဲ့
အံ့မခန်း စီမံလိုက်တော့
ခေတ်ဆန်ရုံသာ မက
ခေတ်ပျံလွန် အလှအပတွေနဲ့
အဖိုးတန် မြကျောက်လိုပ
ခနေ ဂုဏ် လျှံမောက်နေတဲ့
ဒါ ... 'ဘန်ကောက်' တဲ့ ရှင်မရယ်
အထင်ကရ ဖန်ဆင်း
စက္ကူ မြင်ကွင်းမှန်သမျှ
တစ်လက်မမျှ အလဟဿ မထား
ကမ္ဘာလှည့်ခရီးသွားတွေရဲ့
စိတ်ဝင်စားမှုကို မျှော်ခေါ်ကာ
ဒေါ်လာကို အရချူ
ပြည်သူကို မကန်ကျောက်
ဒါ ...'ဘန်ကောက်' တဲ့ ရှင်မရယ်။

http://www.cherrythitsar.org



ရောင်းကောင်းကောင်းနဲ့
ရောင်းချပစ်လိုက်တာ
သဘာဝသစ်တောတွေ ပျက်ပြုန်းလို့
တောင်ကတုံးပဲ ကျန်ချင်ကျန်
ဒေသခံ စုံစီနဖာအစုစု
ကျေးလက်အနုပညာပစ္စည်း
စိပ်ပုတီးကအစ
ဖိနပ်တောင် မကျန်စေရ
ရေကန်ထဲက မိကျောင်းပေါက်
မြေအောက်က ကျောက်သံပတ္တမြား
မြေသားပေါ်က ရက္ခ
ခုတ်လို့ရတာ အကုန်ရောင်း
ထုတ်လို့ရတာ အကုန်ရောင်း
အူဟောင်းလောင်းနဲ့ ကြံစုပ်ပြီး
ဆန်ပြုတ်သောက်ရမယ့်မြို့ဟာ
ဘန်ကောက်မဟုတ်ဘူးတဲ့ ရှင်မရယ်
သဘာဝ သယံဇာတ ပစ္စည်းထက်
အက်ဖ်အီးရဖို့ ပိုလွယ်တဲ့လမ်းဟာ
ဟိုတယ်လုပ်ငန်း
စားသောက်ဆိုင်လုပ်ငန်း
ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း
သယ်ယူပို့ဆောင်ရေးလုပ်ငန်း
အပန်းဖြေစခန်း လုပ်ငန်း
လုပ်ငန်း လုပ်ကွက်များစွာထဲမှာ
အားနာစွာ မျက်နှာလွှဲခဲ့ရတဲ့

http://www.cherrythitsar.org



ခန္ဓာဗေဒ အလုပြလုပ်ငန်းနဲ့
ဆန္ဒမပါတဲ့ အချစ်
မေတ္တာမပါတဲ့ သွေးသားကို
ဈေးကစားကြတဲ့ လုပ်ငန်း
ညှို့သည်ခေါ်တဲ့ လုပ်ငန်း
အဖော်သဟာ ပျော်စရာနဲ့
ခေါ်လာရှာတဲ့ လုပ်ငန်း
**'ပတ်ပုံလမ်း'** ထဲမှာ ရှိတယ်
**'ပက်ဘုန်းရပ်ကွက်'** ထဲမှာ ရှိတယ်
မိုးပျံဟိုတယ်တွေမှာ ရှိတယ်
အပန်းဖြေစရာ ကမ်းခြေမှာရှိတယ်
မသိချင်ပါနဲ့လားကွယ်
ပင်လယ်ပြင်သွား သင်္ဘောသားတွေ
နိုင်ငံခြားပျော် ပညာတော်သင်တွေ
မမြင်ဘူးတဲ့ အရပ်တစ်ပါး
ကမ္ဘာပတ်ဖို့ သွားသူတွေ
စိတ်ဓာတ်အင်အားသာ
မခိုင်မာခဲ့ရင် ...
နိုင်လွန်ကန့်လန့်ကာ နောက်ကွယ်မှာ
သူယောင်မယ် အမျိုးမျိုးကြောင့်
ရာစုလွန် ရောဂါပိုးနဲ့
အဆိုးဝါးဆုံး အန္တရာယ်ကို
သယ်ဆောင်လာရလိမ့်မယ်
ဟိုမှာကြည့်စမ်း ...
**'ပတ်ပုံလမ်း'** ...တဲ့ ရှင်မရယ်။

http://www.cherrythitsar.org



အကြံပေါက်သူများ ...
(သို့မဟုတ် ...)
ဘန်ကောက်လူသားတွေဟာ
၈၀, ခုနှစ်လွန် ကာလများမှာ
သဘာဝ လရောင်ခြည်ထက်
နီယွန် မီးရောင်တလက်လက်
ဒရမ်ရိုက်ချက် ခပ်ပြင်းပြင်း
ဒစ္စကိုသီချင်း ခပ်သွက်သွက်ကို
ပိုပြီး တပ်မက်ခဲ့ကြပြီ
ဧည့်သည် ပုရိသတွေကတော့
ဒေသခံ အလှအပတွေ
သဘာဝ ရေတံခွန်တွေ
လေပြေ လေညင်းနုနုတွေ
အညစ်အကြေး ကင်းစင်တဲ့
သန့်ရှင်း လန်းဆတ်မှုတွေကို
ဥပေက္ခာပြုခဲ့ပြီး
သူ့ထက်ငါ အလှအယက်ပေါ့
ရမ္မက်ထောင်ချောက်များဆီ
အရောင်တောက်နေတဲ့
လျှပ်စစ် ရေပန်းပွားများဆီ
အမောပြေရေး
အကြောအခြင်ဖြေပေးတဲ့
လက်မောင်းသား ဖွေးဖွေး
နူတ်ခမ်းနီ ရွှေးရွှေးနဲ့
လက်နှိပ်ခန်းလေးတွေဆီ

http://www.cherrythitsar.org



ကသီကရီ အပြေးအလွှား
တက္ကစီနဲ့ သွားသူသွား
အားမကျဘူး ရှင်မရယ်
ဂန္ထဝင် လှပျို့ဖြူ
ဟိုတစ်ချိန်က ဘန်ကောက်သူတွေဟာ
သူတို့ရဲ့ မဟူရာဆံပင်ကို
အိုမီဂါပုံ တိုတိုညှပ်
နီညိုရောင် ဆိုးဆေးတွေ ထပ်တင်
ဖက်ရှင်သစ်တွေ တီထွင်ကြ
ဥရောပ ယဉ်ကျေးမှုကို
သူ့ထက်ငါ အတုခိုးကြ
ရိုးရာ ပိုးဝတ်စုံကို ခွာချွတ်
လွတ်လပ်တဲ့ တီရှပ်
ဂျင်းဘောင်းဘီ ကျပ်ကျပ်
ဂျင်းစကဒ်တိုတိုနဲ့
အလို ...
ရင်ဖိုစရာ ဘန်ကောက်ပေါ့
ယခင်နဲ့တော့ မတူပြီလေ။

http://www.cherrythitsar.org



ထိုင်းရဲ့ မျိုးဆက်သစ်
ချစ်စဖွယ် ကလေးသူငယ်တွေဟာ
ရိုးရာလက်ဖွဲ့ကို မေ့သွားလို့
တီဗွီဂိမ်း ကစားကြပြီ
တီဗွီဖန်သားပြင်ပေါ်မှာ
ခလုတ်ထိန်း ကိရိယာနဲ့
ကားမောင်းတာ ပြိုင်ကြပြီ
တီဗွီဖန်သားပြင်ပေါ်မှာ
ပေါ်လာတဲ့ ငှက်တစ်ကောင်ကို
မျက်တောင်မခတ်ဘဲ ပစ်ချ
လျှပ်စစ် သေနတ်စွမ်း ပြကြပြီ
အံ့မခန်း တိုးတက်နေတဲ့
၈၀, ခုနှစ်လွန် သည်ဘက်က
စက်မှုဘန်ကောက် မြို့တော်မှာ
သမိုင်းဝင် အဆောက်အအုံတွေကို
ဖယ်ရှားလို့
ကုန်သွယ်စီးပွား ရာဇာများအတွက်
နန်းတော်ထက် ခံ့ညားတဲ့
ကျောက်သား ဗိမာန်ကြီးတွေ တည်ဆောက်
အောက်ဆုံးလွှာတွေရဲ့ နေရာမှာ
ဧရာမ ဟိုတယ်ကြီးတွေ
အမြီးအမောက် မတည့်တဲ့
မော်ဒန်အဆောက်အအုံတွေ
အမြန်ရောက်လော့ ...
ဒါ ... **'ဘန်ကောက်'** ပေါ့ ရှင်မရယ်

http://www.cherrythitsar.org



မြင်သမျှ အရာအားလုံးကို
မျက်လုံးအရသာနဲ့ ရှုစားရင်း
အာရုံခြောက်ပါး အရသာနဲ့
ဘဝတဏှာကို ခံစားရင်း
ဒရင်းဘတ်ပေါ်မှာ ဖိမ်ယူပြီး
အပေါ်စီးက – ငုံ့ကြည့်နေသူ
ဒေါ်လာကို ရေလိုဖြုန်းခဲ့
ပြီးနေတဲ့
ကမ္ဘာလှည့် ခရီးသည်ကြီးတွေနဲ့ အတူ
ဘန်ကောက်ပျိုဖြူ အလှလေးတွေဟာ
ညကြေးကောင်းကောင်း ရအောင်ချူ
ချစ်ပန်းကုံးတွေ လက်ဆောင်ပေးတော့
မျက်တောင်မွေးလို့ ချစ်သွေးဆူ
ရေးမူတွေ ပြန်ရောက်လာမယ့်
ဘန်ကောက်ကိုတဲ့ မျှော်ရှာသူ
ဒေါ်လာတွေ ဖြိုးကြွသတဲ့
မိုးတစ်ညရဲ့ နှိုးဆွအပူ
ရှင်မ ... ဘာကြောင့် နှုတ်ခမ်းစူ ...။

http://www.cherrythitsar.org



ကြည့်စမ်း ... ရှင်မ
ဒါဟာ စက်မှုမြို့တော်ရဲ့ ရုပ်ပြ
ဖြုတ်စဗျင်းတောင်း တင်းကြမ်း
ထမင်းတောင်းတဲ့ လမ်းပေါ်
တချို့ကတော့
ဝမ်းနည်းရိပ်တွေ သမ်းလို့
တချို့ကတော့
ဝိဘစ္ဆမျက်လုံးနဲ့
ဟို အနိမ့်ဆုံး အမှောင်ထောင့်မှာ
ဆောင့်ကြောင့်ထိုင်ရင်း စဉ်းစားလို့
တချို့ကတော့
မိုန်ဖျော့နင်းပြားတွေကို ကြည့်ပြီး
အပေါ်စီး စိတ်ထားနဲ့
သိပ် သနားနေသတဲ့လေ
ဘန်ကောက် ရေမြေပထဝီ
ဘန်ကောက် ရာသီဥတု
ဘန်ကောက် လူနေမှုအသွယ်သွယ်ဟာ
တကယ်ပဲ ပြောင်းလဲသွားပြီလား
ဘန်ကောက်မြို့မှာ ကျက်စားနေဆဲ
သူဖုန်းစားတွေရဲ့ လက်ထဲက
အုန်းခွံခွက်ဟောင်းကို စွန့်ပစ်
ပလစ်စတစ်ခွက် အသစ်ရောက်
ပြောင်းလဲသွားတဲ့ ဘန်ကောက်ပေါ်
နော့ ... ရှင်မရယ် ...
နှစ်စဉ် နှစ်တိုင်းလိုပဲ
ဘန်ကောက်မှာ မြစ်ရေလျှံဆဲ

http://www.cherrythitsar.org



ဒါပေမယ့်လည်း ...
ရွှေမြို့တော်ကြီးတော့ မဟုတ်
ရပ်ကွက်စုတ်ထဲ ရေတွေရောက်
ပြောင်းလဲသွားတဲ့ ဘန်ကောက်ပေါ့
နော့ ... ရှင်မရယ် ...
ယခင်အတိုင်းလိုပဲ
ခေါက်ဆွဲဆိုင်တွေ ရှိနေဆဲလေ
ဒါပေမယ့် ယခုအခါ
ရိုးရာ ချက်ပြုတ်နည်း မလို
အချိုမှုန့်တွေ အလျှံအမောက်နဲ့
ပြောင်းလဲသွားတဲ့ ဘန်ကောက်ပေါ့
နော့ ... ရှင်မရယ် ...
ယခင်အတိုင်းလိုပဲ
ထိုင်း ... ရဲ့ ရွှေမြို့တော်
မော်ဒန် ဘန်ကောက်မှာ
တောက်ခေါက်သံတွေ ရှိနေတယ်
ဒါပေမယ့်လည်း ရှင်မရယ် ...
အိပ်မက်ထဲမှာ တဝဲလည်လည် ...။ ။

မှတ်ချက်– S.SURANG ရဲ့ Love and more love ကဗျာစာအုပ်နဲ့ ပြည်တွင်းစာနယ်ဇင်းအချို့ကို မှီငြမ်းကိုးကားပါသည်။

**မြန်မာ့ဓန၊ အောက်တိုဘာ၊ ၁၉၉၃၊**

http://www.cherrythitsar.org

http://www.cherrythitsar.org



## ရှင်မေ့နှုန်းကို ပြောလိုက်ပါ

**'ကျိုက်ခေါက်တိုက်ပွဲမှ ပေါ်ထွက်လာသော အမြောက်သံ၊ သေနတ်သံ၊ ဆင်ကျည်သံ၊ မြင်းဟီသံ၊ စစ်သည်များ၏ ကြွေးကြော်သံများသည် လေတသွင်သွင် တိုက်ရာတွင် တချွင်ချွင်မြည်နေသော ကျိုက်ခေါက်စေတီ၏ ထီးမှ ဆည်းလည်းသံများကို လုံးဝဖုံးလွှမ်းသွားလေတော့သည်'**

(သန်လျင်မြို့ - ဆံတော်ရှင်
ကျိုက်ခေါက်စေတီတော်သမိုင်း၊
ကထိက- ဦးသက်တင်
--- --- ခုနှစ်)

http://www.cherrythitsar.org



မင်းတရားရွှေထီးရဲ့
မြန်မာပြည် စည်းရုံးရေးဝါဒကို
ပမာမခန့် ဆန့်ကျင်
ကျိုက်ခေါက်စေတီတော်ရင်ပြင်မှာ
'သမိန်ထောရာမ' ဘွဲ့ခံ
ဗညားရံရဲ့ သားဟာ
ထောင်လွှားတဲ့ အာခံစိတ်နဲ့
သန်လျင်ကို ပိတ်ဆို့ခဲ့တယ်
သန်လျင်မြို့ကို ဝင်နိုင်ဖို့
တပင်ရွှေထီးရဲ့ ယောက်ဖတော်
ဘုရင့်နောင် ကျော်ထင်နော်ရထာရဲ့
ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်
ရေပြင်တပ်တွေဟာ
ရှုပ်ရှုပ်ချုံချုံ ဆင်နွှဲ
စစ်ကြောင်းသုံးခု ခွဲလို့
ကျိုက်ခေါက်တိုက်ပွဲကို ဖောက်ခဲ့
မြားမိုးပေါက်တွေ တဖွဲဖွဲ
အမြောက်မီးခိုးတွေ တအူအူပေါ့
ဆူသံ ပွတ်သံ ဘဝဂ်ညံသတဲ့
စစ်သံချူန်းချူန်း တောကြီးဖုံးသတဲ့

http://www.cherrythitsar.org



စစ်မျက်နှာသုံးခုမှာ
ရန်သူ့ဘက်က အရေးနိမ့်တော့
သွေးတစိမ့်စိမ့် ဒဏ်ရာနဲ့
အာခံသူ သမိန်ထောရာမဟာ
အမှောင်ညမှာ ကိုယ်ရောင်ဖျောက်
ကျိုက်ခေါက်တပ် အနောက်ဘက်တံခါးမှ
တိတ်တဆိတ်ထွက်ခွာ
ရဲမက်များစွာကို ထားရစ်
ဒဂုန်မြစ်ရေကို ... စုန်
ဒလမှာ ခိုလှုံသတဲ့
သထုံဘုရင် ဓမ္မပါလနဲ့
ပါဒမြို့စားများ
တည်ထားကိုးကွယ် ပြုပြင်ခဲ့တဲ့
ကျိုက်ခေါက်ဆံတော်ရှင် တည်ရှိရာ
**(ဥတ္တရဂံတုန်း)** တစ်ပိုက်မှာ
သို့ကလို တိုက်ပွဲမျိုးတွေကို
သမိုင်းတန်ဖိုး ရှိ–မရှိ
သတိတရားနဲ့ စဉ်းစားရင်း
ရန်ကုန်–သံလျင်သွား
တံတားသစ်ကြီးပေါ်မှာ
လမ်းလျှောက်လာတဲ့ ကဗျာဆရာ။

http://www.cherrythitsar.org



ရုရှားနိုင်ငံသား ကဗျာဆရာ
မာယာကော့ဗ်စကီးရဲ့
ပြည်ပခရီးစဉ်တစ်လျှောက်မှာ
နယူးယော့မြို့ကိုရောက်တော့
နယူးယော့နဲ့ မင်ဟတ်တန်ကို
သန်မာစွာ ဆက်သွယ်ထားတဲ့
ဟတ်ဆန်ပင်လယ်ကွေ့ပေါ်က
တစ်မိုင်ကျော်ရှည်လျား
သံမဏိနဲ့ တည်ဆောက်ထား
**'ဘရွတ်ကလင် တံတား'** … ကြီးကို
သူသွားပြီး ကြည့်ခဲ့တယ်
အဲဒီ တံတားပေါ်မှာ
သူခံစားခဲ့ရတဲ့ မြင်ကွင်းကို
ဟောသလို ကဗျာဖွဲ့ခဲ့တယ်
**(နယူးယော့ဆိုတဲ့ မြို့ကြီးကို**
**ဘရွတ်ကလင်တံတားပေါ်က**
**မျှော်ကြည့်လိုက်တယ် … ၊**
**ဆည်းဆာဟာ မွန်းကျပ်လာပြီး**
**စိတ်ရှုပ်စရာကောင်းတဲ့ အထိပေါ့ …။**
**… … …**
**စဉ်းစားကြည့်စမ်း**
**လက်ချည်းသက်သက်မဲ့**
**မင်ဟတ်တန်ကမ်းဘက်မှာ**
**သံမဏိတိုင်ကြီး တစ်တိုင်ကို**
**ဘယ်သူစိုက်နိုင်ပါ့မလဲ …။**

http://www.cherrythitsar.org



**ဘရွတ်ကလင် တံတားနှုတ်ခမ်းကို**
**ကိုင်ဖြဲပြီး**
**ခုလိုအမြင့်ကိုရောက်အောင်**
**ဘယ်သူဆွဲတင်နိုင်ပါ့မလဲ။**
**... ... ...**
**ရေနွေးငွေ့ခေတ် ပြီးတဲ့နောက်မှာ**
**ဒီတံတားကြီး ရောက်လာတယ် ...**) တဲ့
အင်းစိန်သား ကဗျာဆရာဟာလည်း
ခေတ်ပြိုင် ရုပ်ပုံလွှာတွေကို
ရင်ခုန်သံနဲ့ ခံစားဖို့
ရန်ကုန် – သံလျင်သွား
သံမဏိ တံတားသစ်ကြီးပေါ်မှာ
တောသားမြို့ရောက် ခြေလှမ်းနဲ့
ကျီးကန်းတောင်းမှောက် ရောက်ခဲ့ပေါ့
အရှေ့အနောက် – တောင်မြောက်ဝဲယာ
မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာ
အခိုင်မာဆုံး, အကြီးမားဆုံး
အရှည်လျားဆုံးတံတား
ကျပ်သန်းပေါင်း (၁၆၅၀) မျှ
ကုန်ကျခံခဲ့တဲ့ တံတား
နှစ်နိုင်ငံ စီးပွားရေးနဲ့
နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး
သွေးစည်းမှုရလဒ်ဟာ
ပဲခူးမြစ်ကို ဖြတ်သွားတဲ့
သံမဏိ တံတားသစ်ကြီးပေါ့

---

* မောင်သစ်တည် (မြန်မာပြန်) နှစ်ဆယ်ရာစုနိုင်ငံရပ်ခြား ကဗျာစာအုပ်မှ။

http://www.cherrythitsar.org



မီးရထား, မော်တော်ကားများရဲ့
ဝန်အားခံနိုင်စွမ်းရည်ကို
ခေတ်မီကိရိယာ အရပ်ရပ်
ကျွမ်းကျင်မှု အတတ်များနဲ့
(အပ်တစ်ဖျားမျှ မမှားစေရ ...)
စိတ်တိုင်းကျ စမ်းသပ်စစ်ဆေး
တရုတ် – မြန်မာ ချစ်ကြည်ရေးနိမိတ်ထူး
အတိုးမဲ့ ချေးငွေရဲ့စိတ်ကူး
ဒါဟာ ... သိပ်ထူးတဲ့
မေတ္တာပေါင်းကူးတံတားကြီးလေ။

http://www.cherrythitsar.org



ဟိုတစ်ချိန်တုန်းကတော့
နားရွက်နဲ့မျက်လုံးလို
ဆက်ထုံးမကွာတဲ့ခရီးမှာ
ရေလမ်းကြောင်းကြီး ခြားထားလို့
ခံစားမှုတွေ ကိုယ်စီနဲ့ပေါ့
တစ်ခါက ဂျာမနီခေတ်ရဲ့
ဘာလင်မြို့သားတွေလို ဖြစ်ခဲ့ရ
ရှင်မွေ့နန်းနဲ့ မင်းနန္ဒာ အချစ်လို
ရေတိမ်မှာ နစ်ခဲ့ကြရ
ပုဂ္ဂလိကပိုင် ရေယာဉ်တချို့နဲ့
ပြည်တွင်းပို့ဆောင်ရေး ခရီး
စက်တပ်ရေယာဉ် အနည်းငယ်ကြောင့်
ရန်ကုန်–သန်လျင် ခရီးသည်များဟာ
ပြီးစလွယ် ကူးသန်းခဲ့ကြရ
အလွမ်းကိုယ်စီ ဖြစ်ခဲ့ကြရ
သီတာ (၁) နဲ့ သီတာ (၂)ကို
ဖြစ်သလို အချိန်မီစေ
ဝရဇိန်နဲ့ ဝတိန်ရေယာဉ်ကို အားကိုး
လူဦးရေလည်း တိုးပွားခဲ့ပြီ
(၁၉၈၇) ခုနှစ်
ခုလို မိုးဥတု ...
ကုန်လုလု နံနက်ပေ့ါ
အောက်တိုဘာ (၅) ရက်နေ့မှာ
မမေ့နိုင်စရာ ဖြစ်ရပ်လေ

http://www.cherrythitsar.org



**'တိုင်းလုံးကျော်'** နှစ်ထပ်ရေယာဉ်ဟာ
သန်လျင်မှ ရန်ကုန်ကိုအလာ
မြစ်သုံးခွဆိုင် ကြက်လျှာစွန်းအနီး
ခရီးသည်တွေနဲ့အတူနစ်လျှိုး
လူ (၄၀၀) ကျော်ရဲ့ အဖြစ်ဆိုး
ဘယ်သူ့ကို အပြစ်ပြေးဖွဲ့ရပါ့မလဲ
ဘယ်သူ့ကို တိုးတိုးလေး ပြောရပါ့မလဲ
ကဗျာဆရာရင်မှာ နာကျင်ဆဲနော်
ဟောဒီ တံတားသစ်ကြီးပေါ်ကနေ
ဟောဟို ရွက်လှေကြီးအတွက် ပူပန်
ဟို ငှက်သမွန်လေးကို သူသနား
ဟိုကမ်းခြေနေ လူသားတွေအရေး
သူ့ရင်မှာ လေးလံနေဆဲ
မြို့နှစ်မြို့ကို သံမဏိကြိုးနဲ့
ဝက်သိုးထိုးသလို ရစ်ချည်ထားတဲ့
ချစ်ကြည်ရေး တံတားကြီးပေါ်မှာ
ခေတ်ပြိုင်ကဗျာဆရာတစ်ယောက်ဟာ
သီတာ (၂) ရေယာဉ်ကို
သံယောဇဉ်နဲ့ ငေးကြည့်
အလို …ဟိုမှာ
နောက်ကျိဒီရေ တက်တော့မှာပါလား။

http://www.cherrythitsar.org



လူ့သမိုင်းရဲ့ ဖြစ်စဉ်မှာ
တောင်ကိုတွေ့လျှင် လမ်းဖောက်
မြစ်ကိုတွေ့လျှင် တံတားဆောက်
အံ့လောက်ဖွယ်ရာ စွမ်းရည်အတိ
ဟောဒီရေပေါ်မှာ လျှောက်ကြည့်လေ
တည်ဆောက်ရေး ကိရိယာအသစ်များ
ခေတ်မီနည်းပညာများနဲ့
ကျွမ်းကျင်အင်ဂျင်နီယာများဟာ
သဘာဝတရားကြီးက
တားဆီးထားတဲ့ မြစ်ရိုးကို
ဟောသလို နဖားကြိုးထိုးလိုက်တော့
ဟိုး တစ်ရံရောအခါက
ငမိုးရိပ်ကြီးကို ခွစီးပြီး
သံလျင်မှာ ကြမ္မာချို့ရှာသူ
ဒဂုန်မြို့သားလေး မင်းနန္ဒာရဲ့
သံသရာမီးခိုးဟောင်းတွေသာ
မေတ္တာပေါင်းကူးတံတားကြီးပေါ်မှာ
ပျော်ဝင်စီးမျောသွားခဲ့ရင်
(သူ) လူဖြစ်တာ စောပေတယ်လို့
ပြောနေမှာ သေချာတယ် …
**'စိုင်းရှုးကြယ်ပြောင် ယုဂန်တောင်က**
**ရောင်ဖြူလာ နံနက်ကို**
**နှစ်ခုပြိုင်ထွက်သည်နှယ်'*** …လို့
စာပန်းချီ ခြယ်သခံရသူ

* ရွှေတောင် နန္ဒသူ

http://www.cherrythitsar.org



ရကန်ထဲက လှကေသီ
လွမ်းစေတီရဲ့ ကုသိုလ်ရှင်
ရှင်မွေ့နွန်းရဲ့ ဝိညာဉ်သာ
ခုနေအခါ ရှိနေသေးရင်
သံမဏိတံတားကြီးကို ကြည့်ပြီး
သူတို့ချစ်ခရီး စောပေတယ်လို့
ပြောနေမှာ သေချာတယ်
သိပ်မသေချာတဲ့ ကိစ္စက
သန်လျင်မှ ... ရန်ကုန်
ရန်ကုန်မှ ... သန်လျင်
လုပ်ငန်းခွင် ခရီးသွားဖို့
မီးရထား အချိန်မီရောက်ပါ့မလား
ရထားနောက်ကျခဲ့ရင်
ကားခ လောက်ပါ့မလား
သဘော်ာတွေ ခေါက်ရေလျော့လို့
ရုံးချိန်နောက်ကျနေရှော့မလား
မာနကြီးတဲ့ ကြက်သား
ဘယ်သူမှ လက်ဖျားနဲ့မထိနိုင်လို့
ဆိုင်ခုံပေါ်မှာ တောင့်တင်း
ကျောက်ဖြစ်ရုပ်ကြွင်း ဖြစ်တော့မယ်
ဒါ စိတ်ညစ်စရာတော့ မဟုတ်
ဖြုတ်ခနဲ ဖိမ်ခံကားနဲ့ရောက်
ရန်ကုန်က လောပန်တွေ ပေါက်လာရင်
သန်လျင်ပါ ပျောက်သွားနိုင်တယ်။

http://www.cherrythitsar.org



ရခိုင်ဘုရင် မင်းရာဇာကြီးက
(၁၅၉၅) ခုနှစ်မှာ
ကြေးစားစစ်သည် အဖြစ်ခေါ်ယူ
ပေါ်တူဂီလူမျိုး
'ဒီဗရစ်တို' ... ဆိုသူဟာ
စစ်မှန်ယိုထောင်လွှားလို့
နယ်စားပယ်စား
သန်လျင်ရဲ့ မင်းတစ်ပါးပေါ့
ဘုရားဌာနပနာတွေကို ဖောက်မွှေ
ကျိုက်ခေါက်စေတီ ပတ်ဝန်းကျင်ကို
တပ်မြို့အသွင် ဖန်တီးထား
မုတ္တမမြို့စားရဲ့ သမီးနဲ့
သူ့သားကြီးကို လက်ထပ်ပေး
ပတ်ဝန်းကျင်လေးစားမှုကို ခံယူ
သန်လျင်နဲ့ မုတ္တမက
ဒုက္ခသည် ပြည်သူတွေကတော့
သူ့လက်ခုပ်ထဲက ရေအသွင်ပေ့ါ
နေမဝင်တော့ဘူးလို့ ထင်ရှာသူ
**'ဇေင်ကာ'** ... ကို ဆုံးမဖို့
(၁၆၁၃) ခုနှစ်မှာ
သန်လျင်စစ်မျက်နှာကို
(၃၄) ရက်ကြာ ပိတ်ဆို့ပြီး

http://www.cherrythitsar.org



မြို့လယ်ခေါင်မှာ တံကျင်လျှို
ဒီဗရစ်တိုခေါ် ငဇင်ကာကို
မြင်သာအောင် ကွပ်မျက်ခဲ့သူ
အနောက်ဘက်လွန်မင်းတရား ခင်ဗျား
ဟောဒီ တံတားသစ်ကြီးပေါ်ကနေ
ရှိသေစွာ နဖူးအထွတ်နဲ့
ကဗျာဆရာ ဦးညွှတ်ခဲ့ပါတယ်
ဟံသာဝတီ မွန်စခန်းကို
သို့ပန်းအဖြစ် ပါလာကြတဲ့
အင်းဝမင်းနဲ့တကွ
အခင်းမလှသူ …
လူတစ်ရာကျော်ထဲမှာ
ဒူလာဝမ်းရောဂါနဲ့
သံလျင်မှာ ကွယ်လွန်ခဲ့ရှာသူ
ဝန်ကြီးပဒေသရာဇာရဲ့ ဂူကို
သံသယ မြူတစ်မှုန်စာမျှ
မယုံမကြည် ဖြစ်စရာမရှိ
မေတ္တာအတိနဲ့
ကဗျာဆရာ ဂန္ဓာမိခဲ့ပါတယ်

http://www.cherrythitsar.org



သစ္စာကတိနဲ့မြို့
အချစ်ကဗျာရှိတဲ့မြို့ရဲ့
မှိုင်းညို့ညို့ တောင်ဘက်စွန်းက
ရှင်မွေ့နွန်း ချစ်သူမျှော်ရာ
မျှော်တော်ရောင် လွမ်းစေတီဟာ
ချစ်ကြည်ရေးတံတားကြီးကို ကြည့်ပြီး
မချိတင်ကဲ ဖြစ်နေသလား
ပီတိရင်ထဲ သစ်နေသလားလို့
သို့ကလို စဉ်းစားရင်း
သူ့တစ်ကိုယ်တည်း အချင်းများ
ကဗျာဆရာ အငြင်းပွားခဲ့ပါတယ်။

♦

တစ်ရံရောအခါက ...
**'သီဟဒီပကျွန်း'** ... တဲ့လေ
ရှင်မွေ့နွန်းရဲ့ ပျော်စံရာ
ရန်ကုန်မြစ်နဲ့ ပဲခူးမြစ် နှစ်နံစပ်
ဆုံဆည်းရာ အရပ်ဒေသပေါ့
အခုတော့
စက်မှုမော်အတတ်နဲ့ စီရင်
သံမဏိ မိကျောင်းကြီးရဲ့ ကျောပြင်ကို
အဆောတလျင် ဖြတ်သန်းလို့
ဟိုမှာဘက်ကမ်းမှာ ... သန်လျင်
ဆံတော်ရှင် ကျိုက်ခေါက်စေတီကို
ကြည်ညိုဦးခိုက်ချင်သလား

http://www.cherrythitsar.org



ပဥ္စဝဂ္ဂီငါးဦးကို
တရားဦးဟောနေပုံ ရုပ်ကြွ
ဓမ္မမြင်ကွင်းမှာ
ခဏာ ရင်ရှင်းချင်သလား
သစ်ပင်သစ်ရိပ် သိပ်ကောင်းတဲ့
'နတ်စင်တရာကျောင်း' ကို ဝင်မလား
ဟိုနားမှာ ... နတ်ရှင်နောင်ဂူ
ဟိုဖြူဖြူ အဆောက်အအုံဟာ
ခဲမဖြူ သန့်စင်စက်ရုံပေါ့
စီးပွားရေးဇုန် အင်္ဂါရပ်နဲ့အညီ
ဖြစ်တည်ဖို့ အကြံပေါက်
သီလဝါဆိပ်ကမ်း တည်ဆောက်မယ်
လေယာဉ်ကွင်းကြီး တည်ဆောက်မယ်
ကား–ရထားလမ်းတွေ တိုးဖောက်မယ်
လျှပ်စစ်ဓာတ်အားတွေ ဖြိုးမောက်လို့
ဟောဒီ မိုးအောက်မြေပြင်က
သန်လျင်, ကျောက်တန်း ...
ခရမ်း, သုံးခွ မြို့အနှံ့
ဒေသဖွံ့ဖြိုးရေး အသံဗလံ
တံတားသစ်ကြီးပေါ်မှာ ညံသွားတော့
ဆန်စျေး–သံစျေးတွေလှုပ်
ကြက်စျေး–ဝက်စျေးတွေလှုပ်
နွားစျေး–စပါးစျေးတွေလှုပ်
အိမ်စျေး–မြေစျေးတွေလှုပ်ခဲ့

http://www.cherrythitsar.org



**'သမုဒ်ရော၊ ဆုံလှာပေါင်းယှက်**
**ပင်လယ်ချက်ဝယ်၊ အောက်ထက်နတ်လူ**
**ဇမ္ဗူ့ဂုဏ်ပေါက်၊ ထိန့်ရိုက်ချောက်သည်**
**ကျိုက်ခေါက်ကျော်သည်း မဆုံးသောဝ်'** တဲ့
စာဆိုတော် နဝဒေးရဲ့
ဟိုးရှေးရှေးက ခံစားမှု
ကျိုက်ခေါက်ဘုရားတိုင်ရတု
နှစ်ဆယ်ရာစုတိုင် သစ်ခဲ့ပြီ။

♦

ကြားဖူးနားဝအချစ်
ရိုမင်(န်)တစ် ဒဏ္ဍာရီမှာ
သီဟဒီပကျွန်းစား
'ဘောဂသေန'... ဆိုတဲ့, မင်းယောကျ်ားနဲ့
သထုံဘုရင်ရဲ့ သမီးအလှ
'သုဝဏ္ဏဒေဝီ' မေတ္တာမျှခဲ့
အချစ်ကာလ မကြာမီလေ
အာဝေဏိက ဝေဒနာခံစား
မီးမဖွားနိုင်လို့ ကွယ်လွန်
ကိုယ်ဝန်အရင့်အမာနဲ့
သုဝဏ္ဏဒေဝီရဲ့ ရုပ်ခန္ဓာကို
သုသာန်မှာ မီးသင်္ဂြိုဟ်ဖို့ပြင်တော့
မိုက်ထဲက ပေါက်ကွဲလွင့်စဉ်
တစပြင်မှာ အရှင်မွေးသတဲ့
ရှင်မွေ့နွန်းလို့ထင်ရှား
သန်လျင်မြို့စားမလေး ဖြစ်လာပေါ့

http://www.cherrythitsar.org



ဒဂုန်ဘုရင်ရဲ့ သားတော်
နန္ဒာမင်းသားလေးနဲ့
ဟောဒီကျိုက်ခေါက်ဘုရားမှာ
နှလုံးသားချင်းဖွဲ့ထုံး
မျက်လုံးချင်းမြင်ရုံနဲ့ကို
ရင်ခုန်သံ ပိုမြန်ခဲ့ပြီ
ဂန္ဓဝင်ခေတ်ရဟတ်မှာတော့
သန်လျင်က အချစ်ဇာတ်ဟာ
ဖြစ်ရပ်ချင်းတူသူတွေ ရှိနေတယ်ဆိုရင်တောင်
သန်လျင်က ကောင်မလေးနဲ့
ဒဂုန်က ကောင်လေးရဲ့ အချစ်
သူတို့အဖြစ်က ပိုပါတယ်
'ဥတ္တရဂံကုန်း' ပေါ်မှာရှိတဲ့
ကျိုက်ခေါက်စေတီ သိပါတယ်
သီဟဒီပ ကျွန်းသားများ
တစ်ဝန်းတစ်လျား သိပါတယ်
သံမဏိ တံတားကြီးကို
အနီးကပ် ကွင်းဆင်းကြည့်တဲ့
ကဗျာဆရာလည်း သိပါတယ်
သစ္စာအရှိဆုံး ချစ်ဇာတ်လမ်း
(သို့မဟုတ် ...)
လွမ်းစရာ အကောင်းဆုံး ချစ်ဝတ္ထုကို
သုတေသန ပြုချင်သူ
အနုပညာရှင်
ကဗျာဆရာတစ်ယောက်ဟာ

http://www.cherrythitsar.org



ကျိုက်ခေါက်ဈေးမှာ ...
ရွေးစရာ ရှာလည်နေခိုက်
လွမ်းစရာ ရှင်မွေးနွန်းဇာတ်ထုပ်
သူ့ရင်ထဲမှာ ငုပ်သွားခဲ့ပြီ။

♦

တံတားကြီးပြီးတော့
ကားစီးစီး ... ရထားစီးစီး
အသွားနီးခဲ့ပြီလေ
ကဲ – အသွားနီးတော့လည်း
နားညည်းတဲ့ ရသ
ကားစီးရင်း ကြားရ
ရထားစီးရင်း နားရှုခဲ့ပြီ
အပါးမဝတဲ့ ကဗျာဆရာဟာ
ဒေသခံ နွေကမ္ဘာရဲ့
ဝေဒနာ ဘာသာစကားကို
သေချာစွာ နာကြားပြီး
ဘာများ ဖွဲ့ရာခဲ့ပါသလဲ
ဇရာဝတီကို
**'ရာဇဝင်ထဲက သတို့သမီး'** လို့
ချီးကျူးဂုဏ်ပြုခဲ့သူ
ထူးအိမ်သင် ...ရေ
ရန်ကုန်နဲ့ သန်လျင်ရဲ့ အသည်းကြားက
ဟောဒီ ... ခဲသားရောင် မြစ်တစ်စင်းဟာ
တစ်ရံရောအခါကတော့
ဒဏ္ဍာရီထဲက သတို့သမီးပေါ့

http://www.cherrythitsar.org



အခုတော့လေ ...
ဟော့တ်စတိုင်သစ်တွေနဲ့
ခေတ်ဆန်ရုံသာမက
ခေတ်ပျံလွန်မလေး ဖြစ်နေတော့
အခုမှ သန့်လျင်ကို သိပ်ချစ်နေတဲ့
ခေတ်သစ် ဒီဗရစ်တိုတွေဟာ
သီဟဒီပကျွန်းရဲ့ ဖြစ်စဉ်
ခေတ်ဟောင်း ရာဇဝင်ကို မသိ
ကျိုက်ခေါက် ဆံတော်ရှင်ကို
ငလျင် အကြိမ်ကြိမ်ထိလို့
ပြင်ဆင်ခဲ့တာလည်း မသိ
နတ်ရှင်နောင်ကို မသိ
ပဒေသရာဇာကို မသိ

http://www.cherrythitsar.org



ကြည့် ... ဒါပေမယ့်
သံမဏိ တံတားသစ်ကြီးပေါ်မှာ
မယားချစ်ဇနီးနဲ့
ကားသစ်စီးရင်း လေညင်းခံထွက်
ခြံမြေကွက်တွေ အပိုင်စားဝယ်
စီးပွားနယ်ပယ်သစ်ကို ချဲ့ထွင်
ဧည့်သည်သစ်တွေ ဝင်လာပေါ့
သန်လျင် – ကျိုက်ခေါက်နေ
ဒေသခံ မိတ်ဆွေများ ခင်ဗျား
ရှင်မွေ့နွန်းရဲ့ ဝိညာဉ်ကို
ရှိနေသေးရင် ပြောလိုက်ပါ ...
မဟာတံတားကြီးပေါ်မှာ အပန်းဖြေ
လွမ်းစေတီကို ကြည်ညိုနေခိုက်
**'ဒီဗရစ်တို တစ္ဆေ'** လာခြောက်လို့
ကြောက်တတ်တဲ့ ကဗျာဆရာဟာ
ကပျာကရာ ပြန်ခဲ့ရပါကြောင်း ...။ ။

---

**မြန်မာ့ဓနေ၊ နိုဝင်ဘာလ၊ ၁၉၉၃**

http://www.cherrythitsar.org

http://www.cherrythitsar.org



## ဇက်လနဲ့ ရှင်မအကြောင်း

**အိမ်ယာထောင်ခြင်းသည် ဘဝတွင် ကြီးမားသော လုပ်ငန်းတစ်ရပ် ဖြစ်သဖြင့် ကိုယ်ပိုင်လုပ်ငန်းမျှသာ ဖြစ်အပ်သည်။ အိုးတစ်လုံး ဖျာတစ်ချပ်ဆိုသလို အစစအရာရာကို တဖြည်းဖြည်း နှစ်ယောက်သား တိုင်ပင်၍ စုဆောင်းရခြင်းသည်ပင်လျှင် စိတ်ဝင်စားဖွယ် လုပ်ငန်းတစ်ရပ် ဖြစ်ပေသည်။**

---

**တက်တိုး**

**အိမ်ထောင်သည်မော်ကွန်း**

**အညတြဘဝရှုခင်းများ (၁၉၆၃)**

http://www.cherrythitsar.org



ဇင်္ဂလနဲ့ ရှင်မရဲ့
ကြင်စဦး ဓာတ်ပုံဟာ
ဧည့်ခန်းမှာ ဖုန်တွေတက်လို့
စာရွက်စာတမ်းတွေ ပြန့်ကြဲ
စာအုပ်ပုံကို ဖရိုဖရဲဖွရင်း
'ဇင်္ဂလ' ဆိုတဲ့ ကဗျာဆရာဟာ
စာရေးစားပွဲ ညစ်ထပ်ထပ်ပေါ်က
ပလပ်စတစ် စားပွဲခင်းကို
ဘောလ်ပင်နဲ့ ပြင်းပြင်းထိုးစိုက်
ကျမ်းကိုးတွေနဲ့ တိုက်ခိုက်ရလို့
မောဟိုက်နေတဲ့ ပုံသဏ္ဍာန် ...
... ... ...
ဧည့်ခန်းနံရံ နောက်ကွယ်မှာတော့
ဘဲဥခေါက်သံ, မီးသွေးပေါက်သံ
ဇလုံသံ, ဖွန်းသံတွေဟာ
ဒရမ်ခေါက်သလို ကြားနေရတယ်
သံဓာတ်ပါတဲ့ ဟင်းချက်ဖို့
ဟင်းနုနွယ် ရွက်တွေကို
ရေဆေးသန့်စင်ရင်း
မနက်စာ ထမင်းပွဲ အမီ
ကသီကရီလေ
စီစဉ်နေတဲ့ ရှင်မဟာ
မီးဖိုချောင် ဗေဒမှာ
ဘွဲ့လွန်ပါရဂူ တစ်ယောက်မို့

http://www.cherrythitsar.org



ဇေ်ာလလို လူရဲ့
အူတူတူ အယူအဆလောက်တော့
သူမက ...အပျော့ပါ
'ကန်တော့ဆွမ်းပါဘုရား' ... ဆိုတဲ့
မီးဖိုဆောင်ထဲက သူမရဲ့အသံကို
ဆွမ်းခံဦးပဥ္စင်း မကြားရအောင်
ခါးတမမနဲ့ ချက်ပြုတ်
စက်ရုပ်လို ...
တက်သုတ်ရိုက်နေရတဲ့ ရှင်မနဲ့
ဇေ်ာလတို့အတွက်တော့
ရုဒ္ဓရသ မနက်ခင်းမှာ
မျက်လုံးတွေ မီးတဝင်းဝင်းပေါ့
စီးချင်းထိုးကြတော့မယ့်ဟန် ...။
♦

**ဇေ်ာလ ...**

'ဆန်တစ်ပြည်
ဆီတစ်ဆယ်သား
ဟင်းနုနွယ်ရွက် နှစ်စည်း
ဘဲဥနှစ်လုံးလောက်နဲ့
နှစ်ရာတန် တစ်ရွက်လုံး ပျောက်သွားတာ
ယောကျ်ားမှာ တာဝန်ရှိသလား
မင်း သိထားရင် ချေပလေ
ပါတိတ်တစ်စကြောင့်
ဝါဏိဇ္ဇနဲ့
စာရိတ္တတွေ ဖျက်မှုန်းခံရတာ
တရားခံ ဘယ်သူတုန်း – ပြောလေ' ...။

http://www.cherrythitsar.org



**ရှင်မ ...**

'ကမ္ဘာဦး လူသားတွေလို
သားငါးကို အစိမ်းစားကြရင်
ပိုက်ဆံတွေကို
သိမ်းထားလို့ ရတာပေါ့
ရွှေတစ်ကျပ်သား နှစ်သောင်းခွဲ
ဒါ အံ့ဩဖို့ ဘာကောင်းသလဲ
ရွှေချောင်းထက် အရေးကြီးတဲ့
မီးသွေးတစ်ပိဿာ – သုံးဆယ်
ဒီမှာ မီးဖိုချောင်ကမ္ဘာကြီး
ပျက်စီးရတော့မယ်
အီသီယိုးပီးယား ပုံရိပ်ကို
မိန်းမတွေ ရင်ခုန်ထိတ်တာပေါ့
ပါတိတ်တစ်စကြောင့်
စာရိတ္တပျက်စီးရတာထက်
ဝမ်းမီး ညှိုးပါးလို့
ပန်းသီးပိုးစားခံရတဲ့ ပြကွက်
ဒါ ... မိုက်တီးရဲ့ ရိုက်ချက်လား
စရိုက်ပျက်မိလို့
အရှိုက်ခက်ရတဲ့ ကိစ္စ
မိန်းမတွေကိုချည်း လွှဲမချနဲ့ရှင့်' ...။

http://www.cherrythitsar.org



**ဇော်လ** ...

‘ဘယ်လိုပဲ ဖြစ်ဖြစ်လေ
ငွေကို ကိုယ်ကချစ်မှ
သူကလဲ ပြန်ချစ်မှာပေါ့
ငွေကြေးစံနစ်ကို
ဟို ပဝေရှေးခေတ်ကလို
ကျစ်လစ်ခိုင်မာ စေချင်ရင်
အဲ – –’။

**ရှင်မ** ...

‘ကဲ – ဘယ်လိုစီမံမလဲရှင်’ ...

**ဇော်လ** ...

‘နိုင်ငံတကာ ငွေကြေးဟာ
အရေးကြီးတယ်လေ
ရွှေဈေးတက်ရင်
ငွေကြေးပွက်တတ်တယ် ...
ဈေးကွက်စီးပွား ကိစ္စတွေနဲ့
ကုန်သွယ်ရေး ပြိုင်ဆိုင်မှုတွေကို
အဏုမြူ ခြိမ်းခြောက်တဲ့ရန်က
မခံရအောင်
ကိုယ့်ဘက်က ကြံဆရမယ်’...။

**ရှင်မ** ...

‘ကြားဖူးနားဝ စကားတွေနဲ့
ရှင် – ကျွန်မကို ကြွားနေမယ့်အစား
ရော့ – ဆီ သွားဝယ်ပေးပါလား’ ... ။

http://www.cherrythitsar.org



**ဇေ၀်လ ...**

'ရွှေတရား ငွေတရားကို
လူသားတိုင်း နားဝင်ချိုအောင်
မီးဖိုချောင်နဲ့ ပြင်ပကမ္ဘာကြီးဟာ
ရင်းနှီးချစ်ခင်နေမယ်
တစ်ဦးဝိညာဉ်ကို
တစ်ဦးက သိနေရမယ်
ငွေဆိုတာ လုံ့လရှိသူတွေအဖို့
မဏိမေခလာ ဖြစ်သလို
ပစ်စလက်ခတ် အနေမတတ်ရင်တော့
ဒေဝဒတ် ဖြစ်သွားမယ်' ...။

**ရှင်မ ...**

'ကောင်းပြီလေ
ဟောဒီ သီရိဂေဟာမှာ
ကျွန်မဟာ မဏိမေခလာလား
ရှင်ဟာ ဒေဝဒတ်လား
ကိုယ့်တရား ကိုယ်ပြန်စစ်
အကဲဒမစ်ကျကျ ဆွေးနွေးမယ်
မညစ်ပတ်ကြ ကြေးပေါ့ရှင်' ...။

**[ကုလားထိုင်ပေါ်က**
**ဇေ၀်လဟာ**
**စာကြည့် စားပွဲကို**
**ဝုန်းခနဲမြည်အောင် ထုလိုက်တယ်...]**
**[မီးဖိုဆောင်ထဲက**
**ရှင်မဟာလဲ**
**လက်ထဲက သံပန်းကန်ကို**
**ချလွှမ်ကနဲမြည်အောင် ချလိုက်တယ်]**

http://www.cherrythitsar.org



**ဇော်လ ...**

'ဟေ့ – အိမ်ထောင်တစ်ခုမှာ
စီမံခန့်ခွဲမှု ပညာဟာ
ကဗျာဆရာရဲ့ အလင်္ကာလိုပဲ
ညင်သာတယ်, ပျော့ပျောင်းတယ်
သိမ့်မွေ့တယ်, နက်နဲတယ်
ခက်ခဲစွာ ကြံဆရတဲ့
ဂမ္ဘီရ ဆန်တယ်
ဉာဏ်ရည် ထက်မြက်မှသာ
ကြံစည်ချက် မှန်ကန်မယ်
မင်း, ငါ့ကို မဖီဆန်နဲ့နော်' ...။

**ရှင်မ ...**

'ကောင်းပါပြီတဲ့ရှင်
ရှင့်ရဲ့ ဂမ္ဘီရဉာဏ်နဲ့
ဆန်တစ်ပြည်လောက်ရအောင်
ဉာဏ်ရည် ပြစမ်းပါဦး
ကျွန်မရဲ့ တစ်နေ့စာ ဘတ်ဂျက်နဲ့
ရှင်းပေးတဲ့ နှစ်ရာတန် တစ်ရွက်
ဘယ်သင်းက ပိုထက်သလဲလို့
မီးဖိုချောင် ဂရဖ်ကွက်ထဲမှာ
အတက်အကျ ရှာကြည့်ကြမယ်' ...။

http://www.cherrythitsar.org



**ဇေါ်လ ...**

‘ငွေစက္ကူဆိုတာ
လေနဲ့ အသက်ရှူနေတဲ့ လူသားလိုပဲ ...
အမြဲရှင်နေရမယ်
ပိုက်ဆံအိတ်ထဲမှာ ခွေနေတဲ့
ကေသရာဇာ ခြင်္သေ့တစ်ကောင်နဲ့
အမိန့်ရ အပေါင်ဆိုင်
ကောင်တာပေါ်က ခြင်္သေ့ဟာ
ဘယ်ခြင်္သေ့က သေနေပြီး
ဘယ်ခြင်္သေ့က ရှင်နေသလဲ
ဓနဗေဒကို အတွေးမှားရင်
ကုဋေရှစ်ဆယ် သူဌေးသားတောင်
တစ်ချိန်မှာ ဆွေးသွားလိမ့်မယ်’ ...။

**ရှင်မ ...**

‘သိနေတယ်လေ
ငွေတစ်ကျပ်ဆိုတာ
ယူနစ်တစ်ခုကို ခေါ်တာရှင့်
ဟင်းရွက်ဆိုင်ပေါ်က
ကန်စွန်းရွက်တစ်စည်းနဲ့
ရှင် – ဖန်တီးပေးတဲ့ ငွေတစ်ကျပ်
ဘယ်ဟာက မြင့်မြတ်တယ်
ဘယ်ဓာတ်က အသက်ရှိတယ်ဆိုတာ
အို ...ကျွန်မ, မသိပဲ ရှိပါ့မလား
အဘိဓမ္မာစကားနဲ့ ပြောရင်တော့
ဒါတွေဟာ ...
ပညတ်သဘောပေါ့ရှင်’ ...။

http://www.cherrythitsar.org



**ဇော်လ ...**

'အိမ်း – မှတ်သားစရာပဲ
ဖိနပ်ကြားက
နတ်စကား ထွက်တယ်ဆိုတာ
ဒီလိုဟာမျိုးပေါ့
ကလိထိုးသလို ရယ်ရတယ်ဟေ့'။

**ရှင်မ ...**

'ပြည်တွင်းဖြစ် အတွေးနဲ့
ပေါက်ပန်းဈေး ရေးထားတဲ့
ကွမ်းယာဆိုင် စီးပွားရေးလုပ်
ဆောင်းပါးလေး တစ်ပုဒ်, နှစ်ပုဒ်ကြောင့်
ရှင့်ကိုယ်ရှင် အဟုတ်မှတ်
'ဝှုန်မနေပ်ကိန်း' လို့ များ
ထင်နေရော့သလား
သနားလိုက်တာရှင်' ...။

**[အိမ်ရှေ့မှာ တစ်ယောက်ထဲ**
**ဒုတိယအကြိမ်မြောက်**
**ပေါက်ကွဲမှုကို မြင်ရတယ်**
**ဇော်လရဲ့ တောက်ခေါက်သံဟာ**
**မီးဖိုဆောင်ထရံကို**
**ထိမှန် တုန်ခါသွားစေတယ်]**

**[မီးဖိုချောင်ထဲက**
**ဒုတိယအကြိမ်မြောက်**
**ပေါက်ကွဲသံနဲ့ အတူ**
**ထမင်းအိုးဆူနေတာ မြင်ရတယ်**
**ရှင်မရဲ့ လေချဉ်တက်သံဟာ**
**ညှော်ခန်းထရံကို မှန်သွားတယ်]**

http://www.cherrythitsar.org



**ဇေ်ဂလ ...**

'ရွှေအကြောင်း, ငွေအကြောင်း
ကျပ်အကြောင်း, ဘတ်အကြောင်း
မတ်ခ်အကြောင်း, ယန်းအကြောင်း
ဖရန့်အကြောင်း, ဒေါ်လာအကြောင်း
ဘယ်အကြောင်းကို သိချင်သလဲ ...
ဇေ်ဂလကို
ရှင်မ ... ဘယ်လိုစမ်းချင်သလဲ ...
အဆန်းထွင်ပြီး ရေးထားတဲ့
ငါ့ရဲ့
ကွမ်းယာဆိုင် စီးပွားရေးကိစ္စ
ပြည်တွင်းဖြစ် ဘောဂဗေဒ အတွေးဟာ
ဥရောပ ဘုံဈေးကို
မဖြိုရေးချ မဖြိုဟော့' ...။

**ရှင်မ ...**

'ဂုဏ်ယူပါတယ်ရှင်
ဟောဒီမှာ ...
နံပါတ် မထင်တော့လို့
မယ်သီလရင်ကို လှူတာတောင်
မယူလို့ ကျန်ခဲ့တဲ့
ကျပ်တန် အဟောင်းတစ်ရွက်ကို
အကောင်းဘက် ပြန်ရောက်အောင်
ဆောင်ရွက်ပေးစမ်းပါ ... ဒါလင်ရယ်'။

http://www.cherrythitsar.org



**ဇော်လ ...**

‘ငွေကြေးနယ်ပယ်ဆိုတာ
လည်ပတ်မှု မရှိတော့ရင်
ဝိညာဉ်မဲ့ ခန္ဓာကိုယ်လို ပုပ်စပ်တဲ့
ရုပ်ကလာပ်တွေလိုပေါ့
သူ့ကို ဖျက်ဆီးပစ်ရမယ်
မီးသင်္ဂြိုဟ်ပစ်ရမယ်
ချက်နိုင်ငံရဲ့ ဗဟိုဘဏ်မှာ
တန်ချိန် နှစ်ဆယ်လောက်ရှိတဲ့
ဝိညာဉ်မဲ့ ငွေစက္ကူပုံကြီးကို
နေ့စဉ် မီးရှို့ရတဲ့ ငွေပေါင်း
ကရောင်းငွေ (အဟောင်း) တွေဟာ
ကုဋေတစ်သောင်းဖိုးလောက် ရှိမယ်
အဲဒါတွေ – မင်း သိရဲ့လား ...
ငွေဆိုတာ တရားမဝင်တော့ရင်
သနားကြင်နာလို့ မရဘူးလေ’။

**ရှင်မ ...**

‘အနိစ္စသဘောကြောင့်
ကိစ္စချောသွားတဲ့
တရားမဝင် စက္ကူဟောင်းတွေကို
ချက်နိုင်ငံသွားပြီး
အလကား တောင်းလို့ရရင်
သိပ်ကောင်းမှာပဲရှင်’...။

**ဇော်လ ...**

‘ဒါ ... ဘာလုပ်ဖို့လဲကွ’ ...။

http://www.cherrythitsar.org



**ရှင်မ ...**

'အို ... အ လိုက်တာတဲ့
ဘောဂဗေဒ ပါရဂူကြီးရယ်
ရန်ကုန်မှာ မီးသွေးရှားတယ်
ထင်းရှားတယ် ဆိုတာ
ရှင် – တကယ် မသိဘူးလား
မီးသွေးအစား ...
ထင်းအစား သိုလှောင်
မီးဖိုချောင်သုံးဖို့ ကုန်ကြမ်း
အရမ်း – အရမ်းကို ကောင်းမယ့်
ကရောင်း ငွေစက္ကူတွေပေါ့ရှင်' ...။

**ဇေါ်လ ...**

'ဖြုတ်ဦးနှောက်လောက် အတွေးနဲ့
မီးသွေးကိစ္စကို စာရှင်းရှုပ်
ရေးကြီးခွင်ကျယ် လုပ်နေရင်
ပင်လယ် သမုဒ္ဒရာထက် ကျယ်တဲ့
ငွေကြေး နယ်ပယ်ကို
ရွှေဈေးနဲ့ ဖလှယ်ကြပုံတွေ
ငွေကြေး သံသရာတရားကို
ရွှေဈေး ကံကြမ္မာစားနဲ့
ခပ်ပါးပါး စီရင်ပုံတွေ
ရွှေဘုံသာလမ်းရဲ့ ဂုဏ်ပုဒ်တွေ
ဖားကန့်ရဲ့ အတ္ထုပ္ပတ္တိတွေကို
မင်း, ဘယ်လိုလုပ် သိမှာလဲ
မီးဖိုချောင် အဘိဓမ္မာနဲ့
ငါ့ကို လာမရိပါနဲ့ကွာ' ...။

http://www.cherrythitsar.org



**ရှင်မ ...**

'ကျွန်မဟာ မရိတတ်ပေမယ့်
ရှင့် ကိုယ်စောင့်နတ်ကတော့
ရှင့် စိတ်ဓာတ်ကို သိမှာပါ
ငါးပိရည်တစ်ခွက်နဲ့
ကန်စွန်းရွက်ပြုတ် တရားဟာ
ဖားကန့် အတ္တုပ္ပတ္တိနဲ့
ရွှေဘုံသာလမ်း အဘိဓမ္မာထက်
ပိုပြီး ခမ်းနားတယ်ရှင့်' ...။

**ဇင်္ဂလ ...**

'ငွေအကြောင်း မင်းကို ပြောရတာ
**ဟောရင်းသာ ပျံတော်မူမည်**
**ဆန်ဖြူဖြူတစ်ခွက်မျှ**
**ထွက်နိုင်ပုံ မပေါ်ချေ** ...ဆိုတဲ့
စလေဦးပုညရဲ့ ကဗျာလိုပဲ
ဘာကိုမှ
မျှော်လင့်လို့မရတဲ့ မိန်းမ' ...။

**ရှင်မ ...**

'ဩော် ... ရှင်က
မဒမ် ဇင်္ဂလကို
မခံချင်အောင် စ, တယ်ပေါ့လေ
ဘဝ အချိုးမပြေလှတဲ့
ခနမိုးလေဝသကို
ကျွန်မက ... ရှင့်ထက်ပိုပြီး
လက်ပွန်းတတီး သိတယ်ရှင့်' ...။

http://www.cherrythitsar.org



**ဇော်လ ...**

‘ကိုင်း ...
ဒီလောက်တောင် လေပြိုနေရင်
ရွှေဆိုတာဟာ
ဘယ်လိုအရာလဲ
ကဲ ... ပြောလေ ...
**မြန်မာ့ ရွှေဈေးကွက်နဲ့**
**မြန်မာ့ ငွေကြေးအသက်ဆိုတာ**
ဘယ်လိုဟာလဲ
ကဲ ပြောလေ’ ...။

**ရှင်မ ...**

‘ဒါလေးများ အလုပ်ရှာပြီး
ပုစ္ဆာထုတ်နေရသေးလားတော်
တရုတ်တန်းမှာ
တုတ်ထမ်းပြီး ရှာစရာမလို
ဝါဝါဆိုရင် ရွှေလို့သာမှတ်ထား
**ပတ်ကား ... ချောင်လီ**
**တိတ်လီ ... ထိုင်စိန်**
**ချိန်စန်း ... ဟုန်ရှင်**
**တိုင်ပင်း ...တိုင်အုံ**
**ယုံဟုန် ... ချောင်ကျင်**
**ကျုံရှင် ... မလိခ** ...တဲ့
အားလုံးသိကြတဲ့ အတိုင်းပဲလေ
စိနဗေဒ ရွှေဆိုင်တွေဟာ
ကျွန်မနဲ့ ဆိုင်သလား
မီးသွေးဆိုင်တွေဟာ
ကျွန်မနဲ့ ဆိုင်သလား ...
ရှင်ကိုယ်တိုင် ခံစားကြည့်ပါ’။

http://www.cherrythitsar.org



**[ဓာဂ်လဟာ ...**
**ဒေသထွက်ထွက်နဲ့**
**သောက်လက်စ ဆေးလိပ်ကို**
**ပြာခွက်ထဲ ကြိတ်ခြေပစ်လိုက်တယ်]**

**[ရှင်မဟာ ...**
**အနားမှာ တစ်ညောင်ညောင်အော်နေတဲ့**
**ကြောင်ကလေး မွှေ၀ါကို**
**ဟဲ့ သေနာကောင် ...ဆိုပြီး**
**လက်နှီးစုတ်နဲ့ ပုတ်လိုက်တယ်]**
**ဓာဂ်လ ...**

'မင်းလို မိန်းမကို
ဘောဂဗေဒ တရားနဲ့
ဟောကြား နားချရတာ
ကျွဲပါးစောင်းတီးပြရသလိုပဲ' ...။

**ရှင်မ ...**

'ရှင့်လို ယောကျ်ားကို
အာဟာရ ဗေဒတရားနဲ့
နားချရတဲ့အလုပ်ဟာ
လယ်ကွင်းထဲက စာချောက်ရုပ်ကို
အသက်ဝင်အောင် လုပ်ရသလိုပဲ
ကဲ ... ထမင်းပြင်ပြီးပါပြီရှင့်' ...။

**[ဓာဂ်လနဲ့**
**ရှင်မရဲ့ စကားဝိုင်းဟာ**
**သည်နားမှာတွင် ဟဖ်တိုင်း။]**

---

**မြန်မာ့ဓနေ၊ ဧပြီလ၊ ၁၉၉၄**

http://www.cherrythitsar.org

http://www.cherrythitsar.org



## ဏ ဏာ ဏား

[မော်တော်ယာဉ်များသည် ယနေ့လူ့ဘောင်ကို မရှိမဖြစ် အရေးပါသည့် အခန်းကဏ္ဍမှ အကျိုးပြုပါဝင်နေသည်ကို မည်သူမျှ ငြင်းချက်မထုတ်နိုင်ပေ။ သို့သော် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုကို ...]

သုတပဒေသာစာစောင်

အောက်တိုဘာလ ၁၉၉၁ ခုမှ

http://www.cherrythitsar.org



**'အသားပါသလား**
**ငါးပါသလား ...'** ဆိုတဲ့
ဟိုတစ်ချိန်တုန်းက
ပထမတန်းမှာ
ပြဋ္ဌာန်းခဲ့တဲ့ ဖတ်စာကို
အရပ်တကာမှာ တကြော်ကြော်
ကလေးတွေရဲ့ အော်သံများ
**'ဒေါ်လာပါသလား ...**
**ကားပါသလား ...'** တဲ့
ကိုယ့်နားတောင် ကိုယ်မယုံ
အို ... တစ်စုံတစ်ရာတော့
လွဲမှားနေပေါ့ ရှင်မရယ်
ကား မရှိခင်က ... မြင်း
မြင်း မရှိတော့ ခြေထောက်ပေါ့
နွေမကြောက်တဲ့ ခြေထောက်တွေနဲ့
မြေအောက်နဲ့ လျှိုမြောင်
တောင်ပေါ်နဲ့ ချိုင့်ဝှမ်း
ဆူးကြမ်းနဲ့ ကန္တာအိုမှာ
ခန္ဓာကိုယ်ကို သယ်ဆောင်
ဘယ်တောင်တွေ မှောင်ကွယ်ဆီးစေတော့
တောင်ကြီးရင် ဖဝါးအောက်လေ
ကားမရောက်နိုင်တဲ့နေရာမှာ
ဝေဒနာကို ဧကစာ ကျင့်ကြမယ်
မြေတစ်လွှာ နေစရာ အခွင့်နဲ့
အဆင့်မြင့် မာစီးဒီး တစ်စီးကို

http://www.cherrythitsar.org



ညည်း ... ဘယ်လိုရွေးချယ်မလဲ
ညည်း ... ဘယ်လို ဆုံးဖြတ်မလဲ
အသည်းနှလုံးက အမြိုက်သွေးနဲ့
အလိုက်ပေးပြီး လဲမှာလား
ဖဲသမားလို ပွဲစားတွေရဲ့ စကား
နားယောင်ရင် မှားသွားမယ်
စဉ်းစားပါနော် ရှင်မရယ်
စဉ်းစားနိုင်မှ တန်ကာကျမယ်
နှစ်ဆယ်ရာစုလွန်, တစ်နေ့သားမှာ
အသိဉာဏ်ရှိတဲ့ မော်တော်ကားတွေဟာ
လူသားတွေကို နဖားကြိုးထိုးပြီး
ရန်ငြိုးနဲ့ ပြန်မောင်းကြလိမ့်မယ် ...။

♦

ရှေးဦး ပထမဆုံး
ရေနွေးငွေ့ အင်ဂျင်ကိုသုံး
ဘီးသုံးဘီးနဲ့ ကားတစ်စီးဟာ
တစ်နာရီ ခရီးကို
နှစ်မိုင်ခွဲသာသာ ရွေ့လျားခဲ့
ဒါ – လူသားတစ်ဦးရဲ့ တီထွင်မှု
**'နီကိုလတ် ကူးဂနော့ ...'** ဆိုတဲ့
ပြင်သစ်လူမျိုးတစ်ဦးရဲ့
စိတ်ကူးအသစ်အဆန်းပေါ့
၁၇၇၀ပြည့် နှစ်ဦးမှာ
စက်မှုခေတ်သစ်ကို ကူးပြောင်း
လူသားရဲ့ ခြေနှစ်ချောင်းကို
အညောင်းပြေအောင် အနားပေးမယ့်

http://www.cherrythitsar.org



ကားကလေးသေးသေးဟာ
အသွားနှေးကွေးပေမယ့်
လူသားတွေရဲ့ အားဆေးတစ်ခွက်လေ
**'အလက်ဇန်းဒိုး ... '** ဆိုသူ
အီတလီ ရူပဗေဒ ပညာရှင်
ထို တီထွင်သူ တစ်ဦးရဲ့
စူးစမ်းကြံစည်မှုတစ်မျိုး
ဘက်ထရီဓာတ်အိုးကြောင့်
နတ်တန်ခိုးအသွင် ထင်မှားကြ
ဥရောပ မြေပြင်တလွှားမှာ
ခြေကျင်သွားခဲ့တဲ့ လူတစ်စုဟာ
အခုတော့ ... ကားစီးခဲ့ကြပြီလေ
သည်လိုနဲ့ ...
ဟို ... အတိတ်ကို ငဲ့စောင်းကြည့်တော့
၁၉ – ရာစုနှစ်ဟောင်းမှာ
ဓာတ်ဆီထည့် မောင်းလို့ရတဲ့
ကမ္ဘာ့ ပထမဆုံးကားကို
ဂျာမာန် အမျိုးသား
**'ကားလ်ဘင့်ဇ်'** ... ဆိုသူက တီထွင်
မကြာခင် အချိန်မှာပဲ
**'ဂေါ့လိဗ် ဒိန်မလာ'** ... ဆိုသူက
ပိုပြီးကောင်းအောင် ကြံဆလို့
**'ဟင်နရီဖို့ဒ်'** ... ရဲ့ ပဥ္စလက်
၁၉ ရာစု တစ်ဝက်အဝင်မှာ ...

http://www.cherrythitsar.org



ဆလင်ဒါ နှစ်လုံးနဲ့
ရှေ့ဂီယာ နှစ်မျိုးကို သုံးတဲ့
ဟိုတုန်းက – ဖို့ဒ်ကားတစ်စင်းဟာလေ
မြင်းကောင်ရေ (၄) ကောင်အားနဲ့
နတ်မြင်းပျံလို မြူးကြွားပြခဲ့
သည်လိုနဲ့ တစ်စ ... တစ်စ ...
မော်တော်ကားရဲ့ သမိုင်းအစဟာ
ရိုင်းရာမှ ... ယဉ်
ခြေကျင်မှ ... ငှက်အသွင်ပေါ့
**'ဟင်နရီဖို့ဒ်'** ... ရဲ့ လက်ထက်မှာတော့
တန်ဖိုးအနဋ္ဌထိုက်တဲ့
ကမ္ဘာကျော် **'ရိုးလ်စ်ရွိုက်'** ဆိုတဲ့
လူသားတို့အကြိုက် ဇိမ်ခံကားကြီးရဲ့
ဖန်တီးရှင် တစ်ယောက်မို့
'ဟင်နရီရွိုက်' ဆိုသူဟာ
**'ဆာဘွဲ့** ...' တောင် ရသွားသတဲ့ ရှင်မရယ်
ဒီမှာတော့ မြင်ရတဲ့ အတိုင်းပဲလေ
သမိုင်းဦး လူသားတွေလို
အူယားစရာ မြင်ကွင်း
ကားတစ်စင်းရဲ့ ဦးတည်ရာဟာ
**'ရွှေပြည်သာ'**လား **'ဒဂုံ'** ... လား
ဟင်နရီရွိုက် မြင်စေသား ...။

http://www.cherrythitsar.org



ဘုရားအနီးမှာ
တရား, ပုတီးကူပြီး
ခါးသီး အပူတွေကို
တားဆီ မယူလိုပေမယ့်
အများနည်းတူ ကားစီးချင်လှတဲ့
ရှင်မ ... ဖတ်ဖို့ကဗျာ
ဟောဒီမှာ မဃဒေဝ လင်္ကာသစ်
ခေတ်ပေါ် မော်ဒန်ခံစားမှု
ဒါ လူထု ရင်ခုန်သံဖြစ်တယ်
ကာရန်, နဘေလည်း ညီတယ်
**'ထီးကိုလည်း မငမ်းနဲ့**
**တီကို, ကိုလည်း မမှန်းနဲ့**
**ထီကို ငမ်းတော့ လွဲတတ်တယ်**
**တီကို, မှန်းတော့ မွဲတတ်တယ်'** ... တဲ့
ကဲ – ဘယ်နှယ့်လဲ မှန်လေစ
သံဝေဂ ယူစရာတွေကွဲ့
ငွေမလွယ်တဲ့ အဆွေးသနစ်ကို
ကုဋေကြွယ်မယ့် သူဌေးဖြစ်ဖို့
ရှေးခေတ်ကလို မခက်ခဲပါဘူး
အထူးမင်္ဂလာစုံတွဲဆိုတဲ့
အစုစပ် ထီတစ်စောင် ထိုးရုံနဲ့
သုံးသိန်းဆုကြီးနဲ့ တိုးခဲ့ရင်
အချိုးကျ ရပိုင်ခွင့်အပြင်
မဟာ ကံထူးရှင်အတွက်
ထူးခြားချက်တွေ အစုံပါတဲ့
ဂုဏ်မဟာ ကားတစ်စင်းတဲ့လေ

http://www.cherrythitsar.org



အဲဒီ ကားအတွင်းမှာ
ကာလာတီဗွီ ပါမယ်
ကတ္တီပါ ရှမ္မိုင်းထိုင်ခုံပါမယ်
ပါဝါစုံ ဂီယာပါမယ်
အော်ရီဂျင်နယ် ကက်ဆက်ပါမယ်
သဘာဝ နေရောင်ခြည် ဝင်ပေါက်ပါမယ်
အလိုအလျောက် ဖွင့်–ပိတ် နိုင်တဲ့
နှစ်ထပ်တံခါးပေါက် ပါမယ်
အဲယားကွန်ပရက်ဆာ ပါမယ်
ရေခဲသေတ္တာနဲ့
ရေအေးဘူး, ရေနွေးဘူး ပါမယ်
အော်တို လိုက်ကာ ပါမယ်
အော်တို အဏုမြူနာရီ ပါမယ်
မျက်နှာချင်းဆိုင် ထိုင်နိုင်တဲ့
ဆုံလည် ကုလားထိုင်ပါမယ်
တိုယိုတာ တောင်းအေ့စ်
တိုယိုတာ လိုက်အေ့စ်
တကိုရိုလာ ဆလွန်း
ကိုရိုလာ ဗင်
စပရင်တာ အက်စ်အီး ... တဲ့
အခုတော့ လက်သီးကို ကျစ်ကျစ်ဆုပ်ပြီး
ကားနောက်မြီးမှာ မှီတွယ်စီး
မလွယ်တဲ့ ထိုခရီးမှာ
ဘယ်လိုနည်းနဲ့ကံစမ်းလို့
လုံထမ်းလာတာကို မြင်ရပါ့
ရှင်မကို အားနားပါတယ်...။

http://www.cherrythitsar.org



'ဆင်နှစ်ကောင်တောင်
ဖင်ထောင်ပြီး က,နိုင်တယ်' ...ဆိုတဲ့
ဟိုစပယ်ယာရဲ့ စကားကို
ယုံစားလို့ ကားထဲဝင်ဖြစ်တော့
လူစင်စစ်က
မျှစ်ချဉ်ဘဝ ရောက်ခဲ့ရပြီ
အဟောက် ... အဟမ်း
အငေါက် ... အငမ်းတွေကြောင့်
နောက်တန်းမှာ အသာကျို့နေပေမယ့်
**'ဗျို့ – ဟေ့လူ**
**ဘာလို့ အဝမှာ ရပ်နေရတာလဲ**
**အထဲမှာ မြေရှိမယ်ထင်လို့**
**မဝင်ကြတာလား ...**
**မြန်မြန်သွားချင်ရင်**
**လေယာဉ်ပျံ စင်းလုံးငှားပေါ့**
**ဒါ ပုဂ္ဂလိက ကားမဟုတ်ဖူး**
**စိတ်ကူးတွေ သိပ်ယဉ်မနေနဲ့**
**အိပ်ချင်ယောင် ဆောင်နေကြတဲ့**
**လူကြီးလူကောင်းတို့ခင်ဗျား**
**လက်တို့တောင်းရင်**
**ရှက်ဖို့ကောင်းပါတယ်**

http://www.cherrythitsar.org



**မောင်းဆရာရေ့ ... မြန်မြန်မောင်း**
**ဟိုမှာ ...ဗလာကူပွန် စတ္တူတွေ**
**ရုံးဆင်းချိန် လာနေကြပြီ**
**ခုချိန်အထိ စံချိန်မမီသေးဘူး**
**ဗျူး ... မောလိုက်တာ**
**မှတ်တိုင်ပါရင် ကြိုပြောထားနော်**
**ကျော်သွားရင်တော့ ဆောရီးပဲ**
**ဟိုရှေ့မှာ စီးရိုး, စီးရိုး, ဝမ်းဗျ**
**ခပ်ကြမ်းကြမ်း လိုက်ဖိုက်မှ ဖြစ်မယ်**
**ဟော့ နောက်က အတွယ်အတာတွေကို**
**ဘာလို့ အထဲမသွင်းတာလဲ**
**ရှေ့မှာ လှည့်ကင်းရှိတယ်**
**သမိုင်းလမ်းဆုံပါတယ် ဆရာရေ့**
**လိုက်ပွဲတွေ တစ်ပြိုကြီးနဲ့ဆင်းမယ်**
**စဉ်းနီတုံး ... စဉ်းနီတုံး'** ... ဆိုတဲ့ အသံဟာ
နားစည်ထဲမှာ ပဲ့ထင်ထန်နေဆဲ
အကန်အကျောက် ... အပေါက်အနင်း
အဆင်းအတက်တွေနဲ့
ခံတွင်းပျက်စရာ ယာဉ်အချို့ကို
'ဟင်နရီဖို့ဒ်' မြင်စေသား ...
မြို့ပြခေတ်ရဲ့ မော်တော်ကား ...
လူစင်စစ်က မျှစ်ချဉ်များ ...
က ...ကာ...ကား
က ... ကာ ... ကား။

http://www.cherrythitsar.org



**'သောမတ်စ် အက်ဒီဆင်'**
**'ဟင်နရီဖို့ဒ်'**
**'ဟာဗေးဖဲယား စတုန်း' ...**
ထို ပုဂ္ဂိုလ်သုံးဦးရဲ့ ကျေးဇူးကြောင့်
၂၀ရာစု ခေတ်ဦးက လူထုဟာ
ပူမှု အန္တရာယ်လည်း နည်းပါး
ခရီးသွားရာမှာ တွင်ကျယ်ပြီး
ယာဉ်ငယ်, ယာဉ်ကြီး အမျိုးမျိုးနဲ့
စည်းစိမ်တွေ တိုးခဲ့ကြပြီပေါ့
အမျိုးသား စီးပွားရေး ရွှေခေတ်မှာ
ဇနီးမယား ...
သမီး, သား အမွေအနှစ်တွေနဲ့
လေသစ်ကို ရှူပြီး
ကေရာဇ်လို ဇိမ်ယူနိုင်ခဲ့ပြီပေါ့
စတန်းဒတ် ရေနံကုမ္ပဏီရဲ့
ပထမဆုံး ဓာတ်ဆီအရောင်းဆိုင်ကို
အိုဟိုင်ယို ပြည်နယ်
'ကိုလံဗတ်မြို့' မှာ ဖွင့်လှစ်
၁၉၁၂ ခုနှစ်တဲ့ကွယ်
ဟို နှစ်ပေါင်း ရှစ်ဆယ်ကျော်က
မော်တော်ကားတွေရဲ့ ဘဝဟာ
တစ်စ ... တစ်စနဲ့ ထွန်းသစ်ခဲ့
သက္ကရာဇ် (၂၀၁၀) ပြည့်နှစ်
၂၁ – ရာစုခေတ် ရောက်ရင်တော့

http://www.cherrythitsar.org



တရုတ်ပြည်သစ် လူ့ဘောင်မှာ
တစ်အိမ်ထောင်ကို
ကားတစ်စီး ပိုင်ဆိုင်သွားရမယ်တဲ့
အားကျနေသလား ရှင်မရယ်
လူသားတွေရဲ့ ရုပ်ဘဝဟာ
မဟာဘုတ် လေးပါးနဲ့ ဖွဲ့စည်း
ရေ–မြေ–လေ–မီး ... ဆိုတဲ့
ဓာတ်ကြီးလေးပါး လိုအပ်သလို
ကိုယ်တို့ဆီက ဂီလာန မော်တော်ကားတွေမှာလဲ
ဆီ–ရေ–လေ–အင်ဂျင်ဝိုင် ကို
ဆိုင်တိုင်းမှာ လိုသလောက်
သောက်နိုင် သုံးနိုင်ပါမှ
ကားတွေဘဝ လှပလာမယ်
အခုတော့ ... ခဏနေဦးနော် ...
**'ရေဘူးနဲ့ ဖိနပ်မပါရင်**
**နွေအခါမှ သိမယ်'** ... ဆိုတဲ့
အဘိဓမ္မာကို နာနာရွတ်ရင်း
ကျွတ်အဖာ – တာယာအကွဲနဲ့
ဘတ်စ်ကား မည်းမည်းကြီးထဲကို
စစ်ပြီးခေတ် ရုပ်ရှင်မင်းသားစတိုင်
ဒိုင်ဗင်နဲ့ လုခုန်တက် ...
လူ့ဂုဏ်ပျက်တော့လဲ
လူ့ဘုံမှာ အရှက်ကွဲရုံက လွဲလို့
ကဲ ... ဘာဖြစ်သေးလဲ ရှင်မရယ်...။

http://www.cherrythitsar.org



မျက်မှောင်ခေတ် ကမ္ဘာတလွှားမှာ
မော်တော်ကားတွေ အများဆုံးကို
သစ်တုံးလေးတွေ ခုတ်ရောင်းသလို
စက္ကူရုပ်တွေ လုပ်ရောင်းသလို
ထုတ်လုပ် ရောင်းချနေကြတဲ့
ကမ္ဘာ့ကုမ္ပဏီအစုစုထဲမှာ
၁၀ – ခုဟာ ထင်ရှား – လူသိများတယ်
အမေရိကန် ပြည်ထောင်စု နယ်ပယ်မှာ
**ဂျင်နရယ်** ... ကုမ္ပဏီနဲ့
**ဖို့ဒ်** ...မော်တော်ကား ကုမ္ပဏီဟာ
နိုင်ငံတလွှား ပြိုင်စံရှားပေါ့
ဂျပန်နိုင်ငံမှာတော့
**နစ်ဆန်** ...ကုမ္ပဏီ
**တိုယိုတာ** ... ကုမ္ပဏီ
**မာစဒါ** ... ကုမ္ပဏီ
**ဟွန်ဒါ** ... ကုမ္ပဏီဟာ ကျော်ကြားတယ်
ဂျာမဏီ နိုင်ငံတော်မှာတော့
**ဖောက်ဝဂ်ဂွန် အော်ဒီ** ... ကုမ္ပဏီ
ပြင်သစ်ပြည်တရိုးမှာတော့
**ရေးနိုးလ်** ... ကုမ္ပဏီ
**ပါးဂျိုး** ... ကုမ္ပဏီ
အီတလီနိုင်ငံအတွက်တော့
**ဖီးယက်အော်တို** ... ကုမ္ပဏီပေါ့
မော်တော်ကား ဈေးကွက်ထဲမှာ

http://www.cherrythitsar.org



အာရှ ဒေသများရဲ့
စတုတ္ထနဂါးဖြစ်တဲ့
ကိုးရီးယား သမ္မတနိုင်ငံမှာတောင်
**ဟွန်းဒိုင်း** ... ကုမ္ပဏီ
**ဒေဝူး** ... ကုမ္ပဏီ
**ကီးယား** ... ကုမ္ပဏီတဲ့ ရှင်မရယ်
စီးပွားနယ်ပယ်ကို ချဲ့ထွင်မှု
နည်းပညာသစ်တွေ တိုးမြှင့်မှု
နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေနဲ့
ဥရောပကို ရင်ဆိုင်
အာရှ ဘဝတူနိုင်ငံတွေကတောင်
အတုယူလာရတဲ့ သူ့မူဝါဒဟာ
ဦးခေါင်းထောင်ထ လာနေပြီ
ကိုယ်တို့ဆီမှာ တော့
ဟို ... စစ်ကြိုခေတ် စတိုင်လိုပဲလေ
ဂီယာတိုင်ကို တုတ်နဲ့ထောက်
လီဗာငုတ်ကို ကြိုးနဲ့ချည်
ဆီပျောက်, မီးပျောက်
ဘရိတ်ပေါက်ချင်ပေါက်
ဘယ်သူမှ ... စိတ်မကောက်ကြပါဘူး
ဒရိုင်ဘာခန်းရဲ့ ရှေ့မှာချိတ်ထားတဲ့
စိတ်ပုတီးလေး တစ်ကုံးနဲ့
ပြုံးနေတဲ့ ...
သာမညတောင်ဆရာတော် ဓာတ်ပုံကို
ကြည်ညိုယုံကြည်စွာ အာရုံပြုရင်း
ကားပြတင်း တဝိုက်မှာရေးထားတဲ့
**'ခါးပိုက်နှိုက် သတိထား'** ဆိုတဲ့

http://www.cherrythitsar.org



သို့ကလို စာတန်းကို
ဘာမှ မထူးဆန်းသလို ကြည့်နေကြ
ကိုယ့်တို့ဆီက ဘဝအလွှာများဟာ
က ... ကာ ... ကား
က ... ကာ ... ကား ... တဲ့ ရှင်မရယ်။

♦

လူ့ဘဝရဲ့ သွားလမ်းဆိုတာ
ဟို ရှေ့က ကားတန်းရှည်ကြီးလိုပဲ
တစ်ကိုယ်တော် ...
ကျော်တက်လို့လည်း မရ
နောက်က ဟွန်းတီးနေလို့လဲ
အချည်းနှီး အပိုပဲလေ
နည်းလမ်းအမှု မပွေရအောင်
စည်းကမ်း ဥပဒေသအတိုင်း
သမိုင်းဘီးတွေ လည်ပတ်နေရင်
ဘယ်လောက် မြင့်မြတ်လိုက်မလဲ
ဘယ်လောက် ညင်သာလိုက်မလဲ
ဘယ်လောက် သိက္ခာရှိလိုက်မလဲ
အခုတော့ ... ကြည့်လေ
လူပဒေသာပင်ကြီးလို
ခရီးသည်တင်–
လိုင်းကားအိုးလေး တစ်စီးဟာ
ခရီးသည် မပါရှာတဲ့
ဇိမ်ခံ ပါဂျယ်ရီ ကားကလေးကို
ငေးကြည့်နေရှာတစ်ပါး

http://www.cherrythitsar.org



(ကိုယ်က ...)
ဘာများကော တတ်နိုင်ဦးမှာလဲ
ဘာများကော တတ်နိုင်ဦးမှာလဲ
မှတ်တိုင်မှာ ရပ်နေကြတဲ့ လူတွေ
ဘတ်စ်ကားအိုကြီးထဲမှာ
တွန်းကပ်ပြီး ...
မွန်းကျပ်နေကြတဲ့ လူတွေဟာ
ဆူပွက်နေတဲ့ ရေနွေးအိုးကြီးထဲက
ရေခိုးရေငွေ့တွေလိုပါပဲ
တစ်ကိုယ်လုံး ကျိုက်ကျိုက်ဆူလို့
တစ်ကိုယ်လုံး ...
ပြိုက်ပြိုက်ပူနေကြပြီလေ
အဲဒီကွေတာ လူသားတွေရဲ့
ဘဝ အနာများကို
ဓနရတနာ မပါးနိုင်ပေမယ့်
ဘယ ... ဘယာ မများရအောင်
အလှ သဒ္ဒါပွားပြီး
မြန်မာ့ကဗျာတရားနဲ့
ခဏ မကြာ ကြားစေလော့
'က ... ကာ ... ကား
က ... ကာ ... ကား
က ... ကာ ... ကား' တဲ့ ရှင်မရယ်။

**မြန်မာ့ဓနေ၊ မေလ၊ ၁၉၉၄**

http://www.cherrythitsar.org

http://www.cherrythitsar.org



## သတင်းကမ္ဘာ ထမင်းဆာသူ

[သတင်းစာသည်
ကမ္ဘာလောကကြီး၏ တစ်နေ့အဖို့ ရာဇဝင် ...။
သို့မဟုတ် ... ယနေ့သတင်းတစ်ပုဒ်သည်
နက်ဖြန်တွင် ရာဇဝင်မှတ်တမ်းတစ်စောင်အဖြစ်သို့
ကူးပြောင်းသွားနိုင်သည်ဟု ဆိုလျှင် ...]

'သတင်းစာများသည်
သမိုင်းကို ပြောနေကြသည်' စာအုပ်မှ
ရွှေကိုင်းသား၏ အမှာစာ (၃၀–၁၂–၆၃)

http://www.cherrythitsar.org



သတင်းစကားကို
အယွင်းယွင်းအမှားမှားနဲ့
အငြင်းငြင်း အပွားပွား (မဟုတ်ဘဲ)
အချင်းချင်း နားလည်အောင်
လှုပ်ရှားမှုနဲ့ သရုပ်ဖော်ရ
အုတ်အော်သောင်းနင်း ဖြစ်ခဲ့ရ
ရန်သူလာတဲ့ သတင်းကို သိဖို့
မီးပုံကြီးတွေ ရှို့ပြရင်း
မြို့တွင်းကို သတင်းပို့ခဲ့ရ
ရေးမြန်မာတို့ လက်ထက်မှာ
အုန်းမောင်း–ကုလားတက်ခေါက်ပြီး
အိမ်ပေါက်စေ့ အချက်ပေးတာဟာ
ရှေးခေတ် ဆက်သွယ်ရေး သတင်းစာလေ
မြင်းခွာသံ တဖြောင်းဖြောင်း
ဒေါင်းအလံ တလွှားလွှားနဲ့
မောင်းသံကြားပြီ ဆိုမှဖြင့်
ဓားရေးပြဖို့ အသင့်ပြင်ကြ
ဒီလို သင်္ကေတ သတင်းနည်းတွေနဲ့
ရင်းနှီးခဲ့တဲ့ အဖြစ်သနစ်ဟာ
သတင်းစာ မပေါ်မီ ခေတ်တုန်းကပေါ့

http://www.cherrythitsar.org



တောင်ကုန်းတွေ ... လျှိုမြောင်တွေ
သောင်ပြင်တွေ ပင်လယ်တွေ
ဘယ်လို ကွယ်ဆီးနေပါစေ
လှေကုန်သည်, လှည်းကုန်သည်
မြင်းကုန်သည်များရဲ့
စကားတစ်ဆင့်ကို နားစွင့်စူးစမ်း
သတင်းအထူးအဆန်းကို
ကုန်ကူးသန်းရင်း ဖလှယ်လို့
တစ်နယ်မှ တစ်နယ်သို့ ပို့ဆောင်ကြ
သို့ကလို လူ့အတိတ်မှာ
လူ့စိတ်ကို စေ့ဆော်တဲ့ တရားအစဉ်ဟာ
'ကြားချင်, မြင်ချင်, သိချင်မှု' ... ဆိုတဲ့
လူ့သဘာဝရဲ့ အလိုပေါ့
ဒုစာရကို တားဆီးမယ်
အနုမာနကို ပွားစီးကွယ်
နားငြီးသလား ရှင်မရယ် ...။

♦

ပုံနှိပ်စက် မရောက်မီ
၁၅၇၁ ခုနှစ်လောက်ဆီက
အီတလီပြည် ဗင်းနစ်မြို့တော်မှာ
လက်ရေးနဲ့ (တစ်လတစ်ကြိမ်) စီမံ
အစိုးရ ပြန်တမ်းလွှာ တစ်စောင်ဟာ
သတင်းစာတို့ရဲ့ ရှေ့ဆောင်တစ်ခု
၁၆၉၀ ခုနှစ် အင်္ဂလန်မှာ

http://www.cherrythitsar.org



**ဗင်ဂျမန်ဟဲရစ်** ဆိုသူ
သတင်းချစ်သူ တစ်ယောက်ဟာ
သူထုတ်ဝေတဲ့ သတင်းလွှာကနေ
ဘုရင်ကို ဝေဖန်မိလို့
ကားစင်မှာ ကြိမ်ဒဏ်ထိတာ ခံခဲ့ရတယ်
ထောင်သွင်း အကျဉ်းချခံခဲ့ရတယ်
အမှန်တရားရဲ့ နိယာမကြောင့်
သိစရာ မှန်သမျှကို ရှာကြံဖို့
၁၈ ရာစု အင်္ဂလန်နဲ့
စကော့တလန်ပြည် တစ်လျှောက်မှာ
**'ကော်ဖီဟောက်စ်'** လေးတွေ ပေါ်ပေါက်
တစ်ယောက်ပြီးတစ်ယောက် ဝင်ထိုင်
ကော်ဖီဆိုင်ရဲ့ သဘာဝဟာ
သတင်းဖြန့်ချိရေး ဌာနလိုပေါ့
လာသမျှ အချင်းချင်း
သတင်းတွေ ဖလှယ်ကြရင်း
နယ်သတင်း, မြို့သတင်း
လမ်းဘေးသတင်း, နန်းတွင်းသတင်း
ဗော့စတွန်မြို့တွင်းမှာ
ကျောက်ရောဂါဖြစ်ပွားတဲ့ သတင်း
အရာရှိကြီးတစ်ယောက်
အဆိပ်သောက်သေတဲ့ သတင်း
ကောက်ရိတ်သိမ်းပွဲ သတင်း
သတင်းခေါင်းစဉ် မလိုဘဲ
ဖရိုဖရဲ ဘဝမှ
တစ်စ, တစ်စနဲ့ အခြေခိုင်လို့

http://www.cherrythitsar.org



'စတုတ္ထမဏ္ဍိုင်' ဆိုတဲ့ နေရာမှာ
သတင်းစာဟာ ဂုဏ်ရှိခဲ့ပြီ
**'ကမ္ဘာ့စာတိုက်ရုံးမှာ**
**အညစ်ပတ်ဆုံး သတင်းစာဟာ**
**ဖိနှိပ်ချုပ်ချယ် ခံထားရရှာတဲ့**
**သတင်းစာများထက်**
**လိုလားဖွယ်ရာ ပိုကောင်းတယ်'** ... တဲ့
ခေတ်ဟောင်း သတင်းစာဆရာကြီး
**အေ–ဂျေ ကမ်းမင်း** ...ရဲ့
စဉ်းစားစရာ စကားဟာ
သတင်းစာများရဲ့ သမိုင်းမှာတော့
ခပ်ကြမ်းကြမ်း လှိုင်းတစ်ခုပေါ့
ဥပေက္ခာမပြုပါနဲ့ ရှင်မရယ် ...။

♦

ဒီနေ့ ကမ္ဘာရဲ့ မြင်ကွင်းမှာ
သတင်းစာနဲ့ ရုပ်ရှင်
ရုပ်မြင်သံကြားနဲ့ ရေဒီယို
ဂြိုဟ်တု ဆက်သွယ်ရေးနဲ့ ကြေးနန်း
အံ့မခန်း ထိုးထွက်ခဲ့ပြီ
သို့ကလို မတိုးတက်မီ
ဟို တစ်ခါက ...
လူသားရဲ့ နဂိုသဘာဝဟာ

http://www.cherrythitsar.org



**ဘာဖြစ်တာလဲ ...?**
**ဘယ်နေရာမှာလဲ ...?**
**ဘယ်တုန်းကလဲ ...?**
**ဘယ်သူတွေလဲ ...?**
**ဘယ်လိုနေလဲ ...?**
**ဘာ့ကြောင့်လဲ ...?** ဆိုတဲ့
**ဘ (၆)** လုံးကို စာရင်းကောက်လို့
သတင်းထောက်မျက်လုံး သုံးကြတယ်
သတင်းထောက်နား ပါးကြတယ်
သတင်းထောက်အတွေး မွေးကြတယ်
သတင်းထောက် ခံစားမှုနဲ့
အမှန်တရားကို ရှုခဲ့ကြတယ်
နှစ်ဆယ်ရာစုရဲ့
လူမှုခေတ်ပြိုင် သမိုင်းမှာတော့
တိုင်းပြည်ရဲ့ ပုခုံးနဲ့
တိုင်းပြည်ရဲ့ လက်ရုံးဆိုတာ
လူထုနဲ့ ဆက်ထုံး မကွာတဲ့
မျက်လုံးပမာ
သတင်းစာတွေ ဖြစ်ကြတယ်
သတင်းကမ္ဘာကို ချစ်ရမယ်
အမေရိကန် သမ္မတကြီး
**ဂျက်ဖာဆန်** ဟာ

http://www.cherrythitsar.org



**(သတင်းစာ မရှိတဲ့ အစိုးရနဲ့**
**အစိုးရမရှိတဲ့ သတင်းစာ**
**ဘယ်သင်းဘယ်ဟာကို**
**ယူမှာလဲလို့ မေးခဲ့လျှင်**
**အစိုးရ မရှိတဲ့ သတင်းစာကို**
**ရွေးမှာ အမှန်ပင် ...)** တဲ့
ဂျက်ဖာဆန်ရဲ့ အမြင်ကို
အမှတ်မထင် ဖတ်မိစဉ်မှာ
ဆံပင်တွေတောင် ထောင်ထသွားတယ်
အမြင်မတူ ခြားရုံမျှနဲ့
အကြင်သူ တစ်ပါးဂုဏ်အလှကို
အမှားပုံချကာ
သတင်းအရှာ ထွက်လျှင်တော့
သတင်းစာစက္ကူရဲ့ အသက်ဟာ
ပုလင်းအရှာထွက်သူနဲ့
စက္ကူဟောင်း ဝယ်သူများအတွက်
အားတက်စရာတွေ ဖြစ်သွားမယ်
**'ဂျေတီ–ဒီလိန်း'*** ကို အားနားတယ်
**'ဘိုးဝဇီရ'** ကို သနားတယ်။

---

* J.T Delane (၁၈၅၀– ဝန်းကျင်က၊ အင်္ဂလန်နိုင်ငံ တိုင်းသတင်းစာ အယ်ဒီတာ)

http://www.cherrythitsar.org



တရုတ်ပြည် ပီကင်းနန်းတော်မှာ
ခရစ်သက္ကရာဇ် ၆၀၀ ကျော်အခါက
ပီကင်းဂေဇက်လို့ ခေါ်တဲ့
**'တီရှောင်'** သတင်းစာဟာ
ကမ္ဘာပေါ်မှာ ရှေးအကျဆုံးနဲ့
သက်တမ်းအရှည်ဆုံးဖြစ်ခဲ့တယ်
ခရစ်သက္ကရာဇ်
၁၅၉၀ ခုနှစ်တစ်ဝိုက်
ဥရောပတိုက်ဆီမှာတော့
ဂျာမဏီရဲ့ လက်ရုံး
'ကိုလုံးမြို့'မှာ ဖန်တီး
**'မာကြူးရီးယာစ်–ဂယ်လိုဘဲလ်ဂျီကပ်စ်'** ဆိုတဲ့
ဖြစ်ရပ်စုံ သတင်းစာဟာ
ထမင်းဆာသလို
သတင်းရှာနေကြတဲ့
သတင်းကမ္ဘာကြီးအတွက်
လင်းလက်လာတဲ့ ကြယ်တစ်ပွင့်ပေါ့
ထယ်ဝင့်စွာ ရှင်သန်ခဲ့ပြီ
အင်္ဂလန်–ပြင်သစ်နဲ့
အီတလီမှာသာမက
တစ်စ, တစ်စနဲ့သာ မဆုံး
တစ်ကမ္ဘာလုံး ပြန့်နှံ့သွားခဲ့ပြီ
အောက်မြန်မာပြည်မှာ စသုံးခဲ့တဲ့
ပထမဆုံး သတင်းစာဟာ

* Mercurious - Gellobelgicus

http://www.cherrythitsar.org



ပထမ အင်္ဂလိပ်–မြန်မာ စစ်ပွဲကြီး
ရပ်စဲပြီးတဲ့နောက်
၁၈၃၆ ခုနှစ်ဆီက
**'မော်လမြိုင် ခရော်နီကယ်'** ဖြစ်တယ်
၁၈၇၁ ခုနှစ်ရောက်တော့
အောက်မြန်မာနိုင်ငံမှာ
**'မြန်မာသံတော်ဆင့်'** သတင်းစာဟာ
လူထုနဲ့ မကင်းကွာတဲ့အတွက်
လူထုဘက်က တန်ဖိုးထားခဲ့ကြတယ်
လူမျိုးခြား အစိုးရနဲ့
မူ မရိုးသားတဲ့
ကုန်သည်တွေရဲ့ လက်ထဲမှာ
အခက်အခဲတွေကို ရင်ဆိုင်ရင်း
စင်ပြိုင် သတင်းစာတွေရဲ့
တင်းမာစွာ ရန်ပွားတာကို
အမှန်တရားအတွက် ဂရုမထား
လူထု အများစုအတွက်တော့
ကျားသွေးတစ်စက် (သို့မဟုတ်)
အားဆေးတစ်ခွက်ပေါ့ ရှင်မရယ်
အခု မြင်နေရတဲ့ သတင်းစာတိုင်းမှာ
သမိုင်းဆိုတာ ပြန်ဖော်သင့်ရင်
**'မြန်မာသံတော်ဆင့်'** ရဲ့ သမိုင်းဟာ
အတိုင်းမသိ အထင်ကရပေါ့
ရှင်မ မြင်စေ ထင်စေသား
တရားသတင်း အမှားကင်းစေသား ...။

http://www.cherrythitsar.org



သတင်းစာမှာ
နဝင်း ယတြာတွေနဲ့
မကောင်းကွာစေတဲ့ အခင်းလား
မင်းတရားကြီးကို
မင်းနားနီးလိုသူတွေက
စဉ်းစားပြီး ကြောက်အားပိုတာလား
အလို ... ဟိုထောင့်နားမှာ ဘယ်သူလဲ
**'ရတနာပုံ သတင်းစာ'** အတွက်
အယ်ဒီတာ အသစ်စက်စက်
ကိုရင်ကြီးလူထွက် **'မောင်လွင်'** ခမျာ
ရှောင်တခင်မှာပဲ
(သူ့) ငယ်နာမည် အလျှင်းဆုံးခဲ့ရပြီ
မင်းတုန်းဘုရင်ရဲ့ ငယ်နာမည်ဟာလဲ
**'မောင်လွင်'** ဆိုတဲ့ အမည်သညာမို့
'ထိုအယ်ဒီတာလေး (မောင်လွင်) ဟာ
**'မောင်ထင်'** လို့ အမည်ပြောင်းခံခဲ့ရ
သည်အကြောင်းကံကို နာကျင်တော့
**(ရှာတွင် မောင်လွင်**
**မန်း–မောင်ထင်**
**ဘွဲ့တွင် ဝဇီရ ...၊**
**သုံးမည်ရပ်နိုက်၊ ခေါ်သမိုက်**
**ကျော်လှိုက်သတင်းပ ...)** တဲ့
မင်းခစားရဲ့ ကြိုးနီဘဝကြောင့်
အမျိုးအမည် ကျခဲ့ရတဲ့
**'ဘိုးဝဇီရ'** ရဲ့ အဖြစ်
ပဒေသရာဇ်ခေတ်ပေါ့ ရှင်မရယ်

http://www.cherrythitsar.org



လစာငွေ ၁၅ကျပ်မျှ
ရခဲ့တဲ့ အယ်ဒီတာပေါက်စ
မောင်ဝဇီရရဲ့ အကြောင်းဟာ
မောင်းနင်းပါးစပ် အသွယ်သွယ်မှာ
ကောင်းသတင်း အထပ်ထပ်ရယ်ကြောင့်
ဒေါင်းဒင်္ဂါး ကျပ် ၆၀ တဲ့လေ
လစာတော်ငွေ တိုးသနားတာကို
ရိုးသားစွာ တစ်ခါကြုံခဲ့
ဒါရတနာပုံ သတင်းစာခေတ်
၁၈၇၄ ခုနှစ်တုန်းကပေါ့
ကုန်းဘောင်ခေတ် ရာဇဝင်မှာ
ဘုရင်ကိုယ်တိုင် အမျက်အနာ မကပ်တဲ့
ဟို အထက်အညာအရပ်က
ပထမဆုံး မြန်မာသတင်းစာအကြောင်းဟာ
အတိတ်ဟောင်းမှာ
စိတ်ကောင်းလှလိုက်ပုံက –
**'ငါ မကောင်းလျှင် ငါ့ကိုရေး၊**
**ငါ့မိဖုရား မကောင်းလျှင် မိဖုရားကိုရေး၊**
**ငါ့သားသမီး မကောင်းလျှင် သားသမီးကိုရေး၊**
**လွှတ်တော်တရားသူကြီးတွေ**
**လွဲမှားနေလျှင် မှားသလိုရေး၊**
**မင်းတို့သတင်းစာမှာ**
**ဘာအပြစ်မှ မရှိစေရ'** … တဲ့
ဘဝရှင် မင်းတုန်းဘုရင်ကြီးရဲ့ အမိန့်
ပီတိသိမ့်သိမ့် တဖိမ့်ဖိမ့်
ရင်ထဲချိုဆိမ့် မြိန့်နေဆဲ …။

http://www.cherrythitsar.org



သည်လိုနဲ့ သတင်းကမ္ဘာဟောင်းမှာ
သတင်းစာကောင်းတို့ရဲ့ အသက်ဟာ
လူထုမျက်နှာမှ တစ်ပါး
ဘယ်သူ့ဘက်မှာမှ မနားခဲ့
တရားကို မသွေဖောက်
ငွေနဲ့ ပေါက်ချင်ပေါက်
ရွှေနဲ့ မြှောက်ချင်မြှောက်
လေနဲ့ ခြောက်ချင်ခြောက်
မကြောက်တရား မဖောက်ပြားခဲ့
၂၀ ရာစု လူသားတွေဟာ
အကြားအမြင် အထူးအဆန်းကို
နားဆင် စူးစမ်းနေပေမယ့်
ကမ္ဘာ့လူဦးရေ – သန်း ၂၀၀၀လောက်ဟာ
ကျောက်ဖျာအောက်က မြက်ပင်လေးတွေဆီ
လေညင်း မသက်ရောက်သလို
မျက်မှောက်ခေတ် သတင်းအရေးတွေနဲ့
ကင်းဝေးနေတုန်းပါပဲ တဲ့
ဟိုတစ်ခါတုန်းက လေ့လာချက်
ယူနက်စ်ကို အဖွဲ့ရဲ့ စုံစမ်းမှု
ဘယ်သူ့မှာ တာဝန်ရှိသလဲ
သိအောင် လေ့လာ
တွေ့အောင်ရှာပေါ့ ရှင်မရယ်
ဒဏ်ရာ အနာတရနဲ့
ပြာကျခဲ့ရတဲ့ အဖြစ်ဆိုး

http://www.cherrythitsar.org



၁၉၄၃ခုနှစ် တစ်ဝိုက်
မြန်မာပြည်ကို တိုက်ခိုက်ပြီး ဝင်လာတဲ့
ဒုစရိုက်မာန်ယစ် ဂျပန်ခေတ်မှာ
အမှန်သနစ်တွေနဲ့ ကင်းကွာ
သတင်းစာရဲ့ အထွတ်အမြတ်
လွတ်လပ်မှုဟာ အသက်ရှုမှားခဲ့ပေါ့
ငွေစက္ကူတွေသာ များများထုတ်ပေမယ့်
သတင်းစာ စက္ကူတွေ ရှားပါးဆုတ်လို့
သတင်းအစာမက်သူတွေ
ပါးလျား အားယုတ်ခဲ့ရပြီ
အလုပ်သဘောအရ မူတိကျတဲ့
**'သူရိယ သတင်းစာ' ...**
**'မြန်မာ့အလင်း သတင်းစာ' ...**
ဒေါက်တာ ဘမော်ရဲ့ ဘဝတစ်ရစ်
**'ဗမာ့ခေတ် သတင်းစာ' ...**
ဂျပန်စစ်တပ်က ထုတ်ဝေတဲ့
**'ဂရိတ်တား–အေရှ သတင်းစာ' ...**
သတင်းစာတွေက ခေါက်ချိုးရေးလျှင်
ဓောက်ထိုးတွေးတတ်တဲ့ စိတ်ဓာတ်ကို
အတိတ်ဇာတ်ခုံက
ပရိသတ်အစုံ သိပါတယ်
အဓိပတိကြီးရဲ့ ဦးနှောက်
ဒေါက်တာ ဘမော်လည်း သိပါတယ်
မသိချင်ယောင် ဆောင်ခဲ့တယ်
အမှောင်ခေတ်က အဖြစ်ပေါ့ကွယ်။

http://www.cherrythitsar.org



၁၉၁၄ ခုနှစ် ...
စစ်ကြိုခေတ် မြန်မာနိုင်ငံမှာ
**'မြန်မာ့အလင်း'** ... ဆိုတဲ့
သတင်းစာကြီး တစ်စောင်ဟာ
သတင်းရှာနည်းမှာ ဂုဏ်ရောင်ပြောင်ခဲ့တယ်
အမှောင်တွင်းကို
လင်းစေချင်တဲ့ စေတနာနဲ့
ဟာရိတ ဖြဟ္မာကြီးပုံ အမှတ်တံဆိပ်
ခပ်နှိပ်ထားတာ တွေ့ရမယ်
အထွေ ... အခတ်
အကွေ့ အကပ်တွေနဲ့
စေ့စပ်သေချာတဲ့ အကြောင်းရင်း
မောင်းသတင်းတစ်ပုဒ်ကို ဖတ်ပြမယ်
ရှင်မ မှတ်သားနားထောင်ကွယ်
**(ရိုမန်နစ် ဟိုတယ်အကြောင်း)**
**'မောင်းသတင်း ...ဒူ...ဟူ...ဟူ...**
**'ရိုမန်နစ်' ဟု နာမည်မှည့်သော်ငြား**
**မြန်မာအမျိုးသားပိုင်အစစ်**
**ပျော်ပွဲစားရုံ ဖြစ်ပါသဗျို့ ...ဒူ...။**
**ထိုပျော်ပွဲစားရုံသည်**
**ဟိုက်ကုတ် လွှတ်တော်ကြီး တောင်ဘက်**
**၃၆ လမ်း အနောက်ဘက်သို့**
**မျက်နှာမူက တည်ရှိပါသဗျို့ ...ဒူ...။**
**ထို ရိုမန်နစ် ဟိုတယ်ခေါ်**
**ပျော်ပွဲစားရုံသည်**

http://www.cherrythitsar.org



**ဂုဏ်သရေရှိ မြန်မာ အမျိုးသားပိုင်**
**ဖြစ်သော်လည်း …**
**ဥရောပ နည်းစံနစ်အတိုင်း**
**လုပ်ကိုင်ဆောင်ရွက်ပါသဗျို့ … ဒူ …။**
**တချို့ ဟိုတယ်ကြီးများတွင်**
**ပထမတန်း ဘားခန်းကို**
**မြန်မာအမျိုးသားတို့ မဝင်ရ**
**ဒုတိယတန်း၌သာ**
**ဝင်ရောက်ခွင့်ပြုပါသဗျို့ …ဒူ…။**
**ထို့ကြောင့် အမျိုးသားတို့အတွက်**
**နိုးကြားသော မခံလိုစိတ်ဖြင့်**
**စရိတ်များစွာ အကုန်အကျခံပြီး**
**ရိုမန်နစ် ဟိုတယ်ကြီးကို**
**ဖန်တီးဖွင့်လှစ်လိုက်ပါသဗျို့ …ဒူ…။**
**မြန်မာအမျိုးသားတို့သည်**
**ခေတ်မီ ရိုမန်နစ် ဟိုတယ်ကြီးကို**
**ကြွရောက် ချီးမြှင့်သင့်ပါသဗျို့ …ဒူ' …**
သို့ကလို သတင်းဖော်ပြခဲ့တဲ့
မြန်မာ့အလင်း …
သတင်းစာရဲ့ နေ့စွဲအစစ်ဟာ
(၂၁–၁–၁၉၃၁) ခုနှစ်တဲ့
အယ်ဒီတာ ဦးစိန်းတို့ခေတ်ပေါ့
နှစ်ပေါင်း ၆၀ကျော်က အဖြစ်
**'ရိုမန်နစ် ဟိုတယ်'** ဆိုတာ
အခု … ဘယ်လိုဟာလဲ
သိချင်လိုက်တာ ရှင်မရယ် …။

http://www.cherrythitsar.org



ရွာမယောင် မောင်းတင်ပြီး
ကောင်းကင်မှာ ဟန်တပြပြနဲ့ပေါ့
ခုလို ... ဝသန္တ ရာသီဦးမှာ
စိတ်ကူးတွေ တဖျပ်ဖျပ်လေ
အမှတ်တမဲ့ ...
ဖတ်လက်စ သတင်းဟောင်းဟာ
စဉ်းစားလို့ သိပ်ကောင်းတယ်
စာကြောင်းလေးတွေ တရိပ်ရိပ်နဲ့
ဟို အတိတ်ကို ပြန်ခေါ်သွားတယ်
**(ရွှေနန်းရှင် မင်းတရားကြီးသည်**
**... ... ... ...**
**မိဖုရား, သားတော်, ညီတော်**
**ဗိုလ်ထု ပရိသတ်နှင့်တကွ**
**ထွက်စံတော်မူပြီးလျှင်**
**လှေပွဲသဘင် ဆင်ယင်တော်မူမည် ...။**
**... ... ... ...**
**တံရှည် တံမြှား၊ ခရာ ဒုံမင်း**
**စောင်းညှင်းပတ်သာ၊ တူရိယာသံ**
**မည့်မပြင်း၊ ညင်းညင်းငြိမ့်ငြိမ့်**
**မြစ်လုံးသိမ့်မျှ**
**မင်းခမ်းမင်္ဂလာ ကြီးကျယ်စွာ**
**ကျင်းပစံစားတော်မူမည် ...)** တဲ့
သရက်မော်ဆိပ်မှာ
ဘဝင်ကျော်အောင် ဆင်ယင်မယ့်

http://www.cherrythitsar.org



ဘဝရှင် မင်းတရားကြီးရဲ့
လှေပွဲသဘင် သတင်းပါတဲ့
၁၈၇၁ ခုနှစ်
စက်တင်ဘာလ ၂၂ရက်
သောကြာနေ့ နံနက်
**'မြန်မာ့ဂေဇက် သတင်းစာ'** ပါ
သတင်းလွှာတစ်ရပ်ကို
သတင်းရှာရင်း ပြန်ဖတ်မိတော့
အိမ်း ... သတင်းကမ္ဘာမှာ
ထမင်းဆာလိုက်တာ ရှင်မရယ်
ထမင်းဆာလိုက်တာ ရှင်မရယ် ...။

## စာကိုးစာရင်း


၁။ သတင်းစာလောက (ဒေါ်ခင်မျိုးချစ်) ၁၉၅၂ ခုနှစ်၊
၂။ ဘိုးဝဇီရစာပေ (စန်းယုအောင်) ၁၉၅၃ ခုနှစ်၊
၃။ ကိုယ်တွေ့သတင်းစာပညာ (သတင်းစာဆရာကြီး ၂၅ဦး) ၁၉၆၃ ခုနှစ်၊
၄။ သတင်းစာများသည် သမိုင်းကို ပြောနေကြသည် (လူထုဦးလှ) ၁၉၆၃ ခုနှစ်၊
၅။ မြန်မာနိုင်ငံ စာနယ်ဇင်းမှတ်စု (သခ်ါ) ၁၉၉၀ ခုနှစ်၊


မြန်မာ့ဓနေ၊ ဇွန်လ၊ ၁၉၉၄

http://www.cherrythitsar.org



## ဆန်တာစီပြည်နဲ့ ပန်းချီတာစီကားအ

[ပန်းချီကားများ ပေါ်ထွက်လာရုံနှင့်မပြီး ...။ ပန်းချီအလှ ခံစားနိုင်သော ပရိသတ် ကျယ်ဝန်းလာဖို့လည်း လိုသည်။ အနုပညာနှင့် အနုပညာခံစားမှုပရိသတ်...၊
တနည်းဆိုရလျှင် ယဉ်ကျေးမှုနှင့် ပြည်သူသည် ရေမြင့်မှကြာတင့်ပေမည်။]

အလှရှာတော်ပုံစာအုပ်

(၁၉၆၇ ဇူလိုင်) မှ

ဒဂုန်တာရာ၏ အမှာစာ ...

http://www.cherrythitsar.org



ပန်းချီအနုပညာဆိုတာ
လူ့အမြင်လွှာထဲက
ရှုချင်စရာလေးတစ်ကွက်ကို
ဆေးစက်တို့လိုက်တာလား
အိပ်မက်ကို ဆေးရောင်ခြယ်တာလား
လွင့်ပြယ်သွားတဲ့ သင်္ချိုင်းရကို
ပြန်လည်ဆင်သကြည့်တာလား
အမျိုးသားရေးတန်ဖိုးကို
လေ့ကျင့်ပျိုးထောင်ပေးခြင်းလား
အလင်း, အမှောင် – အထောင်,အကွေး
အအေး, အပူ – အထူ, အပါး
သဘောတရားတွေနဲ့ ဖွဲ့စည်း
ဖန်တီးမှုသက်သက်ဝါဒလား
ဟင်္သာပြဒါးနဲ့ မဲနယ်ပြာ
မြေနီ, မြေဝါ, မြေဖြူရောင်
ဆီဆေး, ရေဆေး, မင်းရေးကလောင်နဲ့
ညှော်ခန်းဆောင် ဂုဏ်ရှိဖို့လား
မိမိအတ္တကို မိမိဖျော်ဖြေ
မှော်ကဝေ ပဉ္စလက်အတတ်လားလို့
မြင့်မြတ်တဲ့ ပန်းချီကားတစ်ချပ်နဲ့
လျှို့ဝှက်အပ်တဲ့အတွေးကို
မီးသွေးတစ်ခြင်း ... ဆန်တစ်ပြည်
ဆီတစ်ပိဿာလောက်မှ
စိတ်မဝင်စားခဲ့တဲ့ ရှင်မကို
ကိုယ်ဘယ်လို တင်ပြရမလဲ ...

http://www.cherrythitsar.org



ဟောဒါ – အလှသက်သက်ပသာဒ
ဟောဒါ – ဘဝအတွက်မာနလို့
ကိုယ် ဘာကိုရှာပြရပါ့မလဲ ...
သဘာဝတရားအစစ်ကို
တုပထားကြတဲ့
ဒုတိယ သဘာဝများဟာ
အနုမာန တရားဖြစ်တယ်ဆိုရင်
ရှင်မ ... မငြိုငြင်နဲ့ကွယ်။

♦

ကင်းဗတ်စတွေ
ပလပ်စတစ်ပိန့်တွေ
ရေဆေး, ဆီဆေးနဲ့ စုတ်တံတွေ
ရေးလက်စ ပန်းချီကားတွေကို
ဒီနား ... ဟိုနား ရွှေ့ထားနိုင်တယ်
အားလုံးကို ညည်းငွေ့ခဲ့ရင်
အမေ့ခံ ဩ့သည်အဖြစ်
ဉပက္ခာသေတ္တာလေးထဲမှာ
နှစ်ကြာဆွေးမြဲ
မဖွင့်ဘဲလဲ ထားနိုင်တယ်
ကစဉ့်ကလျား လွင့်ပါးနေကြတဲ့
ခံစားအာရုံ နိမိတ်ပုံတွေ
ရင်ခုန်စရာ မြင်ကွင်းလှွာတွေ
အာကာသဓာတ် တဖျပ်ဖျပ်တွေ
မြင့်မြတ်ပျိုနု စင်ကြယ်မှုတွေ
လူ့ဘဝကို
သမုဒယဖြစ်လာစေတဲ့
သံယောဇဉ်အသစ်လေးတွေကိုတော့

http://www.cherrythitsar.org



ညစ်ထေးတဲ့ အခန်းအိုကြီးထဲကနေ
ငေးမောပြီး မတွေးတောချင်ဘူးကွယ်
အနီးဆုံးသွေးဟာ
အဝေးဆုံးလူဖြစ်ရမယ်ဆိုရင်
စဉ်းစားကြည့်ပေါ့ ရှင်မရယ် ...
အမှန်ကိုမသိနိုင်အောင်
သံမဏိသော့ခလောက်ကြီးကို ခတ်လို့
တံခါးချက်တွေ အထပ်ထပ်ရဲ့
ဟိုမှာဘက် အခန်းလေးထဲမှာ
ကိုယ်လွမ်းဆွေးနေရမယ်ဆိုရင်
စဉ်းစားကြည့်ပေါ့ ရှင်မရယ် ...
ဘဝဟာ ပန်းချီမဟုတ်သလို
ပန်းချီဆိုတာ ဘဝမဟုတ်ဘူးလေ
ဒါပေမယ့် ကြည့်တတ်ရင် မြင်လိမ့်မယ်
စိတ်ကူးမှု အဆင်တန်ဆာတွေနဲ့
အနုပညာဆိုတဲ့ ပန်းချီမှာ
ဘဝရဲ့ အနီရောင်ချွေးစက်တွေ
ထွေးယှက်နေတတ်တယ်
မွန်းတည့်နေအောက်က
ဘဝတွေထဲမှာလဲ
အလှဂေဟောမြဲတဲ့ အိပ်မက်လို
စိန်စက်, မြစက် တလက်လက်နဲ့ကွယ်
အနုပညာ (အသက်) ကို သွေဖောက်ပြီး
နွေနေအောက်မှာ
ငွေရေသောက်ဖို့ လုပ်ကြံမိခဲ့ရင်

http://www.cherrythitsar.org



ကိုယ် ကိုင်ထားတဲ့ စုတ်တံကို
သုသာန်မှာ
မြှုပ်နှံပစ်လိုက်မယ် ရှင်မရယ်
ဝင်ဆာဆီဆေး(အဖြူ) တစ်ထောင့်ထက်
အနုပညာသစ္စာကို စောင့်သိဖို့က
ကိုယ့်ဘဝမှာ အရေးပိုကြီးပါတယ်။

♦

'ရိုးရာမှသည် ... ခေတ်သစ်ဆီသို့ ...' ဆိုတဲ့
ဗဂျီ ဦးအောင်စိုးရဲ့ ဝါဒဟာ
ကိုယ်တို့ ပဓာနပြုရမယ့်
သာဓကတစ်ခု ဖြစ်တယ်
ခေတ်ပြိုင်စာရေးဆရာအသီးသီးရဲ့
တွေးနည်း တွေးဟန် ...
ရေးနည်း ရေးဟန် (စတိုင်...)
ခေတ်ပြိုင်ကဗျာဆရာအသီးသီးရဲ့
နွဲ့နည်း နွဲ့ဟန် ...
ဖွဲ့နည်း ဖွဲ့ဟန် (စတိုင်...)
ခေတ်ပြိုင်ပန်းချီဆရာအသီးသီးရဲ့
ရဲနည်း ရဲဟန်
ဆွဲနည်း ဆွဲဟန် (စတိုင်...)
"စတိုင် ..." ဆိုတာ အငွေ့လားတဲ့
အေး–ရွှေ့လျားနေတဲ့သဘောလို့တော့
ပြောနိုင်တာပေ့ါ ရှင်မရယ်

http://www.cherrythitsar.org



ဘယ်လိုပဲ ဖြစ်ဖြစ်လေ
ခေတ်သစ်ခံစားမှု အမြင်နဲ့
ပြုလုပ်စီရင်ထားတဲ့ ကိစ္စကို
စိတ္တဇပန်းချီပျက်ရယ်လို့
ပြည်တည်တည် ပြက်တက်တက်နဲ့
ကဲ့ရဲ့သဂြိုဟ် အတင်းဆိုကြသံဟာ
မလျော်ကန်ဘူး ကိုယ်ထင်တယ်
ဂန္ထဝင်ရေးထုံးနဲ့
ရေးသုံးရိုးရာစနစ်ကို
ကျောက်ခေတ်ပန်းချီဟောင်းရယ်လို့
နှာခေါင်းရှုံ့ကြရင်တော့
ကိုယ် ...ခေါင်းငုံ့မခံချင်ဘူးကွယ်
ဦးကြာညွန့် ... ဆရာခြို
ဆရာပုံ ... ဆရာမြ
ဦးထွန်းလှ ... ဦးညိုရောင်
ဆရာဆောင် ... ဆရာအေး တို့ဟာ
ပဝေရေးသဏီခေတ်က
ရေဆေးအကြည်စနစ်ရဲ့
ဘိုးအေတွေဖြစ်ခဲ့ကြတယ်
ရှင်မရဲ့ အတွေးထဲမှာတော့
ရေဆေးမက်စရာကို မသိပေမယ့်
ငွေကြေးခက်တာတွေ ...
ရွှေဈေးတက်တာတွေ ...
ဆီဈေးပွက်တာတွေကို
တစ်ရက်တစ်ခါ သိနေမယ်
ကိစ္စမရှိဘူး ရှင်မရယ်

http://www.cherrythitsar.org



ကိုယ့်မျက်စိရှေ့မှာ မြင်နေရတဲ့
ဣတ္ထိယကိုယ်လုံးသွယ်သွယ်မှာ
မျက်လုံးကျယ်ကျယ် အစွယ်ပြူးပြူး
ကျားဦးခေါင်းပုံ နိမိတ်အသွင်တွေးပြီး
စိတ်ထင်ချက်ရေးနည်းပန်းချီကားကို
**'မီးဖိုချောင်ထဲက သမန်းကျား'** လို့
ဆန်းပြားစွာအမည်ထိုး
'ဗဂျီဦးအောင်စိုး' သာ ရှိနေရင်
နီး ... နီး ... နီး ... လို့ ငြင်းမှာလား
အင်းမလှုပ် အဲမလှုပ်နဲ့
ငုတ်တုတ်ငိုင်တိုင် ထိုင်နေမလား
ကိုယ် ... စဉ်းစားရင်း တွေးနေတယ်။

♦

'မျက်စိအေးအောင် ...
ရေဆေးအကြည်ရေးချင်တယ်' ဆိုတဲ့
ပန်းချီကားလေးတွေကို ခံစားခဲ့သူ
အခါတစ်ပါးက ...
အညာသားကဗျာဆရာတစ်ဦးရဲ့
ကြည်နူးဖွယ်ရာ ထိုကဗျာကို
ကိုယ် အခါခါ ပြန်လွမ်းနေမိတယ်
အလွှာဒြပ် နွမ်းပါလို့
အသပြာမကပ်လွမ်းပေမယ့်
ကမ္ဘာပတ်လမ်းထဲက
ဘာဝနာမြတ်စခန်းအထွေထွေမှာ
ရတနာဓာတ်အဆန်းတွေကို
အခါခါမပြတ်တမ်း ရှာဖွေခဲ့သူဟာ

http://www.cherrythitsar.org



ဟောဒီ ကမ္ဘာမြေမှာ
ကဗျာဆရာ (အစစ်) တွေ
ပန်းချီဆရာ (အစစ်) တွေသာ
ဖြစ်နိုင်မယ်ဆိုလျှင်
အပြစ်တင်ဖို့ အကွက်ချောင်းပြီး
မျက်စောင်းမထိုးပါနဲ့ ရှင်မရယ်
ကိုယ်မြင်ရတဲ့ အပြင်လှအလှတွေဟာ
သင်္ချိုင်းကို တွက်ဆမကြည့်ဘဲ
တစ်ရက်ခဏ အရှိလေးနဲ့
ရမ္မက်ခနေ အညိုအမြေးတွေ
ပွက်ထပြီထွေးနေတော့
မျက်စိအေးအောင်
ရေဆေးအကြည် ပန်းချီတစ်ချပ်ကို
အနုပညာမှော်အတတ်နဲ့
ဖျတ်ခနဲ ဖော်စပ်ပြပါ့မယ်
ဟောဒါ တောင်ပေါ်သူ ပအိုဝ်မကြီး
သစ်သီးရောင်းနေတဲ့ ပုံလေ
ရှင်မ ... ရင်ခုန်ပါစကွယ်
ထိုပအိုဝ်မရဲ့ မျက်နှာမှာ
ဒေသအမျက်မထင်
လောဘရမ္မက်စင်ပေမယ့်
သောကတစ်ကွက်တော့ ထင်နေတယ်
ရှင်မ ... မြင်ပါလေစကွယ်

http://www.cherrythitsar.org



ယခင် အခါကသာ အမြင်မစိမ်း
အခုတော့...
တမင်တိမ်းကာ နယ်လွန်ပြေးပြီပေါ့
ပုစွန်ထုပ်ကွေးကွေးကြီးရဲ့ အလှကို
အရုပ်ရေးပြီးပြပါ့မယ်
ရှင်မ ... ဝအောင်ကြည့်ထားကွယ်
(ကိုယ်ကတော့လေ ...)
သွေးကြီးမွေးကြီး အဟာရကို
ပါစက အလျှင်းမကောင်းလို့
အာလယ ခံတွင်းမတောင်းသော်လဲ
အင်းယားစောင်းကအကြော်ဆိုင်မှာ
ပျော်ပျော်ကြီးထိုင်ခဲ့ကြတဲ ဘဝ
ဟောဒီ့ ပန်းချီကားလေးထဲမှာ
ပြန်ရတော့
ဒါ ... သန္တရသပေါ့ ရှင်မရယ် ...။

http://www.cherrythitsar.org



**'ပျားရည်ဆိုတာ...**
**ဘယ်အပင်မှာစွဲစွဲ**
**ချိုမြဲမနေ့တာ**
**သူ့အရာသာမို့ဆိုသလို**
**ကျွန်တော်တို့ အနုပညာဟာလဲ**
**တစ်ဦးတည်းထဲကပဲ ထွက်ထွက်**
**အများစုကပဲ ထွက်ထွက်**
**တိုင်းပြည်အတွက်ဆိုရင်**
**ချိုမြဲမနေ့တာသာမို့' ...**
**... ... ...**
သို့ကလို ဆိုခဲ့တဲ့ စကားရယ်
**'အစစ်အမှန်တရားကို ဖော်ပြဖို့**
**အသွင်သဏ္ဍာန်ဟာ လိုပါတယ်**
**အသွင်သဏ္ဍာန်တွေကို**
**အနုပညာနဲ့ အသုံးပြုပြီး**
**ဝိမုတ္တိရသကို ဖော်ညွှန်းဖို့ဟာ**
**ကျွန်တော်ရဲ့ နောက်ဆုံးရည်ရွယ်ချက်ပဲ ...'**
အဲသလို ဖော်ကျူးချက်တွေဟာ
ဆရာပေါ်ဦးသက်ရဲ့
လေးနက်တဲ့ ဘဝအမြင်နဲ့
စင်ကြယ်တဲ့ ဘဝဒဿနတွေပေါ့
အလှပန်းချီဆေးစက်တွေကို
ဘဝနရီအတွေးကွက်အဖြစ်
လေးနက်စွာပြောင်းလဲပစ်ခဲ့သူဟာ
တကယ့်ပါရမီရှင်အစစ်
**'ပေါ်ဦးသက်'** ရယ်လို့ဖြစ်ခဲ့ပြီ

http://www.cherrythitsar.org



ကိုယ့်အမည်နဲ့
ကိုယ့်အရည်သွေး ကိုယ်ပြန်တွေးတော့
'ဂဲလ်လရီ' လေးတွေကို တွယ်မှီကာ
ဆီဆေးတောင့်တွေ ရှာရ
ရေဆေးဘူးတွေ ရှာရ
ကင်းဗတ်စတွေ ရှာရ
ဘောင်လှလှလေးတွေ ရှာရနဲ့
(တစ်ခါ ... တစ်ခါ ကျတော့လဲ ...)
မာနတွေအရည်ပျော်ပြီး
ငွေချော်ရည်ပူထဲမှာ စီးမျောခဲ့
တောကား, တောင်ကားလေး ရေးလိုက်
ကျေးလက်ရိုးရာကားလေး ဆွဲလိုက်
စားးပွဲပေါ်မှာ စီစဉ်ထားတဲ့
သက်မဲ့အရာဝတ္ထုများကို
ခံစားမှုမဲ့စွာ ခြယ်မှုန်းလိုက်
အသုံးချခံ ပေါ်ပင်အကြိုက်တွေကို
တော်ဝင်တဲ့ တရားအမြိုက်နဲ့
ဟားတိုက်ရယ်မောနိုင်တဲ့ သတ္တိ
ကိုယ့်ကိုယ်မှာ ကပ်ငြိနေဖို့
မပြတ်သတိရှိရဦးမယ်
မြင့်မြတ်တဲ့ ပန်းချီနယ်ပယ်မှာ
ဖြတ်လမ်းအလွယ်နည်းတွေ ရွေးချယ်ရင်း
ဈေးကွက်စီးပွားရေး တံစက်မြိတ်အောက်မှာ
ပန်းချီဆေးစက်တွေ
ဖိတ်ဖိတ်တောက်နေမှာ
ကိုယ်, သိပ် သိပ်ကြောက်တယ် ရှင်မရယ်...။

http://www.cherrythitsar.org



ဘဝရဲ့ အရိုတရားတွေကို
ဓမ္မနဲ့ သတိထားပြီး ကြည့်ရင်း
ကိုယ့်စိတ်ပြတင်းပေါ်မှာ
အလင်းပြောက်, အလင်းစက်လေးတွေ
တဝင်းဝင်းလက်ပါလို့
အချင်းချင်းယှက်နွယ်လာကြပေါ့
မျက်ကွယ်မပြုချင်ဘူးကွယ်
ဒါဟာ ရက်စက်မှုရဲ့ ပြယုဂ်
လူ့မနော အပုပ်အသိုးကွဲ့
မုဆိုးကြီးရဲ့ ရယ်မောဟန်
တောလိုက်ခွေးများ
အစွယ်ဖွေးဖွေးပြေးလွှားဟန်
အိုးဝေသံတွန်ကျူးတဲ့
ဟေဝန်ဦးက ဒေါင်းတစ်ကောင်ဟာ
အတောင်ပံ တဖြုန်းဖြုန်း
ဗလောင်ဆန်အောင် တဝုန်းဝုန်းလေ
ပေါင်တံမှာ ထိုးကွင်းတွေ မှုန်းထားတဲ့
မုဆိုးကြီးရဲ့ လက်ထဲက
ခက်ခဲစွာ ရုန်းကန်နေဟန်
ထို ရုပ်သဏ္ဌာန်တွေကို
နဂို အဟုတ်အမှန်အတိုင်း
အပိုမလုပ်ကြဘဲ အဖြေပေးရရင်
ရေဆေးပန်းချီလား ...
မြေဆေးပန်းချီလား ...
ကြွေဆေးပန်းချီလား ... လို့

http://www.cherrythitsar.org



ဝိုးတဝါးတွေးမနေနဲ့
ဒါဟာ သွေးဆာနေတဲ့ မုဆိုးညစ်
ပြီးတော့ အပြစ်ကင်းတဲ့ ဥဒေါင်းအလှ
လူ့ဘဝရဲ့ သရုပ်ပြပေါ့
ရှုခ္ခရသ ပန်းချီပုံလေ
ကိုယ့်ရင်တွေခုန်နေတယ် ရှင်မရယ်
ကိုယ့်အနုပညာယုံကြည်မှုကတော့
စုန်ချည် ဆန်ချည်ပြုရင်း
လူ့ဘဝသမိုင်းခရီးမှာ
လှိုင်းစီးရင်းအကြမ်းခံ
ပန်းပန်နိုင်တဲ့ ဗေဒါပေါ့
ဝီရ ရသဖြစ်စေရမယ်
စိတ်အညစ်အကြေးတွေကို ဖြတ်တောက်ပြီး
မတ်စောက်တဲ့ လှေကားတွေပေါ်
(နင်းကျော် မလွှားဘဲ ...)
တစ်ထစ်ချင်း လှမ်းတက်သွားတဲ့
ရဟန်းနှစ်ပါး ပန်းချီပုံကို
ကိုယ့်အာရုံမှာ သတိချုပ်ကြည့်တော့
ဝိမုတ္တိရသ ခံစားရတယ်
ပန်းချီကားထဲက အမှန်တရားကို
ဉာဏ်ဝင်စားပြီး လေ့လာကွယ်
တစ်နေ့ ... ရှင်မ, သိလိမ့်မယ်။

http://www.cherrythitsar.org



အနုပညာဆိုတာ
အစဉ်အလာဥခွံလေးထဲမှာချည်း
တစ်ကိုယ်တည်းနေထိုင်ပြီး
ကမ္ဘာကြီးနဲ့ အဆက်ဖြတ်ထားရင်
အသက်ဓာတ်အား စက်ရပ်သွားလိမ့်မယ်
ကမ္ဘာ့လူသားအားလုံးအတွက်
အကြီးမားဆုံး အောင်မြင်မှုတွေ
အဆိုးဝါးဆုံး ရက်စက်မှုတွေ
အဏုမြူစစ်ပွဲ အန္တရာယ်တွေ
စက်မှုသိပ္ပံ ဉာဏ်အစွမ်းတွေဟာ
အံ့မခန်းနိုင်လောက်အောင် ရိုက်ခတ်တော့
ကိုယ်တို့အနုပညာတစ်ရပ်လုံးဟာလဲ
ဆန်ကောထဲ ဆီးဖြူသီးလိုပေါ့
တစ်နည်းနည်းနဲ့ ခံခဲ့ရ
ဒီလိုနဲ့
အသီးသီး ကြံဆတတ်လာကြ
သမိုင်းဖြစ်ရပ်တွေကို အခြေခံ
သိပ္ပံပညာရပ်နဲ့ ပေါင်းစပ်
အကြောင်းရပ်တွေ စုံလင်လာတယ်
တင်ပြပုံတွေ ဆန်းပြားလာတယ်
ခံစားမှုသစ်တွေ ဖြစ်ထွန်းလာတယ်
အရောင်စုံနစ်တွေ ရဲရင့်လာတယ်
ကဲ ဒီမှာကြည့်စမ်း ရှင်မရယ်
အခုမြင်ရတဲ့ ပန်းချီကားကို
ဆီ တစ်ဆယ်သားလောက်မှ ... ရှင်မ
ထောက်ထောက်ဆဆ ရှိပါ့မလား

http://www.cherrythitsar.org



ဟင်းလင်းပြင်နောက်ခံမှာ
အလင်းအမှောင် ပြေပြေလေးနဲ့ ဖွဲ့စည်း
သင်္ကေတနည်း ဖြစ်ချင်ဖြစ်မယ်
အမှန်လွန်ဝါဒလည်း ဖြစ်နိုင်တယ်
ကာရန်မဲ့ ပန်းချီလို့လည်း ဆိုနိုင်ပါတယ်
သေချာတာတစ်ခုကတော့
ဒါဟာ ... ပန်းချီအနုပညာဖြစ်တယ်
လျှပ်စစ်မိုးကြိုးမြားတံလား
မြင်းရိုင်းနှစ်ကောင် မာန်ဖီနေပုံလား
မိုးသက်မုန်တိုင်း ကဆုန်စိုင်းလာတာလား
သေချာတာ တစ်ခုကတော့
ဒါဟာ ... စိတ်လှုပ်ရှားမှု ဖြစ်တယ်
ပန်းချီအနုပညာရဲ့ လျှို့ဝှက်ချက်ဟာ
ပန်းချီဆရာရဲ့ အဇ္ဈတ္တ အတွင်းမှာသာ
လင်းလက်နေလိမ့်မယ်
ငြင်းချက်မထုတ်ပါနဲ့ကွယ်
လေးနက်တဲ့ စိတ်ကူးနဲ့
စူးရှတဲ့ အမြင်တစ်မျိုးဟာ
ရေမရှိတဲ့ အိုးကွဲပေါ်က
သံကြိုးနဲ့ တုပ်နှောင်ခံထားရတဲ့
ဒန်ရောင်ရေခွက်လေးတစ်လုံးရယ်
အခြေခံအခွင့်အရေးတွေ ဆုံးရှုံးနေတဲ့
ခြေတစ်ဖက်ကျိုး ရေအိုးစင်လေးရယ်
ပန်ချီဆရာမြင်ပါတယ်
ရှင်မ ... မြင်အောင်ကြည့်ပါကွယ်
တစ်နေ့နေ့တော့ သိလာမယ်။

http://www.cherrythitsar.org



ပန်းချီရဲ့ ဝိညာဉ်ဆိုတာ
ဟင်လင်းပြင်သဘောတွေ
အလင်း အမှောင် အရောင်အသွေးတွေ
မျဉ်းကွေး မျဉ်းမတ် – ဒြပ်ထုတွေ
ဖွဲ့စည်းမှုအနေအထားတွေ
နည်းစနစ်အတတ်ပညာတွေ
စည်းကမ်းဥပဒေသတွေ
သဘာဝ ခံစားမှုတွေ
ဘာတစ်ခုမှ မဟုတ်ဘူး
ဒါပေမယ့် အားလုံးဟုတ်တယ်
(မဟုတ်ဘူး) နဲ့ (ဟုတ်တယ်) ဆိုတဲ့
နယ်နိမိတ်မျဉ်းနှစ်ခုကြားမှာ
အလင်းနုပါးပါးလေးတစ်ခု ရှိတယ်
ဒါဟာ ပန်းချီရဲ့ သစ္စာတရားပဲ
ခေတ်ပြိုင်ပန်းချီအနုပညာရဲ့
အသွင်သဏ္ဍာန်တွေကိုတော့
ပုဂံသွားပြီး ခံစားမလား
ဘုရားပုထိုးနံရံမှာ ရှာမလား
ဘုန်းကြီးပျံပွဲမှာ အကဲခတ်မှာလား
ကျောင်းသခ်ိန်းမှာ စူးစမ်းမှာလား
ထူးဆန်းတဲ့ ကိုယ့်အာရုံဟာ

http://www.cherrythitsar.org



အနုပညာလက်ရာစုံတဲ့
ရတနာပုံခေတ်အခါ
ဟို နှစ် ၁၀၀ ကျော်က
ကြာစွယ်ကြာရိုးတွေနဲ့
မြို့ရိုးဟောင်းကြီးဆီမှသည် ...
ပက်(ပ)စီခေတ်
လပ်ကီးစထရိုက်ခေတ် ... ဘီယာခေတ်
အာဂျီနိုမိုတိုခေတ် ...
ကာရာအိုကေခေတ် ...
ဟိုတယ် မိုတယ်ခေတ် ...
(Kiss me quick) ရယ်လို့
အချစ်ရည်ယစ်နေတဲ့
ခေတ်ပြိုင်မန္တလေး
နန်းမြို့ရိုးဘေး ရောက်သွားတယ်
ပန်းချီကား တစ်ကားဟာ
သမိုင်းရဲ့ ရွေ့လျားမှုကိုလဲ
မှတ်တမ်းပြုတတ်တယ်
အခုလောက်ဆိုရင်
ပန်းချီအနုပညာရဲ့ ဝိညာဉ်ကို
ရှင်မ ... သိမြင်ပါစေသား
ဆန်တစ်ပြည်နဲ့ ပန်းချီတစ်ကား
ရှင်မ ခွဲခြားနိုင်စေသား ...။

**မြန်မာ့ဓနု၊ ဇူလိုင်လ၊ ၁၉၉၄**

http://www.cherrythitsar.org

http://www.cherrythitsar.org



## ဩဂုတ်လမိုးကောင်းကင်အောက်မှာ

**‘ကမ္ဘာနှာအဆင့်သို့ပင် ရောက်လာပြီဖြစ်သော အချို့နိုင်ငံများ၏ပြည်တွင်းရေးပြဿနာများမှာလည်း အဖြေရှာ၍ ရသင့်ပါလျက် တစ်ဖက်နှင့်တစ်ဖက် အလျှော့မပေးစတမ်း တင်းမာနေကြသောကြောင့် ...’**

**ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)**

**နိုင်ငံတကာ စစ်မီးလျှံများ၏**

**သမိုင်းအစ ...မှ**

http://www.cherrythitsar.org



ကမ္ဘာ့သမိုင်းတစ်လျှောက်မှာ
ပဒိုင်းသီးစားထားတဲ့ လူ
မြေခွေးနှလုံးသားနဲ့ လူ
လူ့သွေးနဲ့ ယဇ်နတ်ကိုးသူ
မျိုးဆက်သစ်ကို ခြွေသူ
မျက်ကန်းတစ္ဆေမကြောက်သူ
သေမင်းခံတွင်းကို ဖန်တီးသူဟာ
ဆီးဖြူသီးငယ်အရွယ်မှ
တစ်စ ... တစ်စပိုပြီး
ရောမ ဂြိုဟ်ကြီးတစ်ခုလို
သူ့ကိုယ်သူထည်ဝါအောင်
ကြယ်တာရာတွေကို ရန်စ
အနန္တ စကြာဝဠာနဲ့
အနန္တ သတ္တဝါတို့ရဲ့
မဟာဓကေရာဇ်ဖြစ်ရန်
မာရ်နတ်ရဲ့ အကြံဉာဏ်ကိုခံယူ
စစ်ဗျူဟာတွေ ခင်းကျင်း
စစ်တလင်းပြင်မှာ မီးမွှေး
စစ်မီးပုံဘေးမှာ ကခုန်
ဉုံ ... ခံလို့လဲ မကွယ်ပျောက်
တောက်ခေါက်လို့လဲ ဖယ်မပေး
သူ့ကို ဘယ်သူမွေးခဲ့တာလဲ
သူ့ကို ဘယ်သူကျွေးခဲ့တာလဲ
ငြိမ်းချမ်းရေးမိခင်များဟာ
အကြင်နာ မေတ္တာရဲ့ ကိုယ်ပွား
အပြစ်မဲ့ သားငယ်များစွာကို
စစ်မဲ့စားမှာ မခံရစေဖို့

http://www.cherrythitsar.org



**'အို ... အချင်းစာတန်**
**ငါ့နောက်ကို အမြန်ဆုတ်လော့'** ...တဲ့
လက်ဝါးကပ်တိုင်ကို ထုတ်သူထုတ်
ဘုရားစင်ရှေ့မှာ ပုဆစ်တုပ်ပြီး
**'အဘိဓာသုတ်'** ကို ဆိုသူဆို
**'ဓာရဏာပရိတ်'** ကို ရွတ်သူရွတ်နဲ့
ကရွတ်ပူပေါ်က ပလူကောင်လို
ဘယ်သူ ပူလောင်ချင်မှာလဲ
ကဲ – အချစ်မိုးပြာအောက်မှာ
စစ်တံပိုးခရာမှုတ်သံကို
ဘယ်သူနာခံချင်မှာလဲ ရှင်မရယ်။

♦

သယံဇာတတွေ ကြွယ်ဝပေမယ့်
**'မာန်ဝါဒ'** တွေ အနယ်ထလို့
အစွယ်တမြမြ မနုဿနယ်မှာ
ဒုက္ခအသွယ်သွယ်ကို မြင်တော်မူဘိ
ဗုဒ္ဓရှင်တော် လက်ထက်ကပေါ့
'ကပိလ' နဲ့ 'ကောလိယ' ဆိုတဲ့
မဇ္ဈိမဒေသက
ရောမ မြို့ကြီးနှစ်မြို့ဟာ
သူ့ဖို့ ... ကိုယ့်ဖို့ အမှုပွေ
သူ့ရေ ... ကိုယ့်ရေ လုယက်
သူ့ဘက် ... ကိုယ့်ဘက် ငြင်းခုန်
တစ်ကြိမ်ယူရုံမျှဖြင့်
ကုန်ခန်းစရာ မရှိသော
'ရောဟိနီမြစ်' ကြီးကို အကြောင်းပြု
ခေါဘဏီစစ်နည်းနဲ့ မောင်းထုကာ

ကောင်းမှုအထွေထွေကို
တောင်းဆုမခြွေတတ်ပဲ
မကောင်းမှုအမွေတစ်ရပ်လိုသာ
ရေပြဿနာကို
အသေသတ်စရာလို အပြစ်မြင်
စစ်အသွင် ဖန်တီးကြတော့မယ်
ရောဟိနီ မြစ်ကြီးကတော့
ဘာမျှမသိရှာဘူး ရှင်မရယ်
ကပိလနဲ့ ကောလိယ စစ်သည်များ
စစ်မြင်းများ ... စစ်ဆင်များ
မြစ်ပြင်ရဲ့ နှစ်ဘက်ကျောပေါ်က
အမျက်ဒေါသထွက်နေသူများဟာ
မြားအစင်းစင်း ဓားတဝင်းဝင်းလေ
မင်းဆွေ မင်းမျိုးအပေါင်းတို့ဟာ
သွေးချောင်းစီးကြတော့မယ်
ရောဟိနီမြစ်ကြီးကတော့
လှပစွာ စီးဆင်းလျက်ပဲ ရှင်မရယ်
ထိုတဒင်္ဂ တစ်ဖြုတ်ခဏမှာ
လှုပ်လှုပ်ရွရွနဲ့
ခုတ်ကြ ထစ်ကြတော့မယ့် စစ်ပွဲကို
ဗုဒ္ဓဟာ လှစ်ခနဲ သိမြင်
စစ်မြေပြင်ကို ချဉ်းကပ်
နှစ်ဘက်စစ်တပ်ရဲ့ အလယ်မှာ
ထက်ဝယ်ဖွဲ့ခွေ
ထိုင်နေတော်မူပြီးသကာလ

http://www.cherrythitsar.org



**'အို ... မရှိမ ဆွေမျိုးတို့**
**အဖိုးမတန်သော ရေကလေးအတွက်**
**အဖိုးမဖြတ်နိုင်သော အသက်တွေကို**
**သင်တို့ ... ဖျက်ချွေကြတော့ မလို့လား' ...** တဲ့
သို့ကလို မှတ်စရာတရားကြောင့်
မြတ်စွာဘုရားကို ရှိခိုး
မင်းဆွေမင်းမျိုးတွေ စစ်ရုပ်သိမ်း
စစ်ပြေငြိမ်းခဲ့ကြပြီ
ခပ်သိမ်းသော သတ္တဝါတွေကို
ဗုဒ္ဓမြတ်စွာသာ မကယ်တင်ခဲ့လျှင်
စဉ်းစားကြည့်ပေါ့ ရှင်မရယ် ...။

♦

အတိဒုလ္လဘ
အလွန်ရခဲလှတဲ့
ဘဝပဒေသာ – လူသားကမ္ဘာကို
ဗြဟ္မာကြီးလေးပါးက မွေးဖွားတာလား
ဘုရားသခင်က ဖန်ဆင်းတာလား
ဒါဝင်ရဲ့ အယူအဆလို
လူရဲ့ မူလအစဟာ
မျောက်က ဆင်းသက်လာတာလား
ဗျာများမနေနဲ့ ရှင်မရယ်
တိကျသေချာတဲ့ တရားဟာ
သစ္စာလေးပါးကို
ပွားများရည်သန် ကြံချင် ကြံ ...
ဘဝသမ္ပတ္တိအလုပ်ကို
ကြိုးစားအားထုတ် လုပ်ချင်လုပ် ...

http://www.cherrythitsar.org



ဝိမုတ္တိရသကို
လူ့ပြည်မှာသာ ရနိုင်တယ်
ဆိုမာလီအငတ်ဘေးမှသည်
စကြဝဠာမင်း စည်းစိမ်အထိ
လူ့ပြည်မှာသာ ရှိနိုင်တယ်
ဇာတိပုည ဂုဏ်မာနတွေ ပျော်ဝင်
တော်ဝင်မိသားစု ထမင်းပွဲနဲ့
သင်းကွဲဒုက္ခသည်များရဲ့ ကံကြမ္မာ
ရဝမ်ဒါ မျိုးနွယ်စုချင်း သတ်ပွဲ
လူ့ပြည်မှာပဲ တွေ့နိုင်မယ်
စင်ကြယ်တဲ့ အလုပ်နဲ့
ယုတ်ညံ့တဲ့ အမှု (သို့မဟုတ် …)
ကုသိုလ်နဲ့ အကုသိုလ်စိတ်ဓာတ်
လူ့ပြည်မှာသာ တွယ်ကပ်နိုင်တယ်
**'မနုဿတ္တ ဒုလ္လဘ**
**ရအောင်ခဲကြမင်း …၊**
**ဇြဟ္မာ့ပြည်က အပ်ကိုချ**
**မြေက အပ်တစ်စင်း …၊**
**အပ်သွားချင်းသာ ထိဖွယ်ရာ**
**ပမာလွန်ခဲယဉ်း'** …တယ်လို့
သို့ကလို ဥပမာ တစ်ရပ်နဲ့
လူ့ကမ္ဘာကပ်မှာ အနေမြတ်စေဖို့
ကျမ်းတတ်အကျော်
**'ထွင့်ခေါင်ဆရာတော်ဘုရား'** က
ဟောကြားဆုံးမခဲ့ဖူးတယ်

http://www.cherrythitsar.org



အထူးခြားဆုံး လူ့ဘုံ
ခုံမင်ဖွယ်ရာ လူ့ဘဝ
အလှပဆုံး လူ့မြေလွှာကို
ရှုလေရာမှာ ညစ်မဲသွားအောင်
စစ်ပွဲကြီးတွေကို ဖန်တီး
စစ်မီးတွေကို စီမံခဲ့သူဟာ
နပိုလီယံ ဘိုနာပတ် လား
အော့တိုမန်အင်ပိုင်ယာရဲ့
စူလတန်ဘုရင်လား
နေမဝင်တိုင်းပြည်က
ဟီရို ဟီတို ဘုရင်လား
နာဇီပါတီဝင်
လူဒင်ဒေါ့လား
မူဆိုလိုနီ လား ... ဟစ်တလာ လား
လူသားတစ်ဦးရဲ့ အမှားပြင်ဆင်ချက်ဟာ
ကမ္ဘာ့လူသားအားလုံးအတွက်
တစ်ရက်နောက်ကျခဲ့ပြီ ရှင်မရယ်

♦

ခေတ်တစ်ထောင့်မှာ
စစ်ကြောင့်ပျက်ခဲ့ရသော တန်ဖိုး
ဆိုးရွားသော အကျိုးဆက်များအနက်
ရှင်လျက်နဲ့ ဘဝသေ
နေလျက်က ဘဝဆုံး
ရှန်းလျက်မှာ ဘဝပျောက်
ရေတစ်ပေါက်တောင် သောက်စရာမဲ့
ပေါင်မုန့်တစ်ဖဲ့မျှ ရစရာမမြင်
လူစင်စစ်က ပြိတ္တာဖြစ်ခဲ့ရပြီ

http://www.cherrythitsar.org



ဒါဝင်ရဲ့ စိတ်ကူး
'အီဖော်လူးရှင်း သီဝရီ' ဟာ
ဘယ်ဆီ, ဘယ်မှာ ပျောက်နေပြီလဲ
ဘီယာဖရာနဲ့ ဆိုမာလီ
အီသီယိုးပီးယားနဲ့ ဆူဒန်
ရဝမ်ဒါနဲ့ ဆာရာယေဗို
မိုဇမ်ဘစ်နဲ့ ဘော့စနီးယား
ထိုဒေသက လူသားများဟာ
ဘုရားသခင်ရဲ့
သနားကြင်နာမှုနဲ့ ဝေးခေါင်
ငြိမ်းချမ်းရေးနဲ့ ပေါင်မုန့်ကို လက်ဖြန့်
အသက်တဆန့်ဆန့်ရယ်ကြောင့်
အရှက်, အလန့်တွေ ကွယ်ပျောက်
ရက်စက်မှု ဥပေက္ခာအောက်မှာ
အလျားမှောက်ပြီး ခွေလဲကျသူတွေ
အကြောင်းမဲ့ သေပွဲဝင်ခဲ့ရသူတွေ
ကြေကွဲဖွယ်ရာ အဖြစ်ဆိုးတွေဟာ
တစ်နှစ်ပြီး တစ်နှစ် ဆိုးရွား
တစ်ရစ်ပြီး တစ်ရစ် တိုးပွားခဲ့ပြီ
ရိုးသားတဲ့ အမျိုးသားရေး စိတ်ဓာတ်ကို
ဘယ်သူအဆိပ်ခတ်လိုက်တယ် မသိ

http://www.cherrythitsar.org



ပဋိပက္ခတွေ ပြင်းထန်
သွေးထွက်သံယိုမှုတွေ ပေါ်ပေါက်
သမိုင်းဘီးဟာ နောက်ပြန်ဆုတ်ခဲ့ပေါ့
လူမျိုးပြုတ်အောင် ရည်ရွယ်
မျိုးနွယ်စုချင်း သတ်ဖြတ်ပြီး
အကြမ်းဖက်မှုတွေ ကြီးထွားခဲ့လို့
ဒိဋ္ဌအမှန်တရားဆိုတာ
'စိတ္တဇနာမ်စား' လားလို့တောင်
ယောင်မှားပြီး အဓိပ္ပာယ်ဖွင့်မိ
လူသားတွေကို အဆိပ်သင့်စေခဲ့တဲ့
ချူကလီးယားအန္တရာယ်ထက် ပိုဆိုး
လူမျိုးစုချင်း – ခလေ့ဘာသာချင်း
တွေ့ရာသင်္ချိုင်း ...
ဓား မဆိုင်း ဝါဒကြောင့်
အာဖရိကအလယ်ပိုင်းက
'ရဝမ်ဒါနိုင်ငံ' သမိုင်းရဲ့
အရိုင်းဆုံးဖြစ်ရပ်ဟာ
ငရဲကြီးရှစ်ထပ်ရဲ့ အောက်
နဝမမြောက် ငရဲဘုံလေ
အသည်းတုန်စရာပါ့ ရှင်မရယ်။

♦

အသက်ပေါင်း ရာ, ထောင်ကို
လက်ညှောင်းလာအောင် ခြွေပစ်ကြ
ဧကရာဇ်သရဖူကို
အမွေအနှစ် တစ်ဆူလို ယူထားဖို့
လူသားအရှင်တွေကို စတေးကြ

http://www.cherrythitsar.org



ပဝေရှေးအစကတည်းက
အမေမွေးခဲ့တဲ့ ဘဝနဲ့
ပလွေတေးနဲ့.နဲ့. ညရဲ့
လှပတဲ့ လူ့အချစ်ကို
သူ့စစ်ပွဲမှာ ယဇ်ပူဇော်ခံခဲ့ရ
ဆန္ဒမပါဘဲ အသက်စွန့်ရတာဟာ
စက္ကူတစ်ရွက်ကို –
မီးရှို့ဖျက်ဆီးပစ်တာလောက်မှ
အနှစ်ဗလာ အရာမထင်
ရာဇဝင်ရိုင်းခဲ့ပေါ့ ရှင်မရယ်
ပထမ ကမ္ဘာစစ်အဟောင်းမှာ
လူသားပေါင်း ၂၉ သန်းအထက်
သေကြေပျက်စီးခဲ့ကြတယ်
ဒုတိယ ကမ္ဘာစစ် အပြီးမှာတော့
ကမ္ဘာအရပ်ရပ် –
စစ်မျက်နှာအသီးသီးမှာ
စစ်မီးဝါးမျိုခံရသူ ...
တိုက်ပွဲမှာ ကျဆုံးသူ လူစာရင်းဟာ
ကြက်သီးမွေးညင်းထမိရဲ့
၄၁ သန်းကျော် ရှိခဲ့တယ်
ဒေသိယ စစ်ပွဲ ...
နယ်မြေအလိုက် စစ်ပွဲ ...
ရေရှည်စစ်ပွဲ ... ယာယီစစ်ပွဲ ...
ပြောက်ကျားစစ်ပွဲ ... နျူကလီးယားစစ်ပွဲ ...
စီးပွားရေး ဈေးကွက်လု စစ်ပွဲ ...
အင်ပိုင်ယာ ထူထောင်ရေး စစ်ပွဲ ...

http://www.cherrythitsar.org



ဘာသာရေးစစ်ပွဲ … လူမျိုးရေးစစ်ပွဲ …
သို့ကလို ပစ်ခွဲနေကြတဲ့
စစ်ပွဲတွေရဲ့ ရင်းမြစ်ကို
အတွင်းလှစ်ကြည့်လိုက်လျှင်
ရွှေမှန်ကင်းအစစ်က …
ထင်းဖြစ်သွားရုံမှ တစ်ပါး …
လူသားဆိုတဲ့ ဂုဏ်အလှဟာ
သူညဖြစ်သွားရုံမှ တစ်ပါး
'မနုဿတ္တ ဒုလ္လဘ' …ကို
ထုံအ – မွဲတေစေရုံမှ တစ်ပါး …
ဘာများ အမြင်ချောပါသလဲ
ရှင်မကို ပြောပြဖို့ သောကတွေနဲ့ အားပြတ်
နှစ်ဆယ်ရာစု အနားသတ်ခါနီးမှာ
အီရတ်နဲ့ တူရကီက
ကဒ် လူမျိုးစုများကို သတ်ဖြတ်မှု
ဆာ့ဗ် လူမျိုးစုများနဲ့
ဆလဗ် လူမျိုးစုများရဲ့ ကံကြမ္မာ
ကမ္ဘောဒီးယား နိုင်ငံသားချင်း
အပြတ်ရှင်းတဲ့ သတ်ကွင်းအဖုံဖုံကြောင့်
'ဝသုန္ဓရေ…' ရဲ့ မျက်ရည်
ဤ မြေစောင့်နတ်သားရဲ့ ရှိုက်သံ
တရားခံ ဘယ်သူလဲဟေ့ …။

♦

စစ်ပွဲတစ်ပွဲ ဖြစ်ခဲ့ရင်
အပြစ်မဲ့ပြည်သူတွေ ပျက်စီး

http://www.cherrythitsar.org



ကမ္ဘာကြီးမှာ အနာတရပေါ့
တစ်ခါက ... ဗီယက်နမ်စစ်
အခုတော့ ... ဖိလစ်ပိုင်ကိစ္စ
ကမ်ပူးချားမှ အာရှမီးလျှံ
အာဖဂန်နစ္စတန်ကို
ဆိုဗီယက်များ တွန်းဖယ်ခြင်း
ကိုရီးယားကျွန်းဆွယ် ပဋိပက္ခ
အာဖရိကနိုင်ငံများရဲ့
ဒေသဆိုင်ရာ စစ်ပွဲ
အသားအရောင်ခွဲခြားမှု
အနုမြူ ပြဿနာ
မဟာအင်အားကြီးတွေရဲ့ အရှုပ်
တရုတ်ပြည်ရဲ့ ပြည်တွင်းရေး
ဘယ်သူ မီးမွှေးခဲ့တာလဲ
နိုင်ငံရေးအရ –
သွေးအေးအေးနဲ့ ဆွေးနွေးဖို့ခက်ကြတော့
လူ့ အသက်ဟာ စစ်လျော်ကြေး
လူ့ အသွေးနဲ့ စစ်ပူဇော်
ဘယ်သူ စစ်မြူခေါ်ခဲ့တာလဲ
လူပေါ်စ, ကျောက်ခေတ်ဟာ
မကောက်ကျစ်ပါဘူး ရှင်မရယ်
ကျောက်ခတ် ... ကြေးခတ်
သံခေတ်ကို မသိပေမယ့်
'ဆန်ခေတ်' ...ကို
ခံစစ်နဲ့ တိုက်နေတဲ့ရှင်မ

http://www.cherrythitsar.org



ဘယ်သူ့ဆီက စစ်ကူရပါ့မလဲ
မီးဖိုချောင်ထဲက 'ဆီတိုက်ပွဲ ...
ဘယ်တော့မှ အလံမလှဲ
တစ်နေ့တော့ အောင်ပွဲခံရမယ်
အမှန်တရားဆိုတာ ...
ဉာဏ်ကစားစရာမဟုတ်
ရုပ်ဝတ္ထုတွေကို ယှဉ်ပြိုင်ခြင်းမဟုတ်
လူ့ဂုဏ်ပုဒ်ကို မြှင့်တင်ပေးပြီး
လူ့အခွင့်အရေးပေါ်မှာ အခြေခံတယ်
လေသံတင်းတင်းနဲ့
ရေနံတွင်းများရဲ့ ဧကရာဇ်
'ဆက်ဒမ်ဟူစိန်' ရဲ့ စစ်ခေါ်သံကြောင့်
ရေနံဆီမရှိလို့
ဖယောင်းတိုင်နဲ့ စာကြည့်နေရှာတဲ့
သားငယ်ရဲ့ သမာဓိဟာ
ဘယာငြိကာ တရိပ်ရိပ်လွင့်
အဆိပ်သင့်ခဲ့ပြီ ရှင်မရယ်
မမြင်ရတဲ့ ကောက်ကျစ်မှုတွေနဲ့
သူ့ကိုယ်သူ သရဖူဆောင်း
မဟာသူရဲ့ကောင်းဘွဲ့ခံယူ
ဆက်ဒမ်ဟူစိန်လို လူဟာ
သူ့ပြည်သူတွေကို လှည့်စား
အာရပ်နိုင်ငံများရဲ့ ကယ်တင်ရှင်တဲ့လေ
ယဉ်ကျေးမှု မရှိသေးတဲ့
အာဒိကပ္ပ ကျောက်ခေတ်မှာတောင်
အခုလို မကောက်ကျစ်ခဲ့ဘူးနော် ...။

http://www.cherrythitsar.org



ဟိုမှာ ကြည့်စမ်း ရှင်မရယ်
ဥရောပ မိုးကောင်းကင်
လက်တင်အမေရိက မိုးကောင်းကင်
အာဖရိက မိုးကောင်းကင်
အာရှ မိုးကောင်းကင်တစ်လျှောက်မှာ
ချောက်ချားဖွယ်ရာ အကောင်းဆုံး
ကမ္ဘာ့အိုဇုန်းလွှာတွေ ပေါက်ကွဲလို့
အဏုမြူတိမ်မဲကြီးတွေက
သရဲ တစ္ဆေ စီးသလို
ယီးလေးခိုတွဲ နေကြတယ်
စစ်လိုလားသူ လူတစ်စုဘက်က
သူ့ထက်ငါ လုယက်ပြီး
အဏုမြူလက်နက် ပြပွဲကြီးကို
ဈေးကွက်စီးပွားရေး တစ်ရပ်လို
စူပါမတ်ကတ်ထဲမှာ ခင်းကျင်းပြသဖို့
အတင်းအဓမ္မ ကြိုးစားနေကြတယ်
ကြောက်မက်ဖွယ် အိပ်မက်ဆိုးကြီးတစ်ခု
ဘယ်သူ့ဆီက လက်ဆောင်ရခဲ့သလဲ
ဘယ်သူက ရွေး – လက်ဆောင်ပေးခဲ့တာလဲ
၁၉၇၅ ခုနှစ်က အဖြစ်အပျက်
ဩဂုတ်လ ၆ ရက်နေ့က ပြစ်မှု
ဘယ်သူ့ဆီမှာ တာဝန်အရှိဆုံးလဲ
အဲဒီတုန်းက –
'ဒုံးပျံရှိမှ ထောပတ်ရမယ်' ... ဆိုတဲ့
အမေရိကန် သမ္မတ
'ထရူးမင်း' ရဲ့ ဝါဒဟာ

http://www.cherrythitsar.org



ပါပ ဂြိုဟ်သားတွေရဲ့ သနင်း
ယမမင်းကြီးအတွက်တော့
အမှတ်တရလက်ဆောင်ပေါ့ကွယ်
အတ္တအမျက် ကဗျာတစ်ပုဒ်ကို
အနတ္တလက္ခဏာသုတ်က
စုတ်သပ်ပြီး ဖတ်နေတယ်
မြင့်မြတ်တဲ့ မြေပြင်မှာ
'နေမဝင် အင်ပါယာကွ'... လို့
အာဃာတတွေ ...
ငါဝါဒတွေ ပေညစ်နေတဲ့
မဟာအာရှ ဧကရာဇ်ဟာ
'ဤစစ်ပွဲကို
ကျွန်ုပ်၏ သဘောအရ
အပြီးသတ် ရပ်စဲပစ်လိုက်သည်'... ဆိုတဲ့
ထိုကြေညာချက် မထုတ်ပြန်မီမှာပဲ
ဟီရိုရှီးမား တစ်မြို့လုံး
အဏုမြူငရဲဖုံး တစ်လုံး
ဝုန်းကနဲ ဝါးမျိုသွားခဲ့ပြီ
လူသားတစ်ဦးရဲ့ အမှားပြင်ဆင်ချက်ဟာ
ဂျပန်ပြည်သူတွေ အတွက်တော့
တစ်ရက် နောက်ကျခဲ့ပေါ့ ရှင်မရယ်
မြင်ရတဲ့ အရာအားလုံးဟာ
ဓားတုံးတုံးနဲ့ လှီးထားတဲ့
အသားတုံးကြီးပမာ
တုံးလုံးပက်လက် တိုးလိုးတွဲလောင်း
သေနေတဲ့ အလောင်းတွေစုပုံ
မြို့ပြအဆောက်အအုံတွေကတော့
မီးတောက်မီးလျှံတွေ တညီးညီး

http://www.cherrythitsar.org



သံရည်ကျိုတဲ့ ဖိုကြီးလိုပေါ့
ငိုညည်းဆူပွက် ကမ္ဘာပျက်သံများ
မျက်ဖြူလန်နေတဲ့ –
အသနားခံ မျက်နှာများ
ကြောက်လန့်တကြား ပြေးလွှားသံများ
သွေးရူးသွေးတန်း အော်ဟစ်သံများ
အသစ်တစ်ဖန် ပြန်မဖြစ်စေဖို့
'ဆန်ခေတ်' ကို ခံစစ်နဲ့ပြန်တိုက်ရင်း
အကြံအိုက်နေတဲ့ ရှင်မငဲ့ ...
ဟိုမှာ ... မြင်နေရတဲ့ တိမ်ခိုးတွေထဲက
ဩဂုတ်လရဲ့ မိုးရေစက်တွေထဲမှာ
အဏုမြူ ဓာတ်ပြာခိုးတွေ
ဆိုးရွားတဲ့ ပိုးမွှားတွေ
အငြိုးထားတဲ့ ကျိန်စာတွေ
မရိုးသားတဲ့ ကောက်ကျစ်မှုတွေ
တစ်ခုတလေ – တစ်စက်တစ်ပေါက်မျှ
လူ့မြေမှာ မသက်ရောက်စေရ
လှပတဲ့ အနုပညာနဲ့
ရခဲ့တဲ့ လူ့အစဉ်အလာကို
ဒုမင်္ဂလာ မဖြစ်စေဖို့
အချစ်တွေ ရိုးမြေမြဲရအောင်
စစ်တစ္ဆေကို ထိုးချေခွဲကြမယ်
ဟိုမှာ ...
မိုးတွေသဲမဲရွာနေတယ်နော် ...။

မောင်ခိုင်မာ

**မြန်မာ့ဓနု၊ ဩဂုတ်လ၊ ၁၉၉၄**

http://www.cherrythitsar.org





(ဖလ—)
"ပြတ်ဦးနှောက်လောက်ဆေးတွေနဲ့
ဦးဆွေးကိုဖွက်တချုပ်ချုပ်
ခြေကြီးခွင်ကျယ် လှုပ်နေရင်
ပင်လယ်သမုဒ္ဒရာအကျယ်တဲ့ ငွေကြေးနယ်ပယ်ကို
ရွှေရေးနဲ့ ပလုပ်ကြိုးတွေ
ငွေကြေးသံသရာတရားကို
ရွှေတွေ တံကြိုးခတ်နဲ့
ခပ်ပါးပါး — ဗီရုန်ပုံတွေ
ရွှေတုံ့သောလမ်းရဲ့အစွန်းပိုင်တွေကို
မင်းဘယ်လိုလုပ် သိမှာလဲ —။

(ရှင်မ—)
"ကျွန်မတော့ မသိတတ်ပေမယ့်
ရှင်ကိုယ်စောင့်နတ်ကတော့
ရှင့်စိတ်ဓာတ်ကို သိမှာပါ
ဓိဋ္ဌိတ်ညွှန်ကြားချက်နဲ့ ကန့်ကွက်ချက်ပြတ်တရားမှာ
သာကန့်အစွန်းပိုင်နဲ့
ရွှေတုံ့သောလမ်းအတိခွင်ထက်
ပိုပြီး ခမ်းနားတယ်ရှင့်" —။



http://www.cherrythitsar.org





(ဖုန်လ...)

"ပြတ်ဦးနှောက်လေးလက်အတွေ့နဲ့
ဝီသေ့လက်ရွက်တရုပ်ချွဲ
ချေကြီးမွှင်ကျယ် လှပ်နေရင်
ပင်လယ်သမုဒ္ဒရာအကျယ်ကြီးတဲ့ ငွေကြေးနယ်ပယ်ကို
ရွှေခေးနဲ့ပလုပ်ကြွဲ့တွေ
ငွေကြေးသိသရာတရားကို
ရွှေတူ ကျွဲကြီးမှာတနဲ့
ဆင်ဝံပါး ... ဝိရုဒ်ပုံတွေ
ရွှေဘုံသာလမ်းရဲ့အတ္တုပ္ပတ္တိတွေကို
မင်း ဘယ်လိုလုပ် သိမှာလဲ ......။

(ရှင်မ...)

"ကျွန်မဟာ မဒိုတတ်ပေမယ့်
ရှင်းကိုယ်စောင့်နတ်ကတော့
ရှင့်စိတ်တေတ်ကို သိမှာပဲ
ထိမိရည်တစ်ခွက်ရဲ့ ကန့်ခွန်ရှောက်ပြုတ်တရားဟာ
ဘာကန့်အတ္တုပ္ပတ္တိနဲ့
ရွှေဘုံသာလမ်းအဘိဓမ္မာထက်
ပိုပြီး ခမ်းနားတယ်ရှင်" ......။

